ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ သောကြာနေ့၊ (28-11-2014) (၈၀၃၈)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ရီတေးနီးယားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပို့

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သော မော်ရီတေးနီးယားအစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် အူးလ် အဗ္ဗဒဲလ် အဇစ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

# နော်ဝေနိုင်ငံ ပဋ္ဌမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရား မြန်မာနိုင်ငံသို့ လာရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ နော်ဝေနိုင်ငံ ပဋ္ဌမမြောက် ဟာရယ် ဘုရင်နှင့် မိဖုရား ဆွန်ယာ ခေါင်းဆောင်သော ကိုယ်စား လှယ်အဖွဲ့သည် မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့ တရားဝင်ခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပို့ဆောင်ရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသတွင်းဖွံ့ဖြိုးမှုကွာဟချက်ကို လျော့နည်းစေမည့်အပြင် အာဆီယံပေါင်းစည်းမှုကို အထောက်အကူပြုမည်

မန္တလေး နိုဝင်ဘာ ၂၇

**အကြိမ်(၂၀)မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် မန္တလေးမြို့ ရွှေပြည်သာဟိုတယ် သာရတနာခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ (အောက်ပုံ)**




အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း အောင်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အာဆီယံနိုင်ငံ များမှ ပို့ဆောင်ရေးဝန်ကြီးများ၊ ဆွေးနွေးဖက်နိုင်ငံ များဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ ပို့ဆောင်ရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများမှ ပို့ဆောင်ရေး ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း က အမှာစကားပြောကြားရာ၌ ၂၀၂၀ ခုနှစ် အာဆီယံ ရည်မှန်းချက်နှင့်အညီ အာဆီယံအသိုက်အဝန်းသည် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှုစသော မဏ္ဍိုင်သုံးရပ်အပေါ် အခြေခံထားကြောင်း၊ မဏ္ဍိုင်သုံးခုထဲမှ တစ်ခုချင်းသည် ချိတ်ဆက်မှုလိုအပ်ကြောင်း၊ ထို့ကြောင့် ချိတ်ဆက်မှုသည် ၂၀၁၅ အလွန် အာဆီယံရည်မှန်းချက် အထမြောက်

**စာမျက်နှာ ၈ ကော်လံ ၁ သို့✳**

# ပြည်ပဝယ်လိုအားရှိ "ဝ"ဥများ ချင်းပြည်နယ်၌ စိုက်ပျိုးဖြစ်ထွန်းနိုင်

**မင်းတပ် နိုဝင်ဘာ ၂၇**

ပြည်တွင်းစားသုံးမှုနှင့် အသုံးပြုမှုမရှိသော်လည်း ပြည်ပဝယ်လိုအားရှိသော 'ဝ'ဥများ ချင်းပြည်နယ်ဒေသ အများစု၌ စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း သိရသည်။

ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံတို့မှ ဝယ်လက်များရှိသော 'ဝ'ဥအခြောက်မှုန့်ကို ချင်းပြည်နယ် မင်းတပ်မြို့နယ် အတွင်း ကျေးရွာများမှ ကုန်ကြမ်းဝယ်ယူ၍ အမှုန့်ပြုလုပ် တင်ပို့ကြောင်း သိရသည်။ 'ဝ'ဥက အဖြူ၊ အနီ၊ အဝါမျိုးတွေ ရှိတယ်။ အနီက အကောင်းဆုံး လို့ဆိုပါတယ်။ သုံးနှစ်သား မှာဥတဲ့

**စာမျက်နှာ ၄ ကော်လံ ၆ သို့✳**



# အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံရေးအရ အဖြေရှာသည့်နေရာတွင် အားလုံးပါဝင်နိုင်မှုသည် အရေးကြီး

*ရန်ကုန် သတင်းအဖွဲ့*

မြန်မာ့ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းရေးတွင် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးသည် မဖြစ်မနေ လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် သမ္မတကြီး ဦးသိန်းစိန်သည် ၎င်းတာဝန်ယူသည့်အချိန်မှစ၍ အားလုံးပါဝင်နိုင်သော နိုင်ငံရေးဖြစ်စဉ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းခဲ့သည်။ ထိုသို့ ကြိုးပမ်း မှုကြောင့် ၂၀၁၀ ရွေးကောက်ပွဲတွင် တစ်ချိန်က ပါဝင်ခဲ့ခြင်းမရှိသည့် နိုင်ငံရေးပါတီများ မှာ လွှတ်တော်အတွင်း ရောက်ရှိလာသည်။ ယခင်အစိုးရလက်ထက်က နိုင်ငံတော် တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းနိုင်ရန် အကျဉ်းချခံနေရသူများလည်း ပြန်လည် လွတ်မြောက်လာကာ နိုင်ငံရေးနယ်ပယ်တွင် ပုံစံအမျိုးမျိုးဖြင့် ပါဝင်လာနိုင်ခဲ့သည်။ ထို့ကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံရေးအရ အဖြေရှာသည့် နေရာမှာ အားလုံးပါဝင်နိုင်မှုသည် အရေးကြီးသည်ကို တွေ့ရမည် ဖြစ်သည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ ရက် နေပြည်တော်တွေ့ဆုံမှုတွင် အမျိုးသား အင်အားစုများ ပါဝင်ကာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာကြသည့်အခါ အင်စတီ ကျူးရှင်းများကို အခြေခံသည့် ချဉ်းကပ်ပုံဖြင့် အမျိုးသားနိုင်ငံရေးအင်အားစု (၅)စုမှ ပုဂ္ဂိုလ်များဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုဆောင်ရွက်ချက်ကို ပြည်တွင်း ပြည်ပကလည်း ကြိုဆိုခဲ့ကြသည်။ သို့သော် တစ်ဖက်ကလည်း အရေးကြီးသည့်ပုဂ္ဂိုလ်အနည်းစုဖြင့်သာ ဆွေးနွေးသင့်သည်ဆိုသည့် အယူအဆရှိသူတွေလည်းရှိနေဆဲဖြစ်သည်။ သို့ဖြစ်၍ ယမန် နေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် အစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြ သူများ၏ သဘောထားအမြင်များကို ကောက်နုတ်စုစည်းဖော်ပြလိုက်ပါသည်။

**ဦးရဲထွန်း**
**ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန**

ဒီကနေ့ တွေ့ဆုံမှုက သမ္မတကြီးနဲ့ နိုင်ငံရေးပါတီတွေ ရဲ့ တတိယအကြိမ်တွေ့ဆုံမှုပါ။ နိုင်ငံရေးပါတီတွေ ဒီနေ့လာတက်တာ ၆၇ ပါတီဖြစ်ပါတယ်။ ဒီပါတီတွေထဲမှာ လွှတ်တော် ထဲကို မရောက်သေးတဲ့ ပါတီတွေရှိပါတယ်။ ခုမှ ဖွဲ့စည်းစနိုင်ငံရေးပါတီတွေအနေနဲ့ စဉ်းစားနိုင်အောင်လို့ ပြောတာဖြစ်ပါတယ်။ တိုင်းရင်းသားတွေ ပြန်ဆွေးနွေးတဲ့အခါမှာ ငြိမ်းချမ်းရေးကိစ္စကို အများကြီးဆွေးနွေးတယ်။ ဒေသဖွံ့ဖြိုးရေးကိစ္စ၊ **လွှတ်တော်က ပြောထားတဲ့ ခြောက်ပွင့်ဆိုင်နဲ့ ပတ်သက်လို့ တိုင်းရင်းသားကိုယ်စားလှယ် တစ်ဦး တည်းပါတဲ့ကိစ္စကို သူတို့လည်း သိပ်ပြီးဘဝင်မကျဘူးလို့ ပြောရမှာပေါ့။ တိုင်းရင်းသား တွေအနေနဲ့လည်း များများပါသင့်တယ်ဆိုတဲ့ အယူအဆမျိုးတွေ ဆွေးနွေးတာရှိပါတယ်။**

**စာမျက်နှာ ၄ ကော်လံ ၁ သို့○**



**ကြေးမုံ စာတည်းရှုထောင့်** **၂၈-၁၁-၂၀၁၄၊ သောကြာနေ့**

# လုံခြုံရေးသတိအမြဲရှိရမည်

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး မျက်နှာစုံညီအစည်းအဝေးများနှင့် အာရှ-ပစိဖိတ်နိုင်ငံများ အပါအဝင် ဆက်စပ်ထိပ်သီးအစည်းအဝေးများကို နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် သမိုင်းဝင်ခန့်ညားအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် မြန်မာပြည်သူ ပြည်သားများနှင့်အတူ အဖွဲ့အစည်းအသီးသီးက အထူးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ခဲ့ကြသည်။

မြန်မာ့မြေပေါ်တွင် အာဆီယံနိုင်ငံများသာမက ကမ္ဘာ့ထိပ်သီးနိုင်ငံများနှင့် အစည်းအဝေးပေါင်းများစွာ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်မှာ အမှန်ပင် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်၏။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စင်မြင့်၏ မီးမောင်းအောက်တွင် အသွင်တင့်စွာရပ်တည်နိုင်ခွင့် ပြန်လည်ရှင်သန်ခဲ့ခြင်းလည်း ဖြစ်သည်။

စင်စစ်အာဆီယံနိုင်ငံများအပြင် အမေရိကန်သမ္မတအိုဘားမား၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ ရုရှားဝန်ကြီးချုပ် မက်ဗီဒက်ဗ် စသည့်ကမ္ဘာ့ထိပ်သီးနိုင်ငံများ၏ ခေါင်းဆောင်ကြီးများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ADB စသည့် အကြီးအကဲများကိုယ်တိုင် ပါဝင်ဆွေးနွေးအကြံပြုနိုင်ခဲ့ရာ သမိုင်းဝင်မှတ်တမ်းများအဖြစ် ကျန်ရစ်ခဲ့လေသည်။

အာဆီယံနိုင်ငံများ၏ သရုပ်သကန်ကို (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲနေ့ မြင်ကွင်းက ခိုင်မာသော ပြယုဂ်ဖြစ်ခဲ့၏။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်သံကောင်းဖြင့် မဖြစ်နိုင်။ အာဆီယံအလှဖြစ်သည့် လူမျိုးစုံ၊ အသွေးစုံ အရောင်စုံတို့၏ ညီညာတက်ကြွသော သရုပ်ဖော်တေးသံက ခန်းမတစ်ခုလုံး လွှမ်းခြုံထားနိုင်ခဲ့သည်။

အာဆီယံနိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယဉ်ကျေးမှု၊ ဘာသာအယူဝါဒ၊ အသွေးအရောင်အားဖြင့် တူညီကြသည် မဟုတ်ပါ။ တစ်မျိုးမဟုတ်တစ်မျိုးကွဲပြားခြားနားနေကြပါသည်။ သို့သော် အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် တူညီသောစိတ်သဘောထား ခံယူချက်များဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ မတူညီ ကွဲပြားခြားနားမှုမှသည် အပေါင်းအစုအင်အားဖြင့် အောင်မြင်မှုကို ရယူနိုင်ကြမည်ဖြစ်သည်။

လောကတွင် မတူကွဲပြားခြားနားမှုရှိသည်ကို နားလည်လက်ခံကြရမည်သာဖြစ်သည်။ မြစ်ချောင်းအပေါင်းတို့သည် မည်သို့ပင်အရပ်ဒေသကွဲပြားစွာစီးဆင်းလာစေကာမူ အရောင်အသွေးအားဖြင့်လည်း ကွဲပြားနေစေကာမူ နောက်ဆုံးစီးဝင်ရာ ပင်လယ်ပြင်တွင် တစ်သွေးတစ်ရောင်တည်း ဖြစ်ကာ မဟာသမုဒ္ဒရာကြီးအဖြစ် ကြီးမားကျယ်ပြန့်သွားလေသည်။ အာဆီယံနိုင်ငံများသည်လည်း မည်သို့ပင်ကွဲပြားနေစေကာမူ တူညီသောအာဆီယံစိတ်ဓာတ်ဖြင့် အခက်အခဲမှန်သမျှ ကျော်ဖြတ်နိုင်မည်သာဖြစ်သည်။

ယနေ့ကမ္ဘာတွင် အကြမ်းဖက်ဝါဒ တဖြည်းဖြည်းခေါင်းထောင်လာသည်ကိုတွေ့ရ၏။ ဩစတြေးလျနိုင်ငံစီးပွားရေးနှင့် ငြိမ်းချမ်းရေးဌာနက ထုတ်ဝေခဲ့သည့် အစီရင်ခံစာတွင် နိုင်ဂျီးရီးယား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အီရတ်နှင့် ဆီးရီးယားတို့တွင် အကြမ်းဖက်ဝါဒဖြစ်ပေါ်မှု ၈၂ ရာခိုင်နှုန်းရှိသည်။ ထို့ပြင် အာရှတိုက်မှ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထူးခြားစွာပေါ်ပေါက်လာနိုင်သည်ဟု ဖော်ပြထားသည်။

အကြမ်းဖက်အန္တရာယ်ရှိသည့် ၁၃ နိုင်ငံတွင် အာရှတိုက်မှ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာတို့နှင့်အတူ မြန်မာနိုင်ငံပါဝင်နေမှုကိုလည်း မကြာမီက ထုတ်ပြန်ခဲ့သည့် အကြမ်းဖက်ဝါဒအညွှန်းတွင် ဖော်ပြထားကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံလုံခြုံရေးအတွက် နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)အပါအဝင် အိမ်နီးနားချင်းနိုင်ငံများနှင့်လည်း ပူးပေါင်းကာ ကြိုတင်ကာကွယ်ထားသည်။ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများတွင်လည်း လုံခြုံရေးတင်းကျပ်စွာဖြင့် အစီအစဉ်ကျကျ စီမံဆောင်ရွက်နိုင်သည်ကိုတွေ့ရသည်။

သို့သော် လုံခြုံရေးသတိအမြဲရှိရမည်ဖြစ်သည်။ နိုင်ငံ၏လုံခြုံရေးသည် နိုင်ငံသားတစ်ဦးချင်းစီတွင်လည်း တာဝန်ရှိပါသည်။ နိုင်ငံသားတိုင်းက နိုင်ငံ၏လုံခြုံရေးကို ထည့်သွင်းစဉ်းစားရာတွင် တစ်ဦးတစ်ယောက်ချင်း ပိုင်းခြားသိမြင် နေ၍မရပါ။ ထို့အတူ တစ်ဦးတစ်ယောက်စီဖြင့်လည်း ခွဲခြားဆက်ဆံနေ၍မရပါ။ မတူကွဲပြားမှုကို လက်ခံကာ ယင်းကွဲပြားမှုမှရရှိသည့် စုစည်းညီညွတ်မှုအားသည်သာ အဓိကဖြစ်ပေရာ နိုင်ငံသားတိုင်းက အာဆီယံစိတ်ဓာတ်ရှိနေကြလျှင် မည်သည့်အန္တရာယ်ကိုမဆို တွန်းလှန်ဖြိုဖျက်နိုင်မည်သာဖြစ်သည်။ ။

# အကြိမ်(၂၀)မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး ပထမနေ့ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၇**

အကြိမ် (၂၀) မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၁ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံအသီးသီးမှ ပို့ဆောင်ရေးဝန်ကြီးများ၊ (၃၈)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို တက်ရောက်ခဲ့ကြသည့် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် (၁၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကို ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ခဲ့သော လာအိုနိုင်ငံ ပို့ဆောင်ရေးဌာနဝန်ကြီး H.E. Dr.Bounchanh Sinthavong ကအဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ဆက်လက်ကျင်းပမည့် အစည်းအဝေးအတွက် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အားရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Lio Tiong Lai အားလည်းကောင်း ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် အကြိမ် (၂၀)မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးအတွက် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ (၂၄)ကြိမ်နှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် အခြားဆက်စပ်ထိပ်သီးအစည်းအဝေးတို့မှ ရလဒ်များနှင့် ဆက်လက်ဆောင်ရွက်အကောင်အထည်ဖော်ရမည့်အချက်များကို ဆွေးနွေးကြသည်။

အစည်းအဝေးတွင် (၃၇)ကြိမ်နှင့်(၃၈)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ခဲ့သည့် အကြောင်းအရာနှင့် လုပ်ငန်းစဉ် အစီရင်ခံစာများကို ပြန်လည်လေ့လာသုံးသပ်ဆွေးနွေး အတည်ပြုခဲ့ကြသည်။

ဆက်လက်ပြီး (၆)ကြိမ်မြောက် အာဆီယံနိုင်ငံအချင်းချင်း တစ်ဆင့်ဖြတ်သန်းပို့ဆောင်ရေးဆိုင်ရာ ညှိနှိုင်းရေးဘုတ်အဖွဲ့ အစီရင်ခံစာကို ပြန်လည်သုံးသပ်အတည်ပြုခြင်း၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများနှင့် ဆောင်ရွက်မည့် ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးများဖြစ်ကြသော (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတို့အတွက် ကြိုတင်ညှိနှိုင်းပြင်ဆင်မှုလုပ်ငန်းတို့ကို ဆွေးနွေးဆောင်ရွက်ကြသည်။

ထို့နောက် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့်(၂၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံမှ အစည်းအဝေးကျင်းပမည့် နေ့ရက်နှင့်နေရာများကို အတည်ပြုဆွေးနွေးပြီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၉၄၀၀ | - | ၆၆၀၄၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၉၁၀၀ | - | ၆၆၀၁၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |


**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၃၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၈၈.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၇.၇၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၁.၄၃၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၈.၀၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆.၆၈၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၇၆.၀၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃.၅၀၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၁.၆၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၉၃.၅၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




ရွှေဆောင်(၁)၊ Top Royal၊ မင်္ဂလာစံပြ၊
မန္တလေး မင်္ဂလာဒိုင်းမွန်း၊ အောင်သီရိ(လားရှိုး)
စိတ်ချောက်ချားဖွယ်ကောင်းသော ဝိဉာဉ်ဇာတ်ကားသစ်ကြီး




နေပြည်တော်(၁) ဖုန်း - 251277 251288
မင်္ဂလာ စံပြ ဖုန်း - ၀၉၇၇၃၁၇၆၀၀၀ ၀၉၇၇၃၁၇၆၁၁၁ ၀၉၇၇၃၁၇၆၂၂၂
မင်္ဂလာဒိုင်းမွန်း
၂၁ . ၁၁ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြမည်




နေပြည်တော်(၂) ဖုန်း - 251277 251288
မင်္ဂလာ (၂)
မင်္ဂလာဒိုင်းမွန်း



# နှစ်နိုင်ငံနှင့် ဒေသတွင်းတရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားလွှတ်တော်ချုပ် တရားသူကြီး မစ္စတာဇန်းဂျီရုနန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုတရားသူကြီးချုပ်က နှစ်နိုင်ငံဥပဒေနှင့် တရားရေးရာကိစ္စများတွင် ယခင်ကပင် ကောင်းမွန်သော ဆက်ဆံမှုများရှိခဲ့ပါကြောင်း၊ နန်နင်းမြို့တွင် ကျင်းပခဲ့သည့် ၂၀၁၄ ခုနှစ် China - ASEAN Justice Forum တွင် ထုတ်ပြန်ခဲ့သည့် Nanning Statement သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား တရားစီရင်ရေးကဏ္ဍတွင် မဟာဗျူဟာကျသော ဆက်စပ်ဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေသည့် ကြေညာချက်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေး ရည်မှန်းချက်များနှင့်အညီ "လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန် တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်" ရည်ရွယ်၍ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ခုနှစ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်းနိုင်ငံများတွင် ကျင့်သုံးသည့် ဥပဒေစနစ်များ မတူကွဲပြားသော်လည်း တရားစီရင်ရေးရာစီမံခန့်ခွဲမှုများ တိုးတက်ဖြစ်ထွန်းရန်မှာ တရားစီရင်ရေး အဖွဲ့အစည်းအားလုံး၏ တူညီသောရည်မှန်းချက်တစ်ရပ် ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့သည် တရားစီရင်ရေးရာပြုပြင်ပြောင်းလဲမှု သတင်းအချက်အလက်များမျှဝေခြင်း၊ တရားသူကြီးများ၏ အရည်အသွေးတိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးရှိသည့် တရားစီရင်ရေးရာနယ်ပယ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံနှင့် ဒေသတွင်း တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ကိုယ်စားလှယ်အဖွဲ့တွင် ဂျီလင်းပြည်နယ် ပြည်သူ့တရားရုံးဥက္ကဋ္ဌ မစ္စတာဝမ်ရှိန်ဆောင်း၊ လိုင်ယွန်နိုင်း ပြည်နယ် ပြည်သူ့တရားရုံးဥက္ကဋ္ဌ မစ္စတာ မိုင်ရှိဒီရှန်း၊ ရှင်ဂျန်းအူဂျာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့တရားရုံး ဒုတိယဥက္ကဋ္ဌ မစ္စတာယန်ဖန်ရှင်း၊ ပြည်သူ့တရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ လိုက်ပါလာကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေး၊ ဦးစိုးညွှန့်၊ ဦးမြင့်ဟန်တို့က နှစ်နိုင်ငံတရားစီရင်ရေးစနစ်နှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲပြုလုပ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အမှုများစစ်ဆေးကြားနာနေမှုကို လေ့လာကြည့်ရှုခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများက ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော် မြတ်တော်ဝင်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံရုံးဖွင့်ပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းမ (၇)မိုင် အမှတ်(၇)ပြည်သူ့လမ်းသွယ်ရှိ အဆိုပါသံရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒိန်းမတ်နိုင်ငံ Trade And Development Cooperation မှ ဝန်ကြီး H.E.Mr.Mogens Jensen၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E.Mr.Peter Lysholt Hansen က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဒိန်းမတ်နိုင်ငံ Trade And Development Cooperation မှဝန်ကြီး H.E.Mr.Mogens Jensen တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး သံရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**



# အနော်ရထာတံတား (ချောက်) ဆိုင်ကယ်ဖြတ်သန်းခ လျှော့ပေါ့ကောက်ခံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့ကို ဆက်သွယ်ပေးထားသည့် အနော်ရထာတံတား (ချောက်)တံတားပေါ်မှ ဖြတ်သန်းသွားလာကြသော ဆိုင်ကယ်များအား တံတားအသုံးပြုခကျပ် ၁၀၀ သာ ကောက်ခံနေပြီဖြစ်ကြောင်း ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခင်က အနော်ရထာတံတားပေါ် ဖြတ်သန်းသွားလာသည့် မည်သူမဆို အသွား ၁၀၀ ကျပ်၊ အပြန် ၁၀၀ ကျပ်၊ မည်သည့်ဆိုင်ကယ်မဆို အသွား ၂၀၀ ကျပ်၊ အပြန် ၂၀၀ ကျပ်နှင့် ဘီးခွန်ကြေး ၂၀၀ ကျပ်ပေါင်း ၄၀၀ ကျပ် ပေးဆောင်နေရသည့်အတွက် ကျောင်းသားကျောင်းသူများ၏ မိဘများနှင့် အစိုးရဝန်ထမ်းများအတွက် အဆင်မပြေဖြစ်ခဲ့ရကြောင်း၊ Taxi ဆိုင်ကယ်များသည် တစ်နေ့လျှင်အနည်းဆုံး ၁၀ ကြိမ်ခန့် ဖြတ်သန်းသွားလာနေရသည့်အတွက် ငွေကျပ် ၄၀၀၀ ကို နေ့စဉ်အခွန်ပေးဆောင်နေရကြောင်း၊ သာမန်ပြည်သူတစ်ဦးအနေဖြင့် စားဝတ်နေရေးအတွက် တံတားကိုဖြတ်သန်းပြီး သွားလာနေရသဖြင့် အခွန်အခကို ကင်းလွတ်စေချင်ပါကြောင်း ပြည်သူများ၏ တင်ပြချက်အပေါ် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီက ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အနော်ရထာ(ချောက်) တံတားတွင် နေ့စဉ်ဆိုင်ကယ်စီးရေ ၁၅၀၀ မှ ၂၀၀၀ ခန့်ဖြတ်သန်းလျက်ရှိရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ စီးနင်းသည့် ဆိုင်ကယ်အစီး ၂၀၀ ခန့်၊ ကျောင်းသား ကျောင်းသူများစီးနင်းသည့် ဆိုင်ကယ် အစီး ၄၀ ခန့်၊ Taxi ဆိုင်ကယ် အစီး ၂၀ခန့် နေ့စဉ်ဖြတ်သန်းလျက်ရှိပြီး အဆိုပါ ဌာနဆိုင်ရာဝန်ထမ်းများစီးနင်းသည့် ဆိုင်ကယ်၊ ကျောင်းသား ကျောင်းသူများ စီးနင်းသည့်ဆိုင်ကယ်နှင့် Taxi ဆိုင်ကယ်တို့အား မြို့ဝင်ကြေးဘီးခွန် ကောက်ခံခြင်းမပြုဘဲ အခမဲ့ဖြတ်သန်းခွင့်ပြုပေးမည့်အပြင် တံတားဖြတ်သန်းခကိုလည်း ဝန်ထမ်းများ စီးနင်းသည့်ဆိုင်ကယ်အား ကောက်ခံခြင်းမပြုဘဲ ကျောင်းသားကျောင်းသူများ စီးနင်းသည့်ဆိုင်ကယ်နှင့် Taxi ဆိုင်ကယ်တို့အား တံတားအသုံးပြုခ အသွား/အပြန် ကျပ် ၁၀၀ သာ ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# မူဆယ်ကုန်သွယ်ရေးဇုန်သည် နယ်စပ်ကုန်သွယ်မှု ပမာဏအများဆုံးဖြစ်၍ အလေးထားရမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

(၁၄)ကြိမ်မြောက် မြန်မာ-တရုတ် ကုန်သွယ်မှုကုန်စည်ပြပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံမူဆယ်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ကုန်စည်ပြပွဲသည် နှစ်စဉ် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် တစ်လှည့်စီကျင်းပပြီး မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ကျော်နှင့် တရုတ်နိုင်ငံမှ ပြခန်းပေါင်း ၁၄၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုအရ သိရသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ကုန်သွယ်ရေးဇုန်ရှိ OSS များနှင့် တွေ့ဆုံရာတွင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုန်သည်လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုတိုးတက်မြင့်မားလာစေရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ပေးစေလိုကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများတွင် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းစေရေးနှင့် တရားဝင်လမ်းကြောင်းပေါ်မှ ကုန်သွယ်မှုပြုရေးကို စည်းရုံးရေးနည်းလမ်းဖြင့် ဆောင်ရွက်စေလိုကြောင်း၊ ယခုအချိန်သည် တစ်ဖက်နိုင်ငံသို့ ဖရဲသီးတင်ပို့မှု များပြားသည့်အတွက် တရားမဝင် ကျောက်စိမ်း၊ သစ်များကို ဖရဲသီးများဖုံးအုပ်ပြီး သယ်ဆောင်မှုများ ရှိနိုင်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း ကုန်သွယ်မှုမူဝါဒများ၊ ရည်မှန်းချက်တာဝန်များနှင့်အညီ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ စနစ်တကျချမှတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်မှုတိုးချဲ့မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းသွားမှာဖြစ်ကြောင်း မှာကြားခဲ့သည်။

မူဆယ်မြို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ သွင်းကုန်ထက် ပို့ကုန်ပမာဏများပြားစွာ တင်ပို့နိုင်ပြီး မူဆယ်ကုန်သွယ်ရေးဇုန်သည် အကြီးဆုံးနှင့် နယ်စပ်ကုန်သွယ်မှုပမာဏ အများဆုံးဖြစ်၍ နယ်စပ်ကုန်သွယ်မှုအတွက် အရေးပါပြီး အလေးထားရမည့်စခန်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**




# လွှတ်တော်ရေးရာနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဆိုင်ရာဝန်ကြီး မစ္စတာနီကိုလိုင်း ပီ၊ ပက်ထရစ်ရှက်ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ သူရ ဦးအောင်ကို၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဆိုင်ရာဝန်ကြီးနှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Vasilly Pospelov လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်ရေးရာနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဆိုင်ရာဝန်ကြီး မစ္စတာနီကိုလိုင်း ပီ၊ ပက်ထရစ်ရှက်ဗ်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

---

**○ရှေ့ဖုံးမှ**

နိုင်ငံတော်အစိုးရအနေနဲ့ ဥပဒေပြုလွှတ်တော်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေသလို ဥပဒေပြုလွှတ်တော်ထဲမှာ မရှိသေးတဲ့ ပါတီတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အစိုးရအဖွဲ့နဲ့ နိုင်ငံရေးပါတီတွေ ကြားမှာ ဆက်သွယ် ဆောင်ရွက်နိုင်မယ့် ယန္တရားတစ်ခု ထူထောင်ဖို့ သမ္မတကြီးက ပြောခဲ့ပါတယ်။ ငြိမ်းချမ်းရေးကိစ္စတွေမှာ နိုင်ငံရေးပါတီတွေအနေနဲ့ ပါဝင်ဆောင်ရွက်ပေးနိုင်ဖို့ ကူညီမယ်လို့ အဆိုပြုတဲ့အပေါ်မှာ သမ္မတကြီးက သဘောတူလက်ခံပါတယ်။ နောက်တစ်ခုက မြေယာကိစ္စ၊ အမျိုးသားပညာရေး ဥပဒေနဲ့ ပတ်သက်လို့ ကန့်ကွက်နေတဲ့ ကိစ္စတွေ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးနဲ့ ဆိုင်တဲ့ ကိစ္စတွေကို သမ္မတကြီးက အလေးအနက် နားထောင်ပြီး ဒါတွေကို အဖြေရအောင် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုအဖွဲ့အစည်းအများကြီးနဲ့ တွေ့ဆုံတာ အများကြီးအကျိုးရှိပါတယ်။ ကျွန်တော်တို့ သွားနေတဲ့ နိုင်ငံရေးကိုက အားလုံးပါဝင်တဲ့ နိုင်ငံရေး ဖြစ်စဉ်တစ်ခုဖြစ်အောင် လုပ်နေတာကြောင့် ပါတီကြီးသည် ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အရေအတွက် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အားလုံးရဲ့ အမြင်သဘောထားကို တတ်နိုင်သမျှ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ရယူဖို့ကြိုးစားတာ ဖြစ်ပါတယ်။ နောင်လည်း ဒီလိုတွေ့ဆုံပွဲတွေ မကြာခဏ ထပ်တွေ့ဖို့ ရှိပါတယ်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

**ဦးဇိုဇမ်**
**ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (ဥက္ကဋ္ဌ)**

**၆ ပွင့်ဆိုင်ဆိုတာကို ဆွေးကိုမဆွေးနွေးစေချင်ပါဘူး။ ဆွေးနွေးမှုရလဒ်ကို အသိအမှတ် မပြုပါဘူး။** လွှတ်တော်ထဲက ထွက်လာတာကြောင့် မယုံပါဘူး။ ပြောပြီးသားပဲ၊နိုင်ငံရေးသမားသည် နိုင်ငံရေးခေါင်းဆောင်များ ဆွေးနွေးတာကိုပဲ ယုံကြည်တယ်။ လွှတ်တော်ဆိုတာ အခု ၂၀၁၀ လွှတ်တော်ဆိုတာ ကျွန်တော်ကိုယ်တိုင် လွှတ်တော်ကိုယ်စားလှယ်ပါ။ အများကြီး လိုအပ်ချက်တွေရှိတယ်။ နိုင်ငံခြားလွှတ်တော်(၅)ခုလောက် လေ့လာပါတယ်။ တခြားစီပါ၊ ကျွန်တော်တို့မှာ စံချိန်မမီပါဘူး။

**ဒေါက်တာတူးဂျာ**
**ကချင်ပြည်နယ် ဒီမိုကရေစီပါတီ**

အခုတွေ့ဆုံပွဲကို အားရပါတယ်။ သမ္မတကြီး တော်တော်စိတ်ရှည်ပါတယ်။ ရှင်းပြတာလည်း ပြည့်စုံပါတယ်။ နိုင်ငံရေးပါတီများတင်ပြတာကိုလည်း စိတ်ရှည်လက်ရှည် နားထောင်တာတွေ့ရတယ်။ လူတိုင်းစေ့ကို နှုတ်ဆက်ပြီး ပြန်သွားတယ်။ သမ္မတကြီးကိုချီးကျူးပါတယ်။

၆ ပွင့်ဆိုင်က တိုင်းရင်းသားဘက်က ကိုယ်စားလှယ်ရွေးချယ်တဲ့ နေရာမှာ လူမှန်၊ နေရာမှန် ဖြစ်ဖို့လိုတယ်။ တစ်ယောက်ပဲဖြစ်ဖြစ်၊ နှစ်ယောက်ပဲဖြစ်ဖြစ် အရေအတွက်ကို မပြောချင်ပါဘူး။ **ဒါပေမယ့် တိုင်းရင်းသား ကိုယ်စားလှယ်အဖြစ် ရွေးချယ်တဲ့နေရာမှာ တိုင်းရင်းသားတွေ ခံစားရသလိုတကယ်ခံစားတဲ့သူဖြစ်ရမယ်။** တိုင်းရင်းသားတွေရဲ့ ခံစားချက်၊ လိုလားချက်ကို ဂယနဏ သိတဲ့သူဖြစ်ရမယ်။ဆွေးနွေးပွဲမှာ တိုင်းရင်းသားအရေးကို ရဲရဲဝံ့ဝံ့ မှန်မှန်ကန်ကန် ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်း တင်ပြတတ်တဲ့သူဖြစ်ဖို့လိုတယ်။

**ဦးအောင်သိန်းလင်း**
**ဗဟိုအလုပ်အမှုဆောင်**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

**တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်တွေပါရင် ပိုပြည့်စုံတယ်လို့ သူတို့တောင်းဆိုကြတာကို သဘာဝပိုကျတယ်လို့ ကျွန်တော်မြင်ပါတယ်။** ဒီနေ့ ဆွေးနွေးသွားတဲ့အထဲမှာ ပြည်တွင်း ငြိမ်းချမ်းရေးကိစ္စနဲ့ ပတ်သက်ပြီး သမ္မတကြီးက အလေးထားပြီး အားစိုက် ဆောင်ရွက်နေတာကို ကျွန်တော့်အနေနဲ့ သဘောအကျဆုံးဖြစ်ပါတယ်။ပြည်တွင်းငြိမ်းချမ်းရေး ဆိုတာ ကျွန်တော်အပါအဝင် အားလုံးလိုလားကြတယ်။ ကျွန်တော်တို့နိုင်ငံက ၁၉၄၈ ခုနှစ်ကတည်းကစခဲ့တာ နှစ်ပေါင်း ၆၀ လောက်ရှိခဲ့ပြီ။ နှစ်ဖက်တိုက်ကြ၊ ခိုက်ကြတဲ့အခါ ဘယ်ဘက်ကရှုံးရှုံး၊ ဒဏ်ရာရရ ကျွန်တော်တို့ တိုင်းပြည်နစ်နာတာပါပဲ။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အရေးကြီးခဲ့တာကြာပါပြီ။အခုမှ သေချာပီပီပြင်ပြင်နဲ့ ထိထိရောက်ရောက် တည်ဆောက်နေတယ်။တစ်တိုင်းပြည်လုံး အတိုင်းအတာနဲ့ ဝိုင်းဝန်းပြီး ပူးပေါင်းလုပ်ဆောင်ကြမယ်ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးရသွားမှာဖြစ်ပါတယ်။ဒါမှသာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ပိုပြီးပီပီပြင်ပြင်ဖော်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲမှာ ပါတီ ၆၀ ကျော်ပါတယ်။ဒီနေ့ ဆွေးနွေးသွားကြတာတွေလည်းအများကြီး အကျိုးရှိပါတယ်။ အနာဂတ်နိုင်ငံရေးအတွက်လည်း အထောက်အကူပြုနိုင်ပါတယ်။ သမ္မတကြီးက အခုလိုတွေ့ ဆုံ တာကို ကြိုဆိုတယ်။ ပါတီခေါင်း ဆောင်တွေနဲ့ အုပ်ချုပ်ရေးမှာ အကြီးဆုံးဖြစ်တဲ့ သမ္မတနဲ့ တွေ့တယ်ဆိုတာ မှားစရာမရှိပါဘူး။ အချိန်များများပေးနိုင်ရင် ပိုကောင်းမယ်လို့ ထင်ပါတယ်။

**ဦးမောင်မောင်**
**ဒုတိယဥက္ကဋ္ဌ**
**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

ဒီနေ့ သမ္မတကြီးနဲ့ပါတီအသီးသီးက နိုင်ငံရေးခေါင်းဆောင်တွေ အားလုံးတွေ့ဆုံကြတယ်။ ပါတီတွေကလည်း တင်ပြဆွေးနွေးကြတယ်။ ပါတီအသီးသီးရဲ့ အကြံဉာဏ်တွေကို သမ္မတကြီးက အပြည့်အဝ လက်ခံယုံကြည်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။ ကျွန်တော်ကတော့ တောင်သူလယ်သမားပါတီကဆိုတော့ ဒီနေ့ ဆွေးနွေးသွားတဲ့ အထဲမှာသမ္မတကြီးအနေနဲ့ လယ်ယာမြေမှုခင်းကိစ္စနဲ့ ပတ်သက်ပြီးဥပဒေနဲ့ အညီဆောင်ရွက်ပေးသွားပါ့မယ်ဆိုတဲ့ အချက်ကို ပိုပြီးသဘောကျပါတယ်။ အခုလိုတွေ့ဆုံပွဲတွေက ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အပစ်အခတ် ရပ်စဲရေး ကိစ္စတွေအတွက် အားဆေးတစ်ခွက်လို့ ကျွန်တော်မြင်တယ်။ ဒီလို တိုင်းရင်းသားပါတီတွေ ပါဝင်ပြီး တွေ့ဆုံတာ ကျွန်တော့်အနေနဲ့ သဘောကျပါတယ်။ တစ်ကြိမ်မက အကြိမ်ပေါင်းများစွာ တွေ့ဆုံသင့်တယ်။ နောက်ပြီး **၃ ပွင့်ဆိုင်၊ ၄ ပွင့်ဆိုင်၊ ၅ ပွင့်ဆိုင်၊ ၆ပွင့်ဆိုင် တို့ထက် တိုင်းရင်းသား ပါတီခေါင်းဆောင်တွေ အများဆုံး ပါဝင်သင့်တယ်။**ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့မှာ တိုင်းရင်းသားတွေက အဓိကအခြေခံဖြစ်တယ်။ အဓိကအခြေခံဖြစ်တဲ့ ဒီတိုင်းရင်းသားတွေပဲ လက်နက်ကိုင်အဖွဲ့အစည်းတွေဖြစ်နေပြန်တယ်။ ဒီတိုင်းရင်းသား ခေါင်းဆောင်တွေပါမှ ပြည်တွင်း ငြိမ်းချမ်းရေးကိုအမြန်ဆုံးတည်ဆောက်လို့ရမယ်။



ဒေါက်တာတူးဂျာ
ကချင်ပြည်နယ်
ဒီမိုကရေစီပါတီ



ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံတောင်သူလယ်သမား
ဖွံ့ဖြိုးတိုးတက်ရေးပါတီ



ဦးဇိုဇမ်
ချင်းအမျိုးသား
ဒီမိုကရက်တစ်ပါတီ(ဥက္ကဋ္ဌ)



ဦးအောင်သိန်းလင်း
ဗဟိုအလုပ်အမှုဆောင်
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
ဖွံ့ဖြိုးရေးပါတီ

---

**✻ပြည်ပဝယ်လိုအားမှ**

အနီရောင်ဥက အကောင်းဆုံးလို့ ပြောပါတယ်။ "ဝ"ဥပင်က မြေပွကို ကြိုက်ပါတယ်။ တောင်စောင်းမြေတွေက ဆင်ခြေလျှောဆိုတော့ ဖိအားနည်းပါတယ်။ အပင်ကို သုံးပေ တန်ခြား၊ နှစ်ပေပင်ခြားစိုက်ရင် တစ်ဧကအပင် ၅၆၀၀ ဝင်ပါတယ်။ စိုက်ချိန်တစ်နှစ်ကျော်ရင် မျိုးဥတွေရနိုင်ပြီး သုံးနှစ်မှာ တစ်ပိဿာကနေ သုံးပိဿာထိရှိတဲ့ "ဝ"ဥတွေနဲ့ မျိုးစေ့တွေထွက်လာပါမယ်"ဟု မင်းတပ်မြို့နယ် ပန်းအော့ရွာမှ ဦးမောင်ကီးက ပြောပြသည်။

"ကိုယ်ပိုင်တောင်ယာ ဧက ၅၀ ကျော်ရှိပါတယ်။ အလှည့်ကျစိုက်ပါတယ်။ တောင်ယာထပ်မံချဲ့ထွင်ခြင်းမရှိပါဘူး။ "ဝ"ဥ ၁၅ ဧကစိုက်ထားပါတယ်။ အစိုတစ်ပိဿာ ၁၀၀၀ ကျပ်၊ အခြောက်မှုန့်တစ်ပိဿာ ၅၀၀၀ ကျပ် ဈေးရှိပါတယ်။ "ဝ"ဥအစိုကို ပါးပါးလှီးပြီး သုံးရက် (သုံးည)အခြောက်ခံပြီးရင် အမှုန့်ကြိတ်လို့ရပါတယ်။ မျိုးစေ့နဲ့ လုပ်အားခ ၁၀ သိန်းလောက်နှုတ်ပြီး သိန်း ၅၀ နဲ့ ၆၀ ကြား ငွေပြန်ပေါ်လာမှာဖြစ်လို့ စိုက်ပျိုးပင်တွေထဲမှာ ဝင်ငွေအမြင့်ဆုံးရနိုင်မယ့် စိုက်ပျိုးရေးထုတ်ကုန်ဖြစ်ပြီး အခြောက်ခံစက်၊ အမှုန့်ကြိတ်စက်များနဲ့ ကုန်ကြမ်းကနေကုန်ချောအထိ ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းနေပါတယ်"ဟု ဦးဖေလိန်းအောင်က ပြောကြားသည်။

ဂျပန်၊ တရုတ် အစရှိသည့် ဝယ်လက်များရောက်လာသကဲ့သို့ပြည်တွင်း စိုက်ပျိုးရေးကုမ္ပဏီများကလည်း "ဝ" ဥ စိုက်ပျိုးရေးရက်တိုသင်တန်းများ ပို့ချလျက်ရှိကြောင်း သိရသည်။

**(ကိုကိုနေ)**

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

## ပြည်တွင်းရေးရာ

# နှစ်နိုင်ငံလုံခြုံရေးနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဆိုင်ရာဝန်ကြီး မစ္စတာနီကိုလိုင်း ပီ၊ ပက်ထရစ်ရှက်ဖ်အား လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဆိုင်ရာဝန်ကြီး မစ္စတာနီကိုလိုင်း ပီ၊ ပက်ထရစ်ရှက်ဖ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလုံခြုံရေးနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရွေးကောက်ပွဲဆိုင်ရာဘေးအန္တရာယ်များ စီမံခန့်ခွဲမှုနည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုအလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International IDEA တို့ ပူးပေါင်းဆောင်ရွက်မည့် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များ စီမံခန့်ခွဲမှုနည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ဒုတိယမြောက်နေ့အဖြစ် ဆက်လက်ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်လေ့လာခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တွေ့ကြုံရနိုင်သည့် ပြဿနာများကို အခြေခံ၍ ဒေသအလိုက် အချက်အလက်များ ကောက်ယူခြင်း၊ ပြဿနာအဆင့် သတ်မှတ်ခြင်း၊ ERM Tool ကို အသုံးပြု၍ သတိပေးမြေပုံဆောင်ရွက်ခြင်း၊ ပြဿနာများအတွက် အဖြေရှာဖွေခြင်း၊ ဆောင်ရွက်ခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆွေးနွေးခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက သင်တန်းသား ၃၄ ဦးအား ERM Tool နှင့် ပတ်သက်သည့် အသိအမှတ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ရွေးကောက်ပွဲများ ကျင်းပရာ၌ ရွေးကောက်ပွဲနှင့် ဆက်နွယ်၍ ဖြစ်ပေါ်လာနိုင်သော အကြမ်းဖက်လုပ်ရပ်များ၊ ပဋိပက္ခများနှင့် ဘေးအန္တရာယ်များသည် ဖြစ်လေ့ဖြစ်ထ ရှိတတ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အရပ်ရပ်တွင် ဖြစ်ပေါ်ခဲ့သည့် သာဓကများ ရှိပါကြောင်း၊ သို့ဖြစ်၍ ဖြစ်ပေါ်လာနိုင်သည့် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဖြစ်ပေါ်နိုင်သည့် ပြဿနာများအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ရနိုင်သမျှသော အရင်းအမြစ်များမှ စုဆောင်းရယူ၍ ယနေ့ဆွေးနွေးခဲ့သော ERM Tool ကို အသုံးပြုကာ ကြိုတင်ကာကွယ်ရေးအား ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သာမက နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လုံခြုံရေးနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် မဖြစ်မနေ ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲအရာရှိများအား တွေ့ဆုံ၍ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဥပဒေပြုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး စွမ်းဆောင်ရည်မြှင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့ ပူးပေါင်းကျင်းပသည့် "မြန်မာနိုင်ငံဥပဒေပြုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး စွမ်းဆောင်ရည်မြှင့်အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားရာတွင် ဥပဒေစိစစ်ခြင်းလုပ်ငန်းသည် ထူးခြားသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ စာတွေ့သင်ရုံနှင့်မလုံလောက်ဘဲ လက်တွေ့အတွေ့အကြုံရှိမှသာ အဆိုပါတာဝန်ကို စွမ်းဆောင်နိုင်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေ(မူကြမ်း)များ စိစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပါကြောင်း၊ ဥပဒေစိစစ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ၊ အခြားတည်ဆဲဥပဒေများနှင့် လိုက်လျောညီထွေမှု ရှိ၊ မရှိ စသည့် စံချိန်စံညွှန်းများနှင့်အညီ စိစစ်ရပါကြောင်း၊ မိမိတို့ရုံးအနေဖြင့် ဥပဒေရေးဆွဲရေးနှင့် စပ်လျဉ်း၍ ဥပဒေအရာရှိများအား အိန္ဒိယ၊ စင်ကာပူနိုင်ငံများသို့ သင်တန်းများစေလွှတ်၍ လေ့လာစေခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဥပဒေအရာရှိများအနေဖြင့်လည်း မိမိတို့ဒေသရှိ သက်ဆိုင်ရာလွှတ်တော်များက ဥပဒေပြဋ္ဌာန်းနိုင်ရန် ကူညီပေးလျက်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲမှ ဥပဒေရေးဆွဲရေးဆိုင်ရာပညာများ ရရှိနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ UNDP ရုံးမှ Country Director Mr.Toily Kurbanov က အမှာစကားပြောကြားရာတွင် ဥပဒေ(မူကြမ်း)များ ရေးဆွဲပညာရပ်တွင် UNDP မှကူညီပေးနေပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ဥပဒေကြမ်းများ ပြုစုတာဝန်ယူရသူများလည်း ပါဝင်ပါကြောင်း၊ ဥပဒေရေးဆွဲခြင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် UNDP မှ ယခုဆွေးနွေးပွဲကို စီစဉ်ပေးရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အင်္ဂလန်နိုင်ငံ ဥပဒေရေးဆွဲရေးပညာရှင် Mr.Daniel Greenberg က ဥပဒေရေးဆွဲရေးပညာတွင် စာလုံးတစ်လုံး၏ အဓိပ္ပာယ်သည် အလွန်အရေးကြီးကြောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုမှုမှန်ကန်ရေးအတွက် အလွန်စိစစ်ရွေးချယ်သုံးနှုန်းရပါကြောင်း၊ ဥပဒေပြုရေးကဏ္ဍသည် နိုင်ငံတော်၏ကဏ္ဍအသီးသီးအတွက် အလွန်အရေးကြီးပြီး တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကအကျဆုံးဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**





သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကားကြီး Junction Cineplex တွင် 28.11.2014 မှ စတင်ပြသမည့် ဇာတ်ကားများ




| | | |
|---|---|---|
| Junction Square ( Ph - 01 527055, 09 2544 24544) | | |
| Sifu Vs Vampire | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Sifu Vs Vampire (Dell Digital Cinema) | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| အောင်မြင်ကျော်ကြား စူးရှထက်မြက် | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Maw Tin ( Ph - 01 225 244 ) | | |
| Sifu Vs Vampire | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| အောင်မြင်ကျော်ကြား စူးရှထက်မြက် | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Nay Pyi Taw ( Ph - 067 421 615) | | |
| Left Behind | Mon to Thu | 11 AM , 2 PM , 6 . 30 PM |
| | Fri to Sun | 10 . 30 AM , 1 . 30 PM , 4 . 30 PM , 7 . 30 PM |



# လူငယ်မျိုးဆက်သစ်များ၏ အနာဂတ်ခရီးလမ်းကြောင်းပေါင်းကူးတံတား

ကျော်လှိုင်

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် တည်ဆောက်ရမည်။ စက်မှုနိုင်ငံတော်တည်ဆောက်ရာတွင် စက်မှုအတတ်ပညာရှင်များရှိရုံနှင့် မလုံလောက်။ စက်မှုကျွမ်းကျင်သူများလည်း မဖြစ်မနေလိုအပ်သည်။

မကြာမီဝင်ရောက်လာတော့မည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကြောင့်လည်း ကျွမ်းကျင်လုပ်သားလိုအပ်ချက်အမှန်ပင်မြင့်မားလာပေတော့မည်။

တိုင်းပြည်၏ စက်မှုဖွံ့ဖြိုးရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးပြီး ကဏ္ဍအလိုက် သင့်တော်သည့်လုပ်ငန်းခွင်များတွင် တာဝန်ယူထမ်းဆောင်နိုင်ရန်နှင့်ပြည်တွင်းကျွမ်းကျင်လုပ်သားများ လိုအပ်ချက်မညီမျှမှုအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန် ရည်မှန်းချက်များဖြင့် စက်မှုဝန်ကြီးဌာနသည် မိတ်ဖက်နိုင်ငံများ၏ နည်းပညာအထောက်အပံ့အကူအညီဖြင့် စက်မှုသင်တန်းကျောင်းများကို ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေးနှင့် မြင်းခြံမြို့များတွင် တည်ထောင်ဖွင့်လှစ်ထားသည်။



အဆိုပါ စက်မှုသင်တန်းကျောင်းများအနက် ၁၉၇၉ ခုနှစ်မှစတင်၍ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ နည်းပညာအကူအညီ အထောက်အပံ့ဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့သော ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာအနီးရှိ အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)သည် ၃၅ နှစ်သက်တမ်းရှိခဲ့ပြီဖြစ်ပြီး မကြာမီကာလတွင် သင်တန်းဆင်းကျောင်းသားဟောင်းကြီးများက ကျောက်စိမ်းရတုအထိမ်းအမှတ်အခမ်းအနားကို ကျင်းပတော့မည်ဖြစ်သည်။

အဆိုပါကျောင်းကြီးသည် စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်းများအနက် ဝါအရင့်ဆုံးနောင်တော်ကျောင်းတော်ကြီးဖြစ်သည့်အားလျော်စွာ ဧရာဝတီမြစ်အနောက်ဘက်ကမ်း၌ သစ်ကြီး၊ ဝါးကြီးတို့ အုံ့မိုးလျက် ဣန္ဒြေရင့်ကျက်စွာဖြင့် အားမာန်မပျက် မျိုးဆက်သစ်လူငယ်များကို စက်မှုကျွမ်းကျင်သူများအဖြစ် နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ နိုဝင်ဘာ ၃ ရက်က သင်တန်းအမှတ်စဉ်(၃၄)ကို အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

၁၉၇၉ ခုနှစ်မှစတင်ဖွင့်လှစ်သည့် သင်တန်းအမှတ်စဉ်(၁)မှ (၁၇)အထိ သင်တန်းကာလ သုံးနှစ်ဖြင့် လည်းကောင်း၊ သင်တန်းအမှတ်စဉ်(၁၈)မှ(၂၇)အထိ သင်တန်းကာလ နှစ်နှစ်ဖြင့်လည်းကောင်း၊ သင်တန်းအမှတ်စဉ်(၂၈)မှ (၃၄)အထိ သင်တန်းကာလ တစ်နှစ်ဖြင့် လည်းကောင်း စက်မှုဘာသာရပ်များကို သင်ကြားပေးလျက်ရှိရာ သင်တန်းအမှတ်စဉ်(၃၃)အထိ သင်တန်းသား ၃၇၂၀ ကို စက်မှုကျွမ်းကျင်သူများအဖြစ် သင်ကြားလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

အဆိုပါ သင်တန်းကျောင်းတွင် စက်မှုဘာသာရပ် ရှစ်မျိုးဖြစ်သည့် စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုဘာသာရပ် (Machine Tool Operator Course)၊ စက်ရုံပစ္စည်းဖစ်တာဘာသာရပ် (Machinery Fitter Course)၊ ကိရိယာနှင့်ပုံနှိပ်ပုံပြုလုပ်ခြင်းဘာသာရပ် (Tool & Die Maker Course)၊ မော်တော်ယာဉ် မက္ကင်းနစ်ဘာသာရပ် (Automobile Course)၊ လျှပ်စစ်စက်ပစ္စည်းထုတ်လုပ်မှုဘာသာရပ် (Electrical Machine Maker Course)၊ စက်ရုံလျှပ်စစ်ပညာသည်ဘာသာရပ် (Industrial Electrician Course)၊ သွန်းလောင်းပုံသွင်းပုံစံပြုလုပ်မှုဘာသာရပ် (Pattern Maker Course)၊ စက်မှုပုံဆွဲဘာသာရပ် (Mechanical Draughtsman Course) တို့ကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပေးပြီး သင်တန်းအောင်မြင်ပြီးဆုံးပါက National Skills Standard Authority (NSSA) Level II အဆင့်နှင့်ညီမျှသော သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်ပေးအပ်လျက်ရှိသည်။

သင်တန်းကျောင်း၏ နှစ်စဉ်သင်တန်းသားခေါ်ယူမှုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာထည့်သွင်းခေါ်ယူလျက်ရှိပြီး အခြေခံပညာအထက်တန်း (ဒသမတန်း)ဖြေဆိုဖူးသူ၊ အသက် (၁၇)နှစ်မှ (၂၅)နှစ်အရွယ်အတွင်း ကျန်းမာရေးကောင်းမွန်၍ စက်မှုပညာရပ်တို့ကို စိတ်ဝင်စားသူ နိုင်ငံသားမည်သူမဆို ဆက်သွယ်တက်ရောက်နိုင်ကြသည်။

သင်တန်းသားများအနေဖြင့် သင်တန်းတက်ရောက်စဉ်ကာလအတွင်း အိပ်ဆောင်၊ ရေ၊ မီး အခမဲ့နေထိုင်သုံးစွဲခွင့်များသာမက သင်ထောက်ကူပစ္စည်းများကိုလည်း အခမဲ့ကိုင်တွယ်လေ့ကျင့်သုံးစွဲနိုင်ကြမည်ဖြစ်ပြီး စားစရိတ်အနေဖြင့် တစ်ဦးလျှင် တစ်လ ၁၇၀၀၀ ပေးသွင်းရုံမျှဖြင့် ခေတ်မီစက်မှုပညာရပ်များကို သင်ယူနိုင်ခွင့်ရကြမည်ဖြစ်သည်။ ထို့အပြင် သင်တန်းဆင်းများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက်လည်း သင်တန်းကျောင်း၏ ချိတ်ဆက်စီစဉ်ပေးမှုဖြင့် အစိုးရ၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများနှင့် ကုမ္ပဏီများတွင် သင်ကြားတတ်မြောက်ခဲ့သည့် ပညာရပ်နှင့် စပ်ဆိုင်သည့်လုပ်ငန်းခွင်များ၌ အလုပ်အကိုင်ရရှိနိုင်ကြမည်လည်း ဖြစ်သည်။

အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)အနေဖြင့် သင်တန်းဆင်း ၃၇၂၀ ဦးအနက် ၃၄၀၈ ဦးကို အလုပ်အကိုင်များရရှိရေး ဆောင်ရွက်ပေးခဲ့ပြီးလည်း ဖြစ်သည်။

ယခုအခါ ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်း၏ နည်းပညာအထောက်အပံ့ ယူရိုနှစ်သန်းနှင့် KfW Banking Group မှ Financial အထောက်အပံ့ ယူရိုလေးသန်းတို့ဖြင့် သင်တန်းကျောင်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဂျာမနီပညာရှင်များက မြန်မာသင်တန်းနည်းပြများအား နည်းပညာလွှဲပြောင်းပေးခြင်း၊ သင်ထောက်ကူစက်နှင့် စက်ပစ္စည်းများ အဆင့်မြှင့်တင်ဖြည့်တင်းခြင်း၊ ဘာသာရပ်များအား အသစ်ပြင်ဆင်ရေးဆွဲခြင်းနှင့် ထပ်တိုးဘာသာရပ်များဖြည့်စွက်ခြင်း၊ မြန်မာနည်းပြများအား ဂျာမနီနိုင်ငံသို့ ပညာသင်စေလွှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် GIZ အထောက်အပံ့ဖြင့် သင်တန်းနည်းပြဆရာများအတွက် Teaching Training (Training in Modern Teching Method for TVET)၊ HCD (Human Capacity Development). Measure-Management of ITC၊ Master Trainer in TVET၊ Instructor/ Senior Instructor/ Instructor Adviser Training တို့ကိုလည်း သင်ကြားပို့ချလျက်ရှိသည့်အပြင် English Language Skill မြင့်မားရေးအတွက်လည်း လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

သင်ကြားရေးဆရာများ၏ အရည်အသွေးပြည့်ဝမှုမှသည် သင်တန်းသားများသို့ မျှဝေပေးနိုင်မည်ဖြစ်၍လည်း သင်တန်းကျောင်းရှိ ဆရာ ဆရာမများ၊ တာဝန်ရှိသူအားလုံးက တက်ကြွစွာ စဉ်ဆက်မပြတ်လေ့လာသင်ယူလျက်ရှိနေကြသည်။

သင်တန်းကျောင်းအနေဖြင့် ပုံမှန်သင်တန်းအပြင် ရခိုင်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်လူငယ် ၂၀၀ ခန့်အား သုံးသုတ်ခွဲ၍ တစ်ကြိမ်လျှင် ၇၀ ခန့်စီဖြင့် Electrical Machine Maker၊ Motor Vehicle Mechanic၊ Electrical Fitter၊ Plumbing၊ Sheet Metal နှင့် Welding ဘာသာရပ်တို့ကို သင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျေးလက်ဒေသအရောက် စက်မှုနှင့် သက်မွေးပညာသင်တန်းများ ပို့ချနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိနေသည်။

စက်မှုဝန်ကြီးဌာန၏ စေတနာ၊ စက်မှုသင်တန်းကျောင်း နည်းပြများ၏ ဝါသနာနှင့် အနစ်နာတို့က လူငယ်မျိုးဆက်သစ်များ၏ အနာဂတ်ခရီးလမ်းကြောင်းအတွက် ပေါင်းကူးတံတားပင်ဖြစ်သည်။

ပညာလည်းပေး၊ အလုပ်အကိုင်လည်း သေချာသော စက်မှုသင်တန်းကျောင်းများသို့ ဆက်သွယ်တက်ရောက်နိုင်ရေး သတင်းပေးရေးသားလိုက်ရပေသည်။ ။

## ဖာပွန်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ဖာပွန် နိုဝင်ဘာ ၂၇

ကရင်ပြည်နယ် ဖာပွန်မြို့နယ် မဲသလွတ်ကျေးရွာအုပ်စု မဲသလွတ်ကျေးရွာတွင် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော ဆင်းသုခမျိုးသန့်ဇုန် ဧက ၅၀ ရှိ တောင်သူ ဦးစောစက်ကဲ စိုက်ပျိုးထားသော ကွင်းအမှတ်(၂) ဦးပိုင်အမှတ်(၆) ဆင်းသုခစပါး ငါးဧကတွင် စံကွက်အဖြစ် သတ်မှတ်၍ နိုဝင်ဘာ ၂၃ ရက် နံနက် ၈ နာရီတွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ပြုလုပ်ကြသည်။

အဆိုပါ ရိတ်သိမ်းပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစောလှကြည်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးညိုသိန်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလှရွှေ၊ မြေစာရင်းဦးစီးမှူး ဦးဝင်းထွန်းလတ်၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ မြေစာရင်းဝန်ထမ်းများနှင့် ကျေးရွာနေတောင်သူ ၅၀ ခန့် တက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက တောင်သူများအား တစ်ဧက တင်း ၁၀၀ နှုန်းအထက် ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း စပါးအစို ၁၀၁ ဒသမ ၀၉ တင်းထွက်ရှိကြောင်းသိရသည်။

(ဖာပွန် မြန်/ဆက်)












ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်သွင်း

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ်က ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသုံးသပ်ပြီး လွှတ်တော်ကတစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် မြန်မာအမျိုးသားလေကြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက ဖတ်ကြားတင်သွင်းသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသုံးသပ်ပြီး လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေ ကြမ်း ပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းက ဖတ်ကြားတင်သွင်းသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသုံးသပ်ပြီး လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် အမ်းမြို့နယ်များတွင် တစ်ပိုင်တစ်နိုင်ငါးသားဖောက်ရုံများ တည်ဆောက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြီး မေးခွန်းများ မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ၏ **"ရခိုင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် မွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စီမံချက်များရေးဆွဲကာ စီမံကိန်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ရခိုင်ပြည်နယ်၏ သားငါးကဏ္ဍအပါအဝင် မွေးမြူရေးကဏ္ဍတိုးတက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုငွေကျပ် (၂၃၃ ဒသမ ၈၂) သန်းဖြင့် ပေါက်တောမြို့နယ်၌ ရေငန်ပုစွန်သားဖောက်စခန်း တည်ဆောက်ခြင်း၊ ကျောက်တော်မြို့နယ်တွင် ရေချိုငါးသားဖောက်စခန်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍမှ သားပေါက်များအား ဖြည့်ထုတ်နိုင်ရေးအတွက် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့်အမ်းမြို့နယ်များတွင် တစ်ပိုင်တစ်နိုင်ငါးသားဖောက်ရုံများကို ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ်သိန်း (၂၀၀)ဖြင့် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိမွေးမြူထားသော တိရစ္ဆာန်များအား လိုအပ်ချက်ပေါ်မူတည်၍ ကာကွယ်ကုသခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အတူ မွေးမြူလိုသူလုပ်ငန်းရှင်များ၊ တပ်ရင်းတပ်ဖွဲ့များအား ဝက်မျိုးကောင်း မျိုးသန့်များဖြန့်ဖြူးပေးခြင်း၊ နွားမျိုးများ မြှင့်တင်သားစပ်ပေးနိုင်ရေးအတွက် နို့စားနွား၊ ခိုင်းနွားမျိုးများအား ဌာနမှ ထုတ်ပေးလျက်ရှိပြီး မေထုန်မဲ့ သားစပ်နည်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မွေးမြူရေးလုပ်ကိုင်နေသူများနှင့်ဌာနအတွင်း အမှုထမ်းများအား မွေးမြူရေးအကြောင်း ပညာပေးသင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်စီပီကုမ္ပဏီတို့ပူးပေါင်း၍ ရခိုင်ပြည်နယ်အတွင်း စီပီစံပြကျေးရွာသုံးရွာ ရွေးချယ်ပြီး မွေးမြူရေး လှည့်ပတ်ရန်ပုံငွေထူထောင်ပေးကာ မွေးမြူရေးလုပ်ငန်းများအား လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ မွေးမြူရေးလုပ်ငန်းရှင်များ၏



အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ။



မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်။

အဓိကလိုအပ်ချက်ဖြစ်သည့် ရေငန်ပုစွန်သားပေါက်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန၏ ရှိပြီးစခန်းများအား အဆင့်မြှင့်တင်ရန်နှင့် ပေါက်တောမြို့နယ် စိုးမဲကျီရေငန်ပုစွန်သားဖောက်စခန်း ဟောင်းနေရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ပြည်နယ်အစိုးရအဖွဲ့မှ ငွေလုံးငွေရင်း ဘတ်ဂျက်ခွင့်ပြုငွေ (၁၂၈ ဒသမ ၄၆ သန်း) ဖြင့် ရေငန်ပုစွန်သားဖောက်စခန်းသစ် ထပ်မံတည်ဆောက်ရန် စီစဉ်လျက်ရှိပါကြောင်း။

အိမ်နီးချင်းနိုင်ငံသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်ပြီး ဈေးကွက်ရရှိရေးအတွက် ဘူးသီးတောင်မြို့နယ် ကကျာဘက်ကျေးရွာ၌ ရေချိုငါးသားဖောက်စခန်းကို တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ထို့အတူကျောက်တော်မြို့နယ် သစ်တပုံဆည်အနီး၌ ရေချိုငါးသားဖောက်စခန်းတစ်ခုကိုလည်း ပြည်နယ်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ရန်စီစဉ်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **"အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ အလုပ်အကိုင်၊ ပတ်ဝန်းကျင်ထိခိုက်မှုရှိလာပါက မည်သို့တင်ပြဆောင်ရွက်ရမည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်က အထပ်မြင့် အဆောက်အအုံများဖြစ်သည့် စုပေါင်းအိမ်ရာများ တည်ဆောက်ရာတွင် အရည်အသွေး၊ စံချိန်စံညွှန်းစစ်ဆေးခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး အဆောက်အအုံလုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းခြင်း မဖြစ်စေရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများရှိပြီးဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားခြင်း၊ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံပါဝင်ခြင်း အပေါ်မူတည်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုချက်လျှောက်ထားစဉ်ကပင် တည်ဆောက်ရေးလုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိခိုက်နိုင်မှု ဆန်းစစ်လေ့လာချက်နှင့် လူမှုရေးထိခိုက်နိုင်မှု ဆန်းစစ်လေ့လာချက်တို့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ထောက်ခံချက်နှင့်တကွတင်ပြကြရပါကြောင်း၊ ပြည်ပနိုင်ငံသားများအား ကျွမ်းကျင်သူအဖြစ် လုပ်ငန်းခွင်များတွင် လုပ်ကိုင်ခွင့်ပြုရာ၌ ဥပဒေနှင့်အညီနေထိုင်ခြင်း၊ ဥပဒေနှင့်အညီ အလုပ်လုပ်ကိုင်ခြင်း ဖြစ်စေရန် လိုအပ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံခြားသားကုမ္ပဏီဖက်စပ်လုပ်ကိုင်ခြင်း၊ မြေနှင့်အဆောက်အအုံငှားရမ်းလုပ်ကိုင်ခြင်းတို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသားကျွမ်းကျင်သူများအတွက် လိုအပ်သော ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ထုတ်ပြန်ကြေညာထားသည့် တည်ဆဲအမိန့်ညွှန်ကြားချက်များအား လိုက်နာကြရန်၊ သတ်မှတ်ထားသော အလုပ်ချိန်ပြင်ပတွင် ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေနိုင်သည့် ဆူညံသံဖြင့် လုပ်ငန်းဆောင်ရွက်မှုမလုပ်ရန်၊ လမ်းပိတ်ဆို့မှုမဖြစ်စေရန် လုပ်ငန်းခွင်ကြီးကြပ်မှုစနစ်တကျဆောင်ရွက်ထားရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **"၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**ကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ လွှတ်တော်ကအတည်ပြုခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို တင်သွင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော **ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်းက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို တင်သွင်းပြီး ယင်းဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)**ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုချက်ဖြင့် ပေးပို့လာသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမြင့်က တင်သွင်းသည်။

ထို့နောက် **မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်း**နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းတင်အောင်က တင်သွင်းပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်သက်မြင့်က ဆွေးနွေးရာ ယင်းဆွေးနွေးချက်နှင့်ပတ်သက်၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**



ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်း။



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်သက်မြင့်။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးဆေးရုံကြီးအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ ဝန်ထမ်းများအား တွေ့ဆုံပွဲနှင့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဆေးရုံကြီးဝင်းအတွင်း တိုးချဲ့ ၁၀ ထပ်ဆောင်ရှိ Training Centre ခန်းမ၌ ဒုတိယသမ္မတအား ဆေးရုံအုပ်ကြီးက ခေတ်မီစက်ကိရိယာ ပစ္စည်းများတပ်ဆင်အသုံးပြုမှု၊ နိုင်ငံတော်၏ အထောက်အပံ့ဖြင့် ဆေးရုံတက် လူနာများအား အခမဲ့ကုသပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ဆောင် ရွက်ပေးနိုင်မှု၊ ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ အဆောက်အအုံ ပြီးစီးမှုများနှင့် ၂၀၁၄ ခုနှစ် လုပ်ငန်းလျာထားချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကား ပြောကြားရာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ အဆောက်အအုံလိုအပ်ချက်၊ ဝန်ထမ်းလိုအပ်ချက်၊ ဆေးရုံသုံးစက်ကိရိယာလိုအပ်ချက်နှင့် ဆေးပညာရပ် ဆိုင်ရာ သင်ကြားရေးပိုင်းလိုအပ်ချက်များကို သိရှိပါကြောင်း၊ နိုင်ငံတော်က လည်း ဘတ်ဂျက်အပေါ်မူတည်ပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ သို့သော်ဆေးရုံတိုင်းတွင် လူနာများပြည့်ကျပ်နေသည့်အတွက် ခုတင်များအပြင် ခုံတန်းများပါ အစားထိုးဆောင်ရွက်နေသည်များကိုလည်း တွေ့ရှိနေရကြောင်း၊ လက်ရှိဖွဲ့စည်းပုံအရ ဆရာဝန်၊ ဆရာမများ လိုအပ်နေ သေးပါကြောင်း၊ လူနာများအား အခမဲ့ကုသပေးမှုများရှိလာသဖြင့် ပြည်သူများက ဆေးရုံကြီးများကို အားကိုးမှုပိုမိုရှိလာသည်ကိုတွေ့ရှိရကြောင်း၊ ယခုအခါဆေးဝါး အခမဲ့ ကုသပေးမှုများကို ပိုမိုဆောင်ရွက်ပေးနေခြင်းကြောင့် ပြည်သူများက ဆေးရုံကြီးကို ပိုမိုအားကိုးလာသဖြင့် ဝန်ဆောင်မှုအပိုင်းတွင် ပိုပြီးအားနည်း သွားနိုင်ပါကြောင်း၊ လက်ရှိတိုးချဲ့ ၁၀ ထပ်ဆောင်ကြီးတွင် လူနာများကို တက် ရောက်ကုသမှုပေးနိုင်ပါက လက်ရှိအဆောင်များတွင် ပြည့်ကျပ်မှုမရှိတော့ဘဲ သက်သောင့်သက်သာ ကုသမှုခံယူလာနိုင်တော့မည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် အဆင့်မြင့်စက်ကိရိယာများဖြင့် ကုသပေးလျက်ရှိသော်လည်း လိုအပ်ချက်များမှာ ရှိနေဦးမည်သာ ဖြစ်ပါကြောင်း။

နိုင်ငံတကာအတွေ့အကြုံများအရ စင်ကာပူနိုင်ငံမှ Speciality (or) sub-speciality ထက် primary care အဆင့်ကိုသာ သွားစေချင်ကြောင်း အကြံပြုကြပြီး တရုတ်နိုင်ငံတွင်လည်း ချောင်းဆိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့် ငှက်ဖျားရောဂါတို့ ဖြစ်ပွားမှုမရှိသလောက် ဖြစ်နေပါကြောင်း၊ အဘယ် ကြောင့်ဆိုသော် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးအသိ ကိုယ်စီရှိနေ သောကြောင့် တဖြည်းဖြည်းရောဂါဖြစ်ပွားမှုလျော့နည်းသွားခြင်းဖြစ်ပါကြောင်း၊ လက်ရှိဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများလိုအပ်ချက်ရှိနေပြီး ပြင်ပတွင်မူ



ဆရာဝန်၊ ဆရာမများပိုနေခြင်းကြောင့် ဝန်ထမ်းအများအပြား ခန့်ထားနိုင်ရန် လိုအပ်ပါကြောင်း။

ထိုသို့ခန့်ထားနိုင်ရန် လက်ရှိဆေးရုံကို ကုတင်များတိုးချဲ့နိုင်ပါက လစ်လပ် ရာထူးများပေါ်လာပြီး ပိုမိုခန့်ထားလာနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိနေထိုင် လျက်ရှိသောဝန်ထမ်းအိမ်ရာများမှာ ဟောင်းနွမ်းဆွေးမြည့်နေသဖြင့် အသစ် ဆောက်လုပ်ပေးရန်လိုအပ်ပါကြောင်း၊ ကျန်းမာရေးဘတ်ဂျက်နှင့်ပတ်သက်၍ အသုံးစရိတ်များ ပိုမိုချထားပေးသော်လည်း စီမံခန့်ခွဲမှုအားနည်းခြင်းကြောင့် ပိုငွေများဖြစ်ပေါ်လာပြီး နိုင်ငံတော်ကို ပြန်လည်ပေးအပ်ခြင်းများရှိလာခဲ့ရာ အမှန်တကယ်သုံးစွဲရမည့်ကိစ္စများတွင် နစ်နာမှုများဖြစ်သွားနိုင်ပါကြောင်း၊ ဆရာကြီး ဆရာမကြီးများအား အထူးမှာကြားလိုသည်မှာ နိုင်ငံတော်အစိုးရက လိုအပ်ချက်များကို စီမံကိန်းအရ ဖြည့်ဆည်းပေးလျက်ရှိနေသကဲ့သို့ ဆရာကြီး ဆရာမကြီးများနှင့် သူနာပြုအားလုံးတို့ကလည်း စေတနာထား ကြည့်ရှုစောင့် ရှောက်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီးအတွက် အလှူရှင် ဦးသူရခိုင်-ဒေါ်ဌေးဌေးဝင်း၊ (သား)ထက်သူရအောင် (Pink Mobile Centre) မိသားစုက အလှူငွေကျပ် သိန်း ၅၀၀ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဦးဝင်းမြင့်က အလှူငွေများကို လက်ခံရယူသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ၁၀ ထပ် ဆေးကုသဆောင်မြေညီထပ်တွင် တပ်ဆင်ထားသည့် Digital X-ray စက်၊ CT Scan 64 slide စက်နှင့် MRI စက်များကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဖျားနာဆောင်(၃)တွင်တက်ရောက်ကုသနေသည့်လူနာများအား အားပေးစကား ပြောကြားကာ အထူးကုဆရာဝန်ကြီးများ၊ ဘွဲ့လွန်ဆရာဝန်များ၊ အလုပ်သင် ဆရာဝန်များနှင့် သူနာပြုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

**(သတင်းစဉ်)**

---

**✻ ပို့ဆောင်ရေးကဏ္ဍမှ**

အောင်မြင်ရေးတွင် အဓိကကျသည့် အာဆီယံအသင်းကြီး အတွက် အထူးပင်အရေးကြီးပါကြောင်း။

၂၀၁၄ ခုနှစ် နိုဝင်ဘာလက ထုတ်ပြန်ခဲ့သော အာဆီယံ အသိုက်အဝန်း၏ ၂၀၁၅ အလွန် ရည်မှန်းချက်မှာ အာဆီယံ အသင်းကြီးသည် လက်ရှိနှင့် အနာဂတ်အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ထိရောက်စွာတုံ့ပြန်နိုင်ရန် နိုင်ငံရေးအရ စည်းလုံးပြီး စီးပွားရေးအရ ပေါင်းစည်းကာ လူမှုရေးအရ တာဝန်ယူသော ပြည်သူဗဟိုပြု အဖွဲ့အစည်းတစ်ရပ် ဖြစ်ရန် လိုကြောင်း။

ယင်းကဲ့သို့ ရည်မှန်းချက်အထမြောက်ရန် အာဆီယံ အသင်းကြီးအနေဖြင့် ကြီးမားသော အခြေခံအဆောက် အအုံဆိုင်ရာ ချိတ်ဆက်မှုနှင့် အင်စတီကျူးရှင်းဆိုင်ရာ ချိတ်ဆက်မှုများအပြင် ပြည်သူအချင်းချင်း ချိတ်ဆက်မှုများ မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ချိတ်ဆက်မှုအရေးကြီးကြောင်း ကို အသိအမှတ်ပြုကာ စီမံကိန်းကြီးတစ်ခုဖြစ်သည့် Master Plan ကို ချမှတ်အကောင်အထည်ဖော်နေကြောင်း။

ဒေသတွင်း ပို့ဆောင်ရေးစနစ်၊ ပို့ဆောင်ရေးနည်းလမ်း၊ ပို့ဆောင်ရေးဆိုင်ရာ အင်စတီကျူးရှင်းများ ပါဝင်သော ပို့ဆောင်ရေးကဏ္ဍသည် ဒေသတွင်းအပြန်အလှန် ကုန်သွယ် မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက် အကူပြုပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးလာ သည်နှင့်အမျှ ဒေသတွင်းဖွံ့ဖြိုးမှုကွာဟချက်ကို လျော့နည်း စေမည့်အပြင် အာဆီယံပေါင်းစည်းမှုကို အထောက်အကူပြု မည်ဖြစ်ကြောင်း။

မိမိအနေဖြင့် အာဆီယံအသိုက်အဝန်းအတွက် လမ်းပြ မြေပုံ အကောင်အထည်ဖော်ရာတွင် ရရှိသော အောင်မြင်မှု များကို ကြိုဆိုပါကြောင်း၊ လမ်းပြမြေပုံမှသည် ဖော်ပြပါ အာဆီယံ၏ မဏ္ဍိုင်သုံးရပ်အတွက် အသေးစိတ်စီမံချက်ကို ပုံဖော်ပေးခဲ့ကြောင်း၊ ယင်းအသေးစိတ်စီမံချက်များမှာ နိုင်ငံရေး-လုံခြုံရေးစီမံချက်၊ စီးပွားရေးစီမံချက်နှင့် လူမှု-ယဉ်ကျေးမှုစီမံချက်များ ဖြစ်ပါကြောင်း။

ထို့ပြင် ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများမှ လမ်းများသည် ဆင်းရဲမှုလျှော့ချရေး၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျော့နည်းစေပြီး ဒေသခံများ၏ လူနေမှုအဆင့်အတန်းကို မြင့်မားစေကြောင်း။

ယနေ့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ခြားနားချက်၊ ကွာဟချက် များကို ဖြစ်ပေါ်စေကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျသောသူများ မှာ ကားလမ်း၊ ရထားလမ်း မရှိသော ကျေးရွာများမှ လူများ၊ ဝေးလံခေါင်ဖျားပြီး တောတောင်ထူထပ်သောဒေသမှ လူများ ဖြစ်ကြကြောင်း၊ ယင်းဒေသခံများသည် ဆင်းရဲတွင်းနက် သည့်အပြင် အာဟာရချို့တဲ့မှု၊ မိခင်နှင့်ကလေးသေနှုန်း မြင့်မားမှုနှင့် ကျောင်းနေနိုင်မှု၊ စာတတ်မြောက်မှုများလည်း နိမ့်ကျနေကြောင်း။

ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နေပါမှ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော ဝန်ဆောင်မှုများပါ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ပထဝီပိုင်းအနေအထားအရ ထူးခြား ကောင်းမွန်သည့် အခွင့်အလမ်းများ ပိုင်ဆိုင်ထားပါကြောင်း၊ တရုတ်နှင့် အရှေ့တောင်အာရှအပြင် တောင်အာရှနှင့်ပါ လမ်းကွန်ရက်များနှင့် ပို့ဆောင်ရေးများအကြား သဘာဝ အလျောက် ချိတ်ဆက်ထားပြီးဖြစ်ရာ ယင်းအချက်ကပင် မြန်မာနိုင်ငံသည် မကြာမီနှစ်များအတွင်း ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးအတွက် အချက်အချာကျသည့် ဒေသတစ်ခုဖြစ်လာလိမ့်မည်ဟု မိမိတို့မျှော်လင့်ပါ ကြောင်း။

မျက်မှောက်ကာလတွင် ကျွန်ုပ်တို့၏ သယ်ယူပို့ဆောင် ရေး ကွန်ရက်များနှင့် အခြေခံအဆောက်အအုံတို့၏ အရည် အသွေးနှင့်အရေအတွက် ဖွံ့ဖြိုးတိုးတက်ရန် အလွန်လိုအပ်ပါ ကြောင်း။

ထို့အပြင် ရှိရင်းစွဲ သယ်ယူပို့ဆောင်ရေး အခြေခံ အဆောက်အအုံများအား အဆင့်မြှင့်တင်ရန်နှင့် ဘက်စုံ သယ်ယူပို့ဆောင်ရေးအတွက် အခြေခံအဆောက်အအုံသစ် များ ဆောက်လုပ်ရန် ကျွန်ုပ်တို့ သန္နိဋ္ဌာန်ချထားကြောင်း။

မြန်မာနိုင်ငံသည် ထိုရည်မှန်းချက်ပြည့်မီရန်အတွက် အမျိုးသားသယ်ယူပို့ဆောင်ရေး မဟာစီမံကိန်းကို ဂျပန် အစိုးရ၏ အကူအညီဖြင့် ရေးဆွဲလျက်ရှိပါကြောင်း။

ယင်းမဟာစီမံကိန်းတွင် သယ်ယူပို့ဆောင်ရေးနည်းလမ်း အားလုံးဖြစ်သော လမ်း၊ ရထားလမ်း၊ ရေလမ်းများ၊ လေကြောင်းနှင့် ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး တို့ ပါဝင်ကြောင်း။

ကျွန်ုပ်တို့သည် အမျိုးသားသယ်ယူပို့ဆောင်ရေး မဟာ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ဘေးအန္တရာယ် ကင်းပြီး ခရီးရောက်ကာ အများပြည်သူအကုန်အကျခံနိုင် သော သယ်ယူပို့ဆောင်ရေးစနစ် ဖန်တီးခြင်းဖြင့် ပြည်သူတို့ ဘဝမြှင့်တင်ပေးရန် ရည်ရွယ်ပါကြောင်း။

သို့ရာတွင် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက် အအုံ တည်ဆောက်ခြင်းသည် ကြီးမားသောဘဏ္ဍာရေး အရင်းအမြစ်များလိုအပ်ရုံသာမက ကျန်းမာရေး၊ ဘေးကင်း လုံခြုံရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အလေးထား စရာများ ဖြည့်ဆည်းပေးမည့် ခေတ်မီနည်းပညာလည်း လိုအပ်ပါကြောင်း။

ဤနေရာတွင် ပြည်သူ-ပုဂ္ဂလိက အစုစပ်လုပ်ငန်းများ (PPP) သည် အခြေခံအဆောက်အအုံကွာဟချက် ပပျောက် စေရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေ ကြောင်း။

ကျွန်ုပ်တို့သည် ထိုအရာကို ထည့်သွင်းစဉ်းစားရန်အတွက် ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်ရေးကို အထောက်အပံ့ ပေးလျက်ရှိပြီး ပြည်သူ-ပုဂ္ဂလိက အစုစပ်လုပ်ငန်းများ (PPP) မူဘောင်ချမှတ်ရန်အတွက် အာဆီယံအခြေခံမူများကို ရေးဆွဲပုံဖော်လျက်ရှိကြောင်း။

အာဆီယံ၏ ယှဉ်ပြိုင်နိုင်စွမ်း အားကောင်းလာစေရေး နှင့်ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုမြှင့်တင်ရေးအတွက် အာဆီယံအဝေးပြေးလမ်းမကွန်ရက်၊ စင်ကာပူ-ကူမင်း ရထားလမ်းချိတ်ဆက်မှု၊ အာဆီယံ၏ တစ်ခုတည်းသော လေကြောင်းပို့ဆောင်ရေးဈေးကွက်နှင့် အာဆီယံ၏ တစ်ခု တည်းသော ပင်လယ်ရေကြောင်းပို့ဆောင်ရေးဈေးကွက် ပဏာမခြေလှမ်းများ ပြီးစီးမှုအပါအဝင် အကျိုးများသော၊ စိတ်ချသော၊ ရေရှည်ခံသော ဘက်စုံသယ်ယူပို့ဆောင်ရေး စနစ်တစ်ခု ဖွံ့ဖြိုးတိုးတက်လာစေရန် အာဆီယံခေါင်းဆောင် များက ၎င်းတို့၏ ခိုင်မာသောကတိကဝတ်များကို ထပ်လောင်း အတည်ပြုခဲ့ကြောင်း။

ထိုအရာနှင့်ပတ်သက်၍ STOM ဟုလည်း ခေါ်ဆို သည့် (၃၈)ကြိမ်မြောက် အဆင့်မြင့်ပို့ဆောင်ရေးအရာရှိကြီး များအစည်းအဝေး အောင်မြင်စွာပြီးဆုံးကြောင်း ကြားသိ ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

STOM ၏ အကြံပြုချက်များအပေါ် အခြေခံ၍ အာဆီယံပို့ဆောင်ရေးဝန်ကြီးများသည် အောက်ပါအရေးပါ သောကိစ္စသုံးရပ်အပေါ် သုံးသပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၆ မှ ၂၀၂၅ ခုနှစ်အထိ အာဆီယံပို့ဆောင်ရေး ပူးပေါင်း ဆောင်ရွက်မှုမျှော်မှန်းချက် ချမှတ်ခြင်း၊ အာဆီယံ၏ တစ်ခု တည်းသော ရေကြောင်းပို့ဆောင်ရေးဈေးကွက် အကောင် အထည်ဖော်ဆောင်ရေး မူဘောင်ချမှတ်ခြင်းနှင့် ရေနံ ယိုဖိတ်မှု ပူးတွဲကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဖြေရှင်းရေး အာဆီယံ လုပ်ထုံးလုပ်နည်းဆိုင်ရာ နားလည်မှုစာချွန်လွှာ ချမှတ်ခြင်းနှင့် လက်မှတ်ရေးထိုးခြင်း။

၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သော မြန်မာနိုင်ငံက သတ်မှတ်ထားသော ဆောင်ပုဒ်မှာ "ရှေ့သို့တူညီ တက်လှမ်း ချီ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ" ဟူ၍ဖြစ်ကြောင်း။

အာဆီယံ၏ အဆုံးစွန်သောရည်မှန်းချက်မှာ ငြိမ်းချမ်း ဝေစည်၍ ကြွယ်ဝချမ်းသာသော အသိုက်အဝန်းပေါ်ထွန်း ရေးဖြစ်ပြီး ဤအကြိမ် (၂၀) မြောက် အာဆီယံပို့ဆောင်ရေး ဝန်ကြီးများ အစည်းအဝေးသည် နိုင်ငံတွင်းသာမက ဒေသ တွင်းကိုပါ အကျိုးဖြစ်ထွန်းစေမည့် အသီးအပွင့်တစ်ခု ဖော်ဆောင်ပေးမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ထည့်သွင်း ပြောကြားခဲ့သည်။

ယင်းနောက် ယဉ်ကျေးမှုအနုပညာအဖွဲ့မှ တပင်တိုင် အက၊ အာဆီယံအကတို့ဖြင့် ကပြဖျော်ဖြေကြပြီး ဒုတိယ သမ္မတသည် အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သည် ရွှေပြည်သာဟိုတယ်ရှိ သီးသန့်ဧည့်ခန်းမဆောင်၌ အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် တွေ့ဆုံခဲ့သည်။

**(သတင်းစဉ်)**

■

## ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သော မော်ရီတေးနီးယားအစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မော်ရီတေးနီးယားအစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာအာမတ်အူးလ်တဲဂူဒီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**■ ကျောဖုံးမှ**

ယင်းဥပဒေများသည် ထိရောက်မှုရှိပါမှ ပြည်သူများ၏ ဘဝပေါ်တွင် ထိရောက်မှုရှိမှသာ မိမိတို့သည် ပြည်သူ့အကျိုးပြုသည်ဟု ဆိုနိုင်မည်ဖြစ်ပါကြောင်း။

ဦးဇော်မြင့်ဖေတင်ပြခဲ့သည့်အခါတွင် ကောင်းသောအုပ်ချုပ်မှုစနစ်အတွက် နည်းဥပဒေများ လိုအပ်သည်ဟုဆိုကာ ပြောကြားသွားပါကြောင်း၊ မိမိအနေဖြင့်ဒီထက်ပို၍ ကျယ်ကျယ်ဝင့်ဝင့် ပြောလိုပါကြောင်း၊ ဥပမာအချို့ဖြင့် ပြောလိုပါကြောင်း၊ ဥပမာအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂-၁၁-၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း။

သို့သော်လည်း ယခုထက်ထိ နည်းဥပဒေများ မထွက်ပေါ်လာသေးပါကြောင်း၊ ထိုသို့နည်းဥပဒေများ မထွက်ပေါ်လာနိုင်ခြင်းကြောင့် မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် ရင်းနှီးမြှုပ်နှံမှုများကို လိုအပ်သလောက်မရဖြစ်နေပါကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရောက်လာသည့် လုပ်ငန်းရှင်အချို့သည် နည်းဥပဒေများမရှိခြင်းကြောင့် စဉ်းစားသာစဉ်းစားကာ ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ဘဲ ပြန်သွားကြသည်မှာ တော်တော်များများရှိနေသည်ကိုလည်း မိမိတို့မြင်တွေ့နေရပါကြောင်း၊ ၃၁-၇-၂၀၁၃ မှစတင်ပြီး ငွေကြေးသက်သေခံလက်မှတ်များ လဲလှယ်ခြင်းနှင့် ရောင်းဝယ်ရေးဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ယင်းဥပဒေနှင့် ပတ်သက်လာပါက နည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ မထွက်လာသေးပါကြောင်း။

အလုပ်သမားများနှင့်ပတ်သက်၍ ဦးဇော်မြင့်ဖေက **အနည်းဆုံးလခ၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြောသွားပါကြောင်း၊ ယင်းဥပဒေများသည် ထုတ်သာထုတ်ထားသော်ငြား၊ ပြဋ္ဌာန်းထားမှုများရှိနေသော်ငြား နည်းဥပဒေများ မထွက်သေးကြောင်း၊** စည်းမျဉ်းစည်းကမ်းများ မထွက်သေးပါကြောင်း၊ တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ၈-၁၀-၂၀၁၃ ရက်ကတည်းက ပြဋ္ဌာန်းခဲ့ပါကြောင်း၊ သို့ရာတွင် ယင်းဥပဒေသည်လည်း နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ မထွက်ပေါ်လာသေးသောကြောင့် ထိရောက်မှုမရှိသေးပါကြောင်း။

သတင်းမီဒီယာနှင့်ပတ်သက် သည့်ဥပဒေဆိုပါကလည်း ယခုနှစ်အစောပိုင်းတွင် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော် ယခုထက်တိုင် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများမထွက်သေးသည့်အတွက် ယင်းမီဒီယာဥပဒေသည်လည်း သက်ရောက်မှုမရှိသေးပါကြောင်း၊ ပြီးပြည့်စုံပြီဟုပြောနိုင်စေရန်အတွက် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ပေးနိုင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးချက်နှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ၂၀၁၂ နိုဝင်ဘာလတွင်ပြဋ္ဌာန်းခဲ့သည့်ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ နိုဝင်ဘာလ ၂ ရက်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကာ **နည်းဥပဒေကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ ရက်စွဲဖြင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိမိကိုယ်တိုင်လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။**

အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေနှစ်ခုလုံးကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပူးတွဲရိုက်နှိပ်ပြီး စာအုပ်များထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း စာအုပ်များရိုက်နှိပ်ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ထို့အတွက် အဆိုပါနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအားလုံးကို သတ်မှတ်ထားသည့် ရက်အတွင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါထုတ်ပြန်ထားပြီးသော စာအုပ်စာတမ်းများကို တင်ပြပေးမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြောကြားရာတွင် ဝန်ကြီးတင်ပြသွားသကဲ့သို့ မိမိတို့ ပြန်ကြည့်သည့်အခါတွင် ၇-၁၁-၂၀၁၄ ရက်အထိနောက်ဆုံးထားသည့် မှတ်တမ်းအမှတ်စဉ် (၈)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ၊ စီမံ/စီးပွားက ပေးပို့သည့်ရက်က ၃၁-၁-၂၀၁၃ အမိန့်ကြော်ငြာစာကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့က ၁-၂-၂၀၁၃ ရက်တွင် ဖြန့်ဝေပါကြောင်း၊ ထို့အတွက် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တွင်ရှိကြသည့် လွှတ်တော်ကိုယ်စားလှယ်များက ပေးပို့လာသော နည်းဥပဒေ၊ အမိန့်ကြော်ငြာစာကို ပြင်ဆင်ချက်ရှိပါကြောင်း၊ ယင်းမှာ ၂၅-၃-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်နှင့်အတည်ပြုပြီးဖြစ်ပါကြောင်း၊ **ထို့အတွက် မိမိတို့ထံတွင်ရှိသည့် မှတ်တမ်းမှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၏ ဝန်ကြီးဌာနမှ ထုတ်ပြန်ပေးတယ်ဟု တွေ့ရှိရပါကြောင်းဖြင့်** ပြောကြားခဲ့သည်။

အဆိုနှင့် ပတ်သက်၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက **အနည်းဆုံးအခကြေးငွေနည်းဥပဒေများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၂၀-၆-၂၀၁၃ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနသို့စိစစ်အကြံပြုခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ယင်းနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊** ထို့အတူ လူမှုဖူလုံရေး နည်းဥပဒေများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၂၆-၆-၂၀၁၃ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနသို့စိစစ်အကြံပြုခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ယင်းနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး နည်းဥပဒေများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၄-၄-၂၀၁၄ ရက်တွင် ပထမအကြိမ်၊ ၂၅-၇-၂၀၁၄ ရက်တွင် ဒုတိယအကြိမ် စိစစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း အမြန်ဆုံးထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။


ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေး နည်းဥပဒေများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၁၄-၈-၂၀၁၄ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနသို့ စိစစ်အကြံပြုခဲ့ပြီး သတင်းမီဒီယာနည်းဥပဒေများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၂၁-၁၀-၂၀၁၄ ရက်တွင်လည်းကောင်း၊ ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နည်းဥပဒေများကို ၁၇-၁၀-၂၀၁၄ ရက်တွင်လည်းကောင်း လက်ခံရရှိခဲ့ပြီး အမြန်ဆုံး စိစစ်အကြံပြုပေးပို့နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနများအနေဖြင့် ထုတ်ပြန်ရန်လိုအပ်သည့်နည်းဥပဒေများကို အချိန်မီထုတ်ပြန်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြသော်လည်း လက်တွေ့နည်းဥပဒေများကို ရေးဆွဲရာတွင် ဥပဒေနှင့်အညီ ချောချောမွေ့မွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် အသေးစိတ်ကျယ်ကျယ်ပြန့်ပြန့်ရေးဆွဲရခြင်း၊ လိုအပ်လျှင် ပုံစံဇယားများထည့်သွင်းဖော်ပြရခြင်း၊ နည်းဥပဒေတွင် ပါဝင်မည့်အချက်အလက်များနှင့်စပ်လျဉ်း၍ ဆက်စပ်သည့်ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း၊ အချို့ဥပဒေများမှာ အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့်သက်ဆိုင်သဖြင့် ယင်းအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ရခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေရေးဆွဲရေးဆိုင်ရာကျွမ်းကျင်မှု အားနည်းနေသေးခြင်း စသည်တို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် အချိန်မီထုတ်ပြန်နိုင်ရေးမှာ အခက်အခဲများလည်းရှိနေပြီး ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် ဝန်ကြီးဌာန အသီးသီးကလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

တင်ပြရလျှင် ယခု နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ပြည်ထောင်စုဝန်ကြီးဌာန (၂၂)ခုမှ စုစုပေါင်း (၄၄) ဦး ပါဝင်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNDP တို့ပူးပေါင်း၍ ဥပဒေရေးဆွဲရာတွင် အထောက်အကူပြုနိုင်ရေးအတွက် အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရွှေနန်းတော်ဟိုတယ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ ပထမအကြိမ်ကိုလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNDP ပူးပေါင်းကာ ဥပဒေရေးဆွဲရေးနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ၂၃-၁၀-၂၀၁၃ ရက်မှ ၁-၁၁-၂၀၁၃ ရက်အထိ ကျင်းပခဲ့ပါကြောင်းကို တင်ပြလိုပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**(သတင်းစဉ်)**




**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နည်းဥပဒေများစာအုပ်မျက်နှာဖုံး။**




# ဒုတိယသမ္မတ ဦးညဏ်ထွန်း အာဆီယံ-ရုရှား လူငယ်အနုပညာသံစုံတီးဝိုင်း ဖျော်ဖြေပွဲအခမ်းအနား တက်ရောက်အားပေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

အာဆီယံ-ရုရှား လူငယ်အနုပညာသံစုံတီးဝိုင်းမှ ဖျော်ဖြေတင်ဆက်သည့် The Cultural Program to Celebrate Myanmar's Chairmanship of ASEAN-2014 ဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

တေးဂီတဖျော်ဖြေပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Vasily Pospelov တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် အာဆီယံ-ရုရှားလူငယ်အနုပညာ သံစုံတီးဝိုင်းအဖွဲ့က ဆောင်းရယ်နှင်းရယ်ကိုယ့်ချစ်သူရယ်၊ တိမ်တမန် မြန်မာတေးသီချင်းများအပြင် ရုရှားနိုင်ငံ တေးသီချင်းများဖြင့် တီးခတ်ဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ခိုင်ပန်းစုံနှစ်ပါးသွားအကနှင့် ကဗျာ့ပန်းမြိုင်လယ် ယိမ်းအကဖြင့်လည်းကောင်း၊ ရုရှား Folk Group က ရုရှားတေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေခဲ့ကြသည်။

ဖျော်ဖြေပွဲအပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးတို့က ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းတို့ကို ပေးအပ်ကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# လစာတိုးပေးရန်အတွက် အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပခဲ့ရာ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဒုတိယပိုင်းအနေဖြင့် လစာတိုးပေးရေးနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းပြောကြားရာတွင် ဒုတိယပိုင်းအနေဖြင့် အဆိုနှင့်ဆက်စပ်ပြီးဆွေးနွေးထားသည့် ၁၂-၁၁-၂၀၁၄ ရက်က ဦးဇော်မြင့်ဖေ၏ လစာတိုးရေးကိစ္စနှင့်ပတ်သက်ပြီး မိမိအနေဖြင့် အနည်းငယ်ဖြည့်စွက် ရှင်းလင်းဆွေးနွေးခွင့်ပြုဖို့ တင်ပြတောင်းဆိုအပ်ပါကြောင်း၊ ဆွေးနွေးတင်ပြချက်များသည် မိမိစဉ်းစားသုံးသပ်သည့် အမြင်ဘက်က တွေ့ရှိချက်များနှင့် ပတ်သက်ပြီး ဆွေးနွေးခြင်းဖြစ်သည့်အတွက် သဘောမတိုက်ဆိုင်မှုများ ရှိနိုင်ပါကြောင်း၊ အမြင်မတူမှုများရှိနိုင်ပါကြောင်း။

အဆိုပါနေ့က မိမိတင်ပြချက်ထဲတွင် ဖြစ်ချင်သည့်ဆန္ဒ၊ ဖြစ်နိုင်သည့် သဘာဝ၊ ဖြစ်သင့်သည့် ပမာနကို မိမိတို့စဉ်းစားသုံးသပ်ပြီး တင်ပြခဲ့ပါကြောင်း၊ ထို့အတူ လက်တွေ့တွင် ထိရောက်ပတ်သက်လာမည့် အကြောင်းအရာများနှင့် ပတ်သက်ပြီး စဉ်းစားရမည့်အချက်များ စဉ်းစားရန်၊ နောင်အနာဂတ်တွင် ဆက်စပ်ဖြစ်ပျက်လာမည့် အရာများ၊ Sustainable ဖြစ်ရန် ကိစ္စများနှင့်ပတ်သက်၍ စဉ်းစားရန် မိမိထည့်သွင်းတင်ပြခဲ့ပါကြောင်း။

ယခုအချိန်တွင် ယင်းအဆိုပေါ်ပေါက်လာပြီးသည့်အချိန်၌ အလွန်စိတ်ဝင်စားဖို့ကောင်းသည့် ခေါင်းစဉ်တစ်ခုဖြစ်ပြီး ပြည်သူကြားတွင်လည်း ပျံ့နှံ့နေသည့် ကိစ္စတစ်ရပ် ဖြစ်ပါကြောင်း၊ ယင်းအချက်များနှင့်ပတ်သက်ပြီး ပြည်သူများလည်း ရှင်းရှင်းလင်းလင်းသိစေရန် ရှင်းလင်းတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါကြောင်း။

ပထမဦးဆုံးအနေဖြင့် ယခုလစာတိုးမြှင့်မှုနှင့်ပတ်သက်ပြီး ဆက်စပ်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ဂယက်များနှင့် ပတ်သက်ပြီး မိမိတို့ထည့်သွင်းစဉ်းစားမှုအပိုင်း ဖြစ်ပါကြောင်း၊ ပထမဆုံးအချက်သည် ပေးနိုင်မည့် လစာနှုန်းထားတွေ၊ ပေးနိုင်မည့် ငွေကြေးပမာဏကို တွက်ချက်ရပါကြောင်း၊ ယခုအချိန်တွင် မိမိတို့ အသေးစိတ် တွက်ချက်နေပါကြောင်း၊ ပြီးပြတ်မှုမရှိသေးပါကြောင်း၊ အပြန်ပြန်အလှန်လှန် အမျိုးမျိုး အချက်အလက်ပေါင်းစုံမှ ဆက်စပ်ပြီး တွက်ချက်နေပါကြောင်း၊ တွက်ချက်သည့်နေရာတွင် ဝန်ထမ်းဟူသည့် အနေအထား၌ ဝန်ထမ်းမှာ အမြဲတမ်းဝန်ထမ်းများရှိပါကြောင်း၊ နေ့စားဝန်ထမ်းများ ရှိပါကြောင်း၊ ပုံသေလစာရသည့် ဝန်ထမ်းများ ရှိပါကြောင်း၊ ထို့အတူ အပိုထောက်ပံ့ကြေးများပေးနေသည်လည်း ရှိပါကြောင်း၊ ထို့အတူ ဒေသစရိတ်များ ပေးနေသည်လည်း ရှိပါကြောင်း။

ယင်းအဆင့်ဆင့်ကို မိမိတို့ တစ်ဆင့်ချင်း တစ်ဆင့်ချင်း လက်ရှိပေးနေသည်များကို တွက်ချက်ပါကြောင်း၊ နောင်အနာဂတ်တွင် ဖြစ်ပေါ်လာမည့်အရာများကို မိမိတွက်ချက်သည့် အနေအထားဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ပင်စင်အသုံးစရိတ်များရှိပါကြောင်း၊ မိမိတို့မြို့ပြ ဝန်ထမ်းများ၏ ပင်စင်အသုံးစရိတ်၊ ကာကွယ်ရေးဝန်ထမ်းများ၏ ပင်စင်အသုံးစရိတ်များကိုလည်း တွက်ချက်နေပါကြောင်း။

ထို့အတူ ချီးမြှင့်ငွေ၊ နေ့တွက်စရိတ်၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အဆင့် ချီးမြှင့်ငွေနေ့တွက်စရိတ်များကို တွက်ချက်နေသည်လည်းရှိပါကြောင်း၊ လစာနှုန်း စရိတ်အသစ်ကြောင့် တိုးပွားလာမည့် သာမန်အသုံးစရိတ်များ ခုနကမိမိတို့ စီမံကိန်းဝန်ကြီးတင်ပြသွားသည့် အထဲတွင်ပါသော ဆက်စပ်သည့် ငွေလုံးငွေရင်း၊ သာမန်အချိုး ပြောင်းလဲမှုနှင့် နိုင်ငံတော်၏ စီမံကိန်းတွင် ပတ်သက်သည့် အချက်ကိုလည်း မိမိတို့စဉ်းစားသုံးသပ်ပါကြောင်း၊

ထို့ပြင် လက်ရှိ ငွေကြေးအခြေအနေ၊ နိုင်ငံတော်၏ ဒေါ်လာငွေကြေးလဲလှယ်မှုအခြေအနေ၊ ငွေဖောင်းပွမှုနှုန်းထား ယင်းတို့ကိုလည်း ဆက်လက်သုံးသပ်နေပါကြောင်း၊ ထို့အတူ လှည့်ပတ်သုံးစွဲငွေပမာဏ၊ ဈေးကွက်ထဲတွင် ရောက်ရှိနေသည့်၊ ပြည်တွင်းတွင်ရောက်ရှိနေသည့် လှည့်ပတ်သုံးစွဲငွေပမာဏ တိုးပွားလာနိုင်မည့် အနေအထား၊ ငွေကြေးကို ဝန်ထမ်းလစာတိုးပေးလိုက်သည်နှင့် ဝန်ထမ်းလစာ တိုးပွားလာမည့် ငွေကြေးပမာဏ ဝင်ရောက်သွားမည့်ပမာဏ၊ ပတ်သက်လာမည့် အနေအထားများ ထည့်သွင်းစဉ်းစားနေပါကြောင်း၊ ထို့အတူ ငွေကြေးဖောင်းပွမှုနှင့်အတူ ဆက်စပ်ပြီး လက်ရှိနိုင်ငံတော်၏ ဝယ်လိုအား၊ ရောင်းလိုအား အနေအထား၊ ကုန်ဈေးနှုန်းကြီးမြင့်လာမည့်အနေအထား ယင်းအချက်များသည်လည်း အလွန်စဉ်းစားရမည့်အနေအထား ဖြစ်ပါကြောင်း၊ အခြားသော ပြည်သူ့ဘဏ္ဍာငွေနှင့် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စများ၊ ကဏ္ဍရပ်များတွင် ခုနက စီမံကိန်းနှင့်ပတ်သက်ပြီး တင်ပြမှု၌ မည်သို့မည်ပုံပတ်သက်ပြီး ထိခိုက်လာနိုင်မည်နည်း၊ ယုတ်လျော့သွားနိုင်မည်နည်း ထိုအချက်များကို ဆက်စပ်စဉ်းစားနေပါကြောင်း။

ထို့အတူ အဓိကကျသည်မှာ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့်အတူ ပြည်သူလူထုအပေါ်တွင် ထိခိုက်ပတ်သက်လာမည့် အနေအထားများကို မိမိတို့ စဉ်းစားသုံးသပ်နေပါကြောင်း၊ ဤနေရာတွင် အစိုးရဝန်ထမ်းမဟုတ်သည့် ပြည်သူလူထုအပိုင်းကို မိမိတို့ထည့်သွင်းစဉ်းစားရမည့် အနေအထားဖြစ်ပါကြောင်း၊ အကြမ်းဖျင်းအနေဖြင့် တင်ပြရမည်ဆိုပါက ဝန်ထမ်းသည် လက်ရှိနေ့စားအပါအဝင်၊ ကာကွယ်ရေးအပါအဝင်၊ မြို့ပြဝန်ထမ်းအပါအဝင် တစ်သန်းလေးသိန်းခန့်ရှိမည်ဟု ခန့်မှန်းရပါကြောင်း၊ မိမိတို့လူဦးရေသည် ၅၁ သန်း ကျော်ရှိသည့်အနက် ကျန်သည့်သန်း ၅၀ သော ပြည်သူလူထု၏ ထိခိုက်ပတ်သက်မှုကို အဓိကထား စဉ်းစားနေပါကြောင်း၊ ယခင်က တိုးပေးခဲ့သည်များနှင့်ပတ်သက်ပြီး ပေးကားပေး၏ မရ၊ လစာတိုးလိုက်သည်နှင့် ကုန်ဈေးနှုန်းကြီးမြင့်သည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားနေသည်ကို တင်ပြအပ်ပါကြောင်း။

လစာတိုးရန်အတွက် မိမိတို့ အခွန်ငွေရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ အခြားသောဝန်ကြီးဌာနများ အပါအဝင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိစေရန် လုပ်ရပါမည်၊ ကြိုးပမ်းဆောင်ရွက်ရပါမည်၊ ကုန်ထုတ်စွမ်းအားများ တိုးတက်စေရန် လုပ်ဆောင်ရပါမည်၊ ဝန်ဆောင်မှုကဏ္ဍများ တိုးတက်စေရန် လုပ်ဆောင်ရပါမည်၊ ထိုမှရသည့် ဝင်ငွေအနေအထားများ တိုးတက်လာပြီး သုံးငွေနှင့်ရငွေ မျှတမှုသာလျှင် Balance Budget ဖြစ်နိုင်မည်ဖြစ်ကာ မမျှတပါက Deficit Budget လိုငွေပြဘတ်ဂျက် ဖြစ်နေပါကြောင်း၊ လက်ရှိအနေအထားတွင် လိုငွေပြ ဘတ်ဂျက်ဖြစ်နေကာ လိုငွေကို လက်ရှိပြည်တွင်းကြွေးမြီအနေဖြင့် ကျန်နေခြင်းဖြစ်ပါကြောင်း၊ ယခုနှစ်တွင် လိုငွေအနေဖြင့် ရာခိုင်နှုန်းအားဖြင့် ၅ ရာခိုင်နှုန်းကို (Frame) ဘောင်သတ်မှတ်ထားပြီး ထိုအောက်သို့ရောက်အောင် ထိန်းထားနိုင်သော်လည်း ယခင်နှစ်များ နှစ်ပေါင်းများစွာ တင်လာသည့် ပြည်တွင်းကြွေးမြီများသည် မိမိတို့ ဆက်လက်ပေးချေ ရမည့် အနေအထားဖြစ်နေသည့်အတွက် ယင်းအချက်များကိုလည်း ထည့်ပြီးစဉ်းစားရမည်ဖြစ်ပါကြောင်း။

ဦးဝင်းသန်းတင်ပြသွားသည့်အတိုင်း ဝင်ငွေရရှိစေရန် ကြိုးစားသည့်အနေဖြင့် တစ်ဖက်ကကြိုးစားသကဲ့သို့ တစ်ဖက်ကလည်း သုံးငွေကို စိစစ်သည့်အနေဖြင့် စီမံကိန်းများကို မလုပ်သင့်သည့်စီမံကိန်းများ မလုပ်ဖို့ဆိုသည်မှာ စဉ်းစားသင့်သည့်အချက် ဖြစ်ပါကြောင်း၊ သို့သော်လည်း လက်ရှိအနေအထားအရ မိမိတို့ ကုန်ထုတ်လုပ်မှုများ မည်မျှတိုးတက်နေသနည်း၊ ဝင်ငွေများမည်မျှရနိုင်ပါသနည်း၊ ရနိုင်သည့်အနေအထားများအရ ဝင်ငွေသည် လိုငွေပြဘတ်ဂျက်ကို ကာမိသည့်ဝင်ငွေရရှိပြီလား စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားပေးရန်လိုပါကြောင်း။

လစာတိုးရန် ယခုနှစ် ၂၀၁၅-၂၀၁၆ တစ်ခုသာ မိမိတို့စဉ်းစား၍မရဘဲနှင့် နောင်ရေရှည် မိမိတို့ အတည်ပြုထားသည့် နှစ်ရှည်၊ နှစ်လတ်စီမံကိန်းများကိုလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်သလို Sustainable ရေရှည်တွင် မိမိတို့နိုင်ငံ၏ ဝင်ငွေ၊ သုံးငွေများကို မျှတစေရန်လည်း ထည့်သွင်းဆက်စပ်စဉ်းစားသင့်ပါသည်ဟု မိမိအနေဖြင့် တင်ပြလိုပါကြောင်း။

ထို့အတူ ဝန်ထမ်းများ လစာတိုးမြှင့်ရေးကိစ္စနှင့်ပတ်သက်ပြီး နောက်ဆုံးအချုပ်အနေဖြင့် နိုင်ငံတော်ဘဏ္ဍာမှ ဘယ်လောက်ပမာဏကို မူတည်ပေးနိုင်မည်နည်း၊ ယင်းပမာဏကို မိမိတို့တွက်ချက် စဉ်းစားရမည်ဖြစ်ပါကြောင်း၊ မိမိတင်ပြနေခြင်းသည် မပေးချင်၍ (Complaint) ဆင်ခြေတက်သည့် အနေအထားမဟုတ်ပါကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည်ကို စဉ်းစားရန်အတွက် တင်ပြလိုခြင်း ဖြစ်ပါကြောင်း၊ တိုက်ရိုက်အထောက်အကူဖြစ်မည့် လစာတိုးမြှင့်ပေးရေးကိစ္စကို စဉ်းစားဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ သင့်တင့်မျှတသော နိုင်ငံတော်ဘတ်ဂျက်အနေဖြင့်လည်း Sustainable ဖြစ်သော၊ အနာဂတ်တွင်လည်း နောင်တက်လာမည့် နောင်သွားမည့် အစိုးရသည်လည်း ဆက်တိုက်ဆောင်ရွက်ပေးနိုင်သည့် မျှတသောစရိတ်များဖြစ်ရန်၊ မျှတသော လစာများဖြစ်ရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ စဉ်းစားသည့်အပိုင်းတွင် တိုက်ရိုက်အထောက်အကူဖြစ်သလို သွယ်ဝိုက်အထောက်အကူဖြစ်သည့် ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးထောက်ပံ့မှု၊ နေရေးအကူအညီပေးမှု ယင်းတို့ကို မိမိတို့ ဘတ်ဂျက်ထဲကပင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းကိုဆောင်ရွက်ပေးခြင်းသည် ဝန်ထမ်းများကို လစာအနေဖြင့် ထည့်ပေးလိုက်ခြင်း မဟုတ်သော်လည်း ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ဘတ်ဂျက်ထဲက ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ယင်းသို့လုပ်ပေးလိုက်သည့် သွယ်ဝိုက်အထောက်အကူများသည် ဝန်ထမ်းများသာမက ခုနက မိမိပြောသည့် သန်း ၅၀ သော ပြည်သူလူထုအား လာရောက်ပြီး ပတ်သက်မည်ဖြစ်သည့်အတွက် တိုက်ရိုက်ဖြစ်သည့် ဝန်ထမ်းများကို သင့်တင့်မျှတသော ဘတ်ဂျက်မှနေ ထောက်ပံ့ပေးနိုင်သည့် လစာကို မိမိတို့ ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဝန်ထမ်းများအပါအဝင် ပြည်သူလူထုကို အထောက်အကူဖြစ်မည့် ငွေလုံးငွေရင်း အသုံးစရိတ်ထဲမှ ကျန်းမာရေး၊ ပညာရေး၊ နေထိုင်ရေး အသုံးစရိတ်များကိုလည်း ငွေလုံးငွေရင်းစရိတ်က သုံးစွဲရန်လိုပါကြောင်း၊ ယင်းသုံးစွဲမှုသည် ဝန်ထမ်းများတွင်လည်း ဝန်ထမ်းလစာတိုးသကဲ့သို့ သွယ်ဝိုက်အထောက်အကူဖြစ်ပြီး ဝန်ထမ်းများ သက်သာချောင်ချိရေးကိုလည်း မိမိတို့တစ်တွေ ကြိုးပမ်းဆောင်ရွက်သွားရမည့် အနေအထားဖြစ်သည်ကို ရှင်းလင်းတင်ပြအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။
- ☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရ ငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အမျိုးသားပညာရေးနည်းဥပဒေများနှင့်ဆက်စပ်ဥပဒေများ ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရန် ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

**ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ဥပဒေပြုစုရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေပြုစုရေးလုပ်ငန်းအဖွဲ့ဝင်များ၊ ဥပဒေပညာရှင်များ၊ ဥပဒေပါမောက္ခများနှင့် အကြံပေးပညာရှင်များ တက်ရောက်ကြသည်။**

အဆိုပါ ဆွေးနွေးပွဲတွင် ဆက်စပ်ဥပဒေများဖြစ်သော အခြေခံပညာရေးဥပဒေကြမ်း၊ အဆင့်မြင့်ပညာရေးဥပဒေကြမ်းနှင့် ဆရာအတတ် ပညာရေး ဥပဒေကြမ်းတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း အများပြည်သူအား ချပြဆွေးနွေး အကြံဉာဏ်တောင်းယူကာ အစိုးရနှင့်လွှတ်တော်သို့ ဆက်လက်တင်ပြနိုင်ရေး ဆွေးနွေးကြောင်း သတင်းရရှိသည်။ ယခင် အမျိုးသားပညာရေး ဥပဒေကြမ်းကိုလည်း ပညာရေးနှင့်ပတ်သက်ဆက်နွှယ်နေသူအားလုံးကို ချပြဆွေးနွေးအကြံယူခဲ့သည့် နည်းတူ ယခု ဆက်စပ်ဥပဒေများကိုလည်း ပညာရေးစီမံခန့်ခွဲသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ၊ ပညာရေးနှင့်ဆက်စပ်သူအားလုံးပါဝင်ဆွေးနွေးအကြံပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေပြုစုရေး လုပ်ငန်းအဖွဲ့သည် အမျိုးသားပညာရေးဥပဒေကြမ်းပြုစုစဉ်ကာလကတည်းက အမျိုးသားပညာရေး နည်းဥပဒေများ၊ အခြေခံပညာရေး ဥပဒေကြမ်း၊ အဆင့်မြင့်ပညာရေးဥပဒေကြမ်းနှင့် ဆရာအတတ်ပညာရေး ဥပဒေကြမ်းကို တစ်ပြိုင်နက်ရေးဆွဲခဲ့သည်။ ဥပဒေရေးထုံးနှင့်အညီ ဥပဒေ၊ နည်းဥပဒေများ၊ ကဏ္ဍအလိုက် နည်းဥပဒေများ တက္ကသိုလ်ပဋိညာဉ်များကိုအဆင့်ဆင့်ရေးဆွဲခဲ့ကြပြီး ပင်မဥပဒေဖြစ်သော အမျိုးသားပညာရေး ဥပဒေကို လွှတ်တော်သို့ ဦးစွာတင်ပြခဲ့ခြင်းဖြစ်သည်။ အမျိုးသားပညာရေးဥပဒေကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည်။ အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းပြီး ရက်ပေါင်း ၉၀ မတိုင်မီ အမျိုးသားပညာရေးနည်းဥပဒေ ပြဋ္ဌာန်းနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ထို့အပြင် ပညာရေးနည်းဥပဒေများနှင့် ဆက်စပ်ဥပဒေများတွင် ယနေ့ ကျောင်းသားအချို့ တောင်းဆိုနေသော အချက်များ ပါဝင်လာမည်ဖြစ်သဖြင့် ဆက်လက်ဆွေးနွေးသွားနိုင်မည်ဖြစ်ကြောင်းနှင့် ကျောင်းသားယူနီယံနှင့် ဆရာယူနီယံများ ဖွဲ့စည်းနိုင်ရေးအတွက် လာမည့်ပညာသင်နှစ် အသစ်စတင်မည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ၌ တက္ကသိုလ်အသီးသီးတွင် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ဆွေးနွေးပွဲများပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**(သတင်းစဉ်)**

□□

## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်

၆-၁၁-၂၀၁၄ ရက်နေ့ထုတ်ဝေခဲ့သည့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၅)နှင့် ကြေးမုံသတင်းစာ စာမျက်နှာ(၃)တို့တွင် "ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက Eleven Media Group အပေါ် တရားစွဲဆိုထားသည့်အမှုကို တတိယအကြိမ်မြောက် ရုံးချိန်းခေါ်ယူ"ဟု ဖော်ပြခဲ့ပါသည်။

ယင်းသို့ Eleven Media Group ဟု ဖော်ပြခဲ့ခြင်းမှာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက Eleven Media Group မှ စွပ်စွဲခံရသူများအပေါ် ၂၀၁၄ ခုနှစ်၊ ပြစ်မှုကြီးအမှတ်-၆၉၄ ဖြင့် တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ရာတွင် လူပုဂ္ဂိုလ်များကိုသာ တရားစွဲဆိုခြင်းဖြစ်သောကြောင့် ဦးတိုက်လျှောက်ထားလွှာတွင် ပါဝင်သော Eleven Media Group ၏ CEO လည်းဖြစ်၊ Weekly Eleven ဂျာနယ်၏ ထုတ်ဝေသူလည်းဖြစ်၊ ရာထူးအမြင့်ဆုံး ပုဂ္ဂိုလ်လည်းဖြစ်သည့် ဦးသန်းထွန်းအောင်၏ ရာထူးနှင့်တာဝန်အရ ညွှန်းဆိုရေးခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် သတင်းစာသားအတွင်း၌ အမှုကိစ္စနှင့် အကျုံးဝင်သူများကို အမည်နှင့်တကွ တိကျစွာ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာနှစ်စောင်၌ ဖော်ပြခဲ့သောသတင်းသည် Eleven Media Group မှ ကျန်ရှိသော ဒါရိုက်တာ အဖွဲ့ဝင်များအား ရည်ရွယ်ဖော်ပြခြင်းမဟုတ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

" ခွဲခြားနှိမ့်ချ ကင်းစင်ဝေး၊ ကူးစက်သေဆုံးမရှိရေး၊

ART (အေအာတီ)ဖြင့် ကုသပေး"

"Getting to Zero.

"Zero New HIV Infections. Zero Discrimination and Zero AIDS related Deaths"

## တောင်သာမြို့နယ် ပုဒါတ်စာကုန်းကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေချို ဖူလုံစွာရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ပုဒါတ်စာကုန်းကျေးရွာတွင် စက်ရေတွင်း၊ ရေလှောင်ကန်၊ ရေတင်စက်ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သူဇာဝေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလှူရှင် (ကမ္ဘောဇဘဏ်မိသားစု)၊ ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ကျေးရွာရှိ အဘိုးအဘွားများနှင့် ကျေးရွာသူကျေးရွာသားများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များ၊ အသင်းဒုတိယဥက္ကဋ္ဌ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်တို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျေးရွာရှိ ကျောင်းသားကျောင်းသူ ၃၁၁ ဦး၊ အထောက်အကူပြုအဖွဲ့ ၁၇ ဦး၊ ကျေးရွာနေအမျိုးသမီးအဖွဲ့ ၂၉ ဦး၊ အဘိုးအဘွား ၁၀၈ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၁၀ ဦးအား ထောက်ပံ့ငွေနှင့် လှူဖွယ်ပစ္စည်းတန်ဖိုး ကျပ် ၃၅၀၀၀၀၀၊ စက်ရေတွင်း စက်မောင်းဆီအတွက် ထောက်ပံ့ငွေကျပ် ၂၀၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြသည်။**(ယာပုံ)**

ယင်းနောက် ပုဒါတ်စာကုန်းကျေးရွာရှိ အလယ်တန်းအဆင့် ဘုန်းတော်ကြီးပညာသင်ကျောင်းနှင့် အစိုးရမူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အသိပညာပေးဆွေးနွေးခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်သည့် သိကောင်းစရာများကို အပြန်အလှန်ဆွေးနွေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက် စာအုပ်ဒါဇင် ၁၀၀၊ ခဲတံ ၅၂ ဒါဇင်နှင့် မုန့်များပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ**

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော SME ဘဏ်

Small & Medium Industrial Development Bank Limited

Safety
Stability
Satisfaction

လုံခြုံ ၊ စိတ်ချ ၊ မှန်ကန် ၊ မြန်ဆန် SMIDB Bank

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏
(၁၄)ခုမြောက် ( မော်လမြိုင်ဘဏ်ခွဲကြီး ) အား (၂၈ .၁၁. ၂၀၁၄) ရက်နေ့တွင်
မော်လမြိုင်မြို့ ၌ အောင်မြင်စွာ ဖွင့်လှစ်လိုက်ပြီဖြစ်ပါသည်။

ဘဏ်နှင့်ဆက်သွယ်လိုသော မိဘပြည်သူများ၊ လုပ်ငန်းရှင်များ၊ အစုရှယ်ယာရှင်များအတွက်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

မော်လမြိုင်ဘဏ်ခွဲ

အမှတ်(၆၇၅)၊ အောက်လမ်းမကြီး၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့။
ဖုန်း - ၀၅၇ ၂၄၃၈၅၊ ၂၄၇၉၀
ဖက်(စ်) - ၀၅၇ ၂၄၁၈၆၊ ၂၄၄၃၆

**ပြည်တွင်းရေးရာ**

# မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ နှစ်(၁၀၀)ပြည့်ကျေးဇူးတော်ချီးမွမ်းခြင်း ဓမ္မသဘင်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီက ကြီးမှူးကျင်းပသည့် နှစ်(၁၀၀)ပြည့်ကျေးဇူးတော်ချီးမွမ်းခြင်းဓမ္မသဘင်ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ အဆိုပါ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်ဝင်းအတွင်း ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မုခ်ဦးဖွင့်ပွဲ အစီအစဉ်အဖြစ် ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ ဦးစောပတ်ထရစ်လူနီ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ဒေါက်တာဦးဇော်ဝင်းအောင်၊ သိက္ခာတော်ရ ဆရာမဒေါ်ခင်ခင်၊ Dr.Mathews George Chuna kara, Rev. Dr. Henriette Hutabarat အစရှိသော ဂိုဏ်းဂဏခေါင်းဆောင်များနှင့် ဧည့်သည်တော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်တို့မှ ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

အခမ်းအနားသို့တက်ရောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ခရစ်ယာန်အသင်းတော်များနှင့် ဘာသာဝင်အဖွဲ့အစည်းများသည် မိမိတို့ယုံကြည်ကျင့်သုံးမှု

**သတင်း-ထက်ခိုင်(စမ်းချောင်း)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

အလျောက် အမျိုးမျိုးခြားနားနေကြသော်လည်း ဘုရားသခင်၏ ဆုံးမမှုအောက်တွင်ရှိကြသည့် အားလျော်စွာ မိမိတို့ အသင်းတော်များအတွင်း ပုထုဇဉ်တို့ သဘောသဘာဝအလျောက်ဖြစ်ပေါ်သည့် မတူညီသော ဆန္ဒများကို အကြောင်းပြုပြီး ဖြစ်ပွားပေါ်ပေါက်လာသည့် အရေးကိစ္စများရှိပါကလည်း မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ ကောင်စီအနေဖြင့် ခရစ်ယာန်ဘာသာဝင်တို့၏ ဖော်ရွေမှု၊ သည်းခံမှု၊ မေတ္တာထားမှုနှင့် ခွင့်လွှတ်မှုတရားများ လက်ကိုင်ပြုလျက် တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်သင်းနှင့်တစ်သင်း၊ ငြိမ်းအေးမှုရအောင် အသင်းကြီး၏ သက်တမ်းရှည်မှု၊ စည်းလုံးညီညွတ်မှုအားနှင့် ဝိုင်းဝန်းဆောင်ရွက်ပံ့ပိုးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ လူသားများ ဆည်းကပ်ကိုးကွယ်ကြသော ဘာသာတရားတိုင်းနှင့် ကမ္ဘာ့လူသားများအားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့်အဆုံးအမများ၊ တရားတော်များ အသီးသီးရှိကြပါကြောင်း၊ ဘာသာတရားတစ်ခုကို ယုံကြည်စွာဆည်းကပ်




ကိုးကွယ်ခြင်းက ယင်းဘာသာ၏ အဆုံးအမများ၊ ဟောကြားချက်များကို လိုက်နာကျင့်ကြံခြင်းသာ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူနိုင်ငံသားအားလုံးမှာ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိကြသည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိပြီးဖြစ်သည်ကို အားလုံးအသိပဲဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်ဘာသာဝင်တိုင်းကိုမဆို မိမိတို့ဘာသာတရားအစဉ်အလာများနှင့်အညီ ဆောင်ရွက်နိုင်ကြစေရန် အားပေးကူညီစောင့်ရှောက်လျက်ရှိပါကြောင်း၊ မိမိတို့ယုံကြည်ရာ ဘာသာတရားများက သွန်သင်ဆုံးမသည့်အတိုင်း လိုက်နာကြပြီး တည့်မတ်မှန်ကန်စွာ ကျင့်ကြံနေထိုင်ကြမည်ဆိုလျှင် ကောင်းကျိုးချမ်းသာများ တိုးပွားဖြစ်ထွန်းကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများဖြစ်ကြသည့် ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အမိနိုင်ငံတော်ကြီး၏ သားသမီးစာရင်းဝင်များဖြစ်ကြသည့် အားလျော်စွာ ခရစ်တော်၏ဟောကြားချက် အဆုံးအမနှုတ်မြွက်စကားတော်များနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ကြလျက် မိမိတို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအကျိုးကို အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးပေးစွမ်းနိုင်ကြသည့် ဘုရားသခင်၏သားကောင်းသမီးမွန်များဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီသည် မြန်မာနိုင်ငံတွင်းသို့ ခရစ်ယာန်သာသနာပြုများ စတင်ဝင်ရောက်ချိန် ၁၉၁၄ ခုနှစ်တွင် Burma Representative Council အဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး တစ်ချိန်တည်းမှာပင် အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတို့တွင်လည်း ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၂၃ ခုနှစ်ဝန်းကျင်တွင် ခရစ်ယာန်ကောင်စီ (မြန်မာပြည်)အမည်ဖြင့် တည်ရှိခဲ့ကာ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့်ကာလတွင် မြန်မာနိုင်ငံ ခရစ်ယာန်ကောင်စီအမည်ဖြင့် ရပ်တည်ခဲ့သည်။ ထို့နောက် ၁၉၇၂ ခုနှစ် သင်းလုံးကျွတ်အစည်းအဝေးမှစကာ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီဟူသော အမည်ဖြင့် ခရစ်ယာန်အသင်းတော်အချင်းချင်း တစ်သင်းနှင့်တစ်သင်းကြားပေါင်းစည်းရေး၊ အပြန်အလှန်လေးစားရေး၊ တူညီသောပန်းတိုင်ဆီရည်မှန်းကာ အတူတကွလက်တွဲဆောင်ရွက်ရေးနှင့် အသင်းတော်ညီညွတ်ရေးအတွက် အတူတကွကြိုးစားအားထုတ်ရေးစသည့် ရည်ရွယ်ချက်များဖြင့်လည်း လုပ်ဆောင်နေလျက်ရှိကြောင်းသိရသည်။

နှစ်(၁၀၀)ပြည့်ကျေးဇူးတော်ချီးမွမ်းခြင်း ဓမ္မသဘင်ကို နိုဝင်ဘာ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

## ချက်ကြံသီးနှံတစ်ဧက တန် ၅၀ နှင့်အထက်ထွက်ရှိရန် တောင်သူပညာပေးစိုက်ပျိုး

**အောင်လံ နိုဝင်ဘာ ၂၇**

သရက်ခရိုင် အောင်လံမြို့နယ် ပြလို့ကျေးရွာအုပ်စု နံ့ဇူပင်ကျေးရွာနေ တောင်သူဦးတင်ထွန်း၏ ချက်ကြံသီးနှံ လေးဧက စံပြကွက်တွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးမှူး၍ GAP စံပြကွက်ကွင်းပြပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်က ပြုလုပ်သည်။

ရှေးဦးစွာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ထွန်းက ပန်းတိုင်အထွက် တစ်ဧကတန် ၃၀ ထွက်ရှိရေးအတွက် အဓိကမျိုးပြောင်းလဲရေးနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် GAP နည်းစနစ်များကို ရှင်းလင်း ပြောကြားပြီး ဌာနမှတစ်ဧကတန် ၈၀ ထိ ထွက်ရှိနိုင်သော တစ်ဆစ်ချင်းပျိုးထောင်စိုက်နည်းစနစ်အား ရှင်းလင်း၍ GAP စိုက်ခင်းအား တောင်သူများ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒုရက်ဗိုလ်သကြားစက်(ပျဉ်းပင်လှ)ကြံစိုက်ပျိုးရေးခြံအတွင်းရှိ တစ်ဆစ်ပိုင်းပျိုးထောင်ကြံစိုက်ခင်းတွင် မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က တစ်ဧကတန် ၈၀ ထွက်ရှိနိုင်သော တစ်ဆစ်ချင်းပျိုးထောင်စိုက်နည်းစနစ်အား အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး လက်တွေ့ စိုက်ပျိုးနည်းများအရ သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

**Pleasant Times**
Travels & Tours Co.,Ltd
Release Your stress with Pleasant Times
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (Dec:24)
ပုဂံ-ပုပ္ပါး-စွယ်တော်လေးဆူ-ပခုက္ကူ (Dec:24)
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း (Dec:24)
ထားဝယ်- ရှင်ကိုးရှင်-မောင်းမကန် (Flight)(Dec:25)
ပြည်- အကောက်တောင်(နေ့ချင်းပြန်) (Nov:29,Dec:6)
မော်လမြိုင်- ကျိုက်ကမီ- စက်စဲ (Nov:29,Dec:6)
သထုံ- မဲလံတောင်- ဘုရင်ညီဂူ- ရေပူစမ်း (Nov:29,Dec:6)
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

**Wonderful Days** Travels & Tours
+ တောင်ကြီး ခရီးစဉ် Dec - 24 190,000 /-
+ မန္တလေး-ပြင်ဦးလွင် ခရီးစဉ် Dec - 24 185,000 /-
+ မော်လမြိုင်-ဘားအံ ခရီးစဉ် Dec - 26 157,000 /-
See Travelling, Feel Happy !
အမှတ်(၂၂၈)မြေညီထပ်၊ ငုဝါလမ်း၊ အလုံမြို့နယ်။
Ph- 220 905, 09 731 93262, 09 731 78716.

New ရွှေလမ်း ကျိုက်ထီးရိုး/ချောင်းသာ (ခနစဉ်)
စွယ်တော်(၃)ဆူ၊ ပြည်(၅)ပြည်၊ ပုပ္ပါး ပခုက္ကူ-သီဟိုဠ်ရှင် Dec 4,5
မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အာလောင်းတော်ကဿပ Dec 5,12,19,26
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ကဲ့လုံ၊ ထမ်ဖမ်း၊ ရွှေတော်ကဏ္ဍ
၂၄၄(ပထပ်)၊ ကျိုက္ကစံလမ်းမ၊ ကျောက်ကုန်းမြောင်းရေးမှတ်တိုင်အနီး 09-49337973,09-250515335,09-421041017

အာဇာနည်မြင့်ဘုရားဖူးနှင့် ကမ်းခြေပို့ဆောင်ရေး
ကျိုက်(၅)ကျိုက် 40000
ရွှေ(၅)ရွှေ 55000
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) / ငွေဆောင်(သောကြာ)
Ph: 09-425334456, 09-49578205,09-49323965,09-250233599

## ပြည်သူများသို့ အသိပေးတင်ပြချက်

စားသောက်ဆိုင်များအားပြေစာများတွင် အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်းလုပ်ငန်း အစီအစဉ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်မှစ၍ ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ စားသောက်ဆိုင်များအနေဖြင့် စားသုံးသည့်တန်ဖိုး၏ ၅ ရာခိုင်နှုန်း ကျသင့်အခွန်အတွက် ထိုက်သင့်သည့် ပြေစာအမှတ်တံဆိပ်များ ကပ်နှိပ်ပေးရန် တာဝန်ရှိပါသည်။ သို့ပါ၍ စားသုံးသူပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ငွေရပြေစာများကို တောင်းယူကြပါရန် အသိပေးအပ်ပါသည်။ အသုံးပြုသည့်ပြေစာအမှတ်တံဆိပ် နမူနာပုံစံဖော်ပြအပ်ပါသည်။




ပြည်တွင်းအခွန်များဦးစီးဌာန

**NEW WAY**
ကျိုက်ထီးရိုး (နေ့စဉ်) 9000
ချောင်းသာ (နေ့စဉ်) 13000
ကားမျိုးစုံ စီးလုံးငှား ဆောင်ရွက်ပေးသည်
ခရီးစဉ်တိုင်းအတွက် Discount ဖြင့်ရောင်းချပေးနေပါသည်။
09-73238655, 09-252312962

**ချစ်ပိုင်သစ္စာ** 562829,09-73198239 569782,09-450006779
ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ
တောင်ကြီး၊ အင်းလေး၊ ပင်းတယ
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။
www.chitpaithitsar.blogspot.com

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေး အလုပ်ရုံ ဆွေးနွေးပွဲ(၂)

ရန်ကုန်မြို့၏ အများပြည်သူသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် နိုဝင်ဘာလ(၁)ရက်က ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၏ ဖော်ထုတ်ချက်များကို ယခုအခါ အကောင်အထည်ဖော်လျက်ရှိပါသည်။ ၎င်းအချက်များအနက် ဘတ်စ်ကားစနစ်များ ပြောင်းလဲရေးအတွက် အများပိုင်ကုမ္ပဏီထူထောင်ရေး၊ School Bus စနစ်၊ ကား Parking များ တည်ဆောက်ရေးနှင့် ဦးစားပေးလုပ်ဆောင်သင့်သည့်အချက်များတို့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့်လုပ်ငန်းရှင်များ၊ လက်ရှိ အဆိုပါလုပ်ငန်းလုပ်ကိုင်နေသူများ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်ပါသည်။

**ပြုလုပ်မည့်နေရာ - UMFCCI၊ မင်္ဂလာခန်းမ**
**ပြုလုပ်မည့်နေ့ရက် - ၂-၁၂-၂၀၁၄ရက် (အင်္ဂါနေ့)**
**ပြုလုပ်မည့်အချိန် - နံနက် ၉း၃၀ နာရီမှ ၁၂း၃၀ နာရီ**
**ကြိုတင်စာရင်းပေးလိုပါက ဖုန်းနံပါတ် ၀၁-၃၇၈၇၉၈ နှင့် ၀၁-၂၃၀၁၂၁၁ သို့ ဆက်သွယ်ပါရန်။**

**ရတနာမိုး** ဗုဒ္ဓဂယာနှင့် သီရိလင်္ကာဘုရားဖူးပို့ဆောင်ရေး
EASY GO TRAVEL & TOURS CO.,LTD
ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဘုရားဖူးမမ္မမိတ်ဆွေ မိတ်ဟောင်း/သစ်များအတွက်အထူးအစီအစဉ် အနေဖြင့် (၇)ည(၈)ရက် ခရီးစဉ်(၈.၉)သိန်းကျပ် ထွက်ခွာမည့်ရက် - Feb 01, Mar 22 ဟိုတယ်စားရိတ်ငြိမ်း ကုသိုလ်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
(၁၄)ည (၁၅)ရက်ခရီးစဉ် ထွက်ခွာမည့်ရက် - Dec 28, Feb 01, 15, Mar 15, Apr 11
(ဂယာ၊ နယူးဒေလီ၊ အိန္ဒိယရေခဲတောင်) (၁၇)ည (၁၈)ရက်ခရီးစဉ်
အထက်ပါခရီးစဉ်များကို လစဉ်တိုင်းထွက်ရှိပေးပါမည်။ အကောင်းဆုံးဝန်ဆောင်မှုများကိုရရှိပြီးစိတ်ချမ်းသာစွာဘုရားဖူးနိုင်ရန် မိတ်ဟောင်း/သစ်များကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
ရန်ကုန်ရုံးချုပ် ☎ 01 - 377351-2, 246239, 09 - 73029315, 73198845, 30330800
မန္တလေးရုံးခွဲ 09-444026228, 09-444027228 ပြင်ဦးလွင်ရုံးခွဲ ☎ 085-29769, 09-33317787
E-mail:tour.easygotravel@gmail.com, www.easygotour.com

**အားကစား**

*ပြီးခဲ့တဲ့စပိန်လာလီဂါပွဲစဉ် (၁၂) မှာ ရီးယဲလ်မက်ဒရစ်ရော ဘာစီလိုနာပါ ဂိုးပြတ်နိုင်ပွဲတွေရခဲ့ကြတယ်။ ရီးယဲလ်က အီဘားကို လေးဂိုးပြတ်နဲ့အနိုင်ရပြီး ဘာစီလိုနာက ဆီဗီလာကို ငါးဂိုး - တစ်ဂိုးနဲ့ အနိုင်ရတယ်။ အဲဒီပွဲမှာ မက်ဆီလည်း ဂိုးသွင်းစံချိန်သစ်တင်နိုင်တယ်။ အခု ရီးယဲလ်က မာလာဂါနဲ့ဆုံပြီး ဘာစီလိုနာက ဗလန်စီယာနဲ့ ပြန်ဆုံရတဲ့အခါ ရီးယဲလ်နဲ့ ဘာစီလိုနာ ဂိုးပြတ်နိုင်ဦးမလားစောင့်ကြည့်ရမယ်......*

LIGA BBVA

ရှိုင်း မင်း မင်း

# စပိန်လာလီဂါ ရင်ခုန်သံ – ၁၃

**မာလာဂါ VS ရီးယဲလ် — နံနက် ၁း၃၀ (၃၀-၁၁-၂၀၁၄)**

မာလာဂါကွင်းမှာ ကစားတိုင်း ရီးယဲလ်ခက်ခဲမှုတွေ တွေ့ရတတ်တာမေ့လို့မဖြစ်ဘူး။ လက်ရှိမာလာဂါရဲ့ ခြေကကောင်းနေပြီး နောက်ဆုံးငါးပွဲမှာ လေးပွဲတိတိနိုင်ခဲ့တယ်။ ရှုံးတဲ့ပွဲကလည်း အက်သလက်တီကိုကို ရှုံးတာဖြစ်ပြီး အိမ်ကွင်းမှာဆိုရင် ခံစစ်ပိုင်းကပါ ကျစ်လျစ်လို့ ဒီပွဲတော့ ရီးယဲလ် ဂိုးပြတ်နိုင်ဖို့ခက်မယ်။

**ဆယ်တာဗီဂို VS အီဘား — နံနက် ၃း၃၀ (၃၀-၁၁-၂၀၁၄)**

ဆယ်တာဗီဂိုက နှစ်ပွဲဆက်အနိုင်ပျောက်လာတဲ့အတွက် အိမ်ကွင်းမှာတင် ကစားမှာသေချာတယ်။ အီဘားရဲ့ ခြေကလည်း တည်ငြိမ်မှုအားနည်းပြီး နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်တယ်။ ဒါကြောင့် ဆယ်တာဗီဂိုရဲ့ အိမ်ကွင်းအားနဲ့ ဖိအားပေးမှုကို ထိန်းဖို့မလွယ်ဘူး။ အီဘားသရေရဖို့တောင် ရုန်းကန်ရမယ်။

**အက်သလက်တီကို VS ဒီပို့တီဗို — ညနေ ၅း၃၀ (၃၀-၁၁-၂၀၁၄)**

အခုနောက်ပိုင်းမှာ အက်သလက်တီကိုရဲ့ ကစားပုံတည်ငြိမ်နေတယ်။ အထူးသဖြင့် အိမ်ကွင်းမှာဆိုရင် အရှုံးမရှိသေးဘူး။ ခြောက်ပွဲမှာ ငါးပွဲနိုင်ထားတယ်။ အက်သလက်တီကိုရဲ့ အဲဒီခြေကို ဒီပို့တီဗိုတို့ ပွဲချိန်ပြည့် ထိန်းချုပ်ဖို့ဆိုတာ ခက်ခဲလွန်းပါတယ်။ အက်သလက်တီကိုပဲ နိုင်ပွဲရသွားမှာပါ။

**ကော်ဒိုဘာ VS ဗီလာရီးယဲလ် — နံနက် ၀၀း၃၀ (၁-၁၂-၂၀၁၄)**

ဗီလာရီးယဲလ်က ကစားပုံကျနေတယ်။ ခံစစ်ပိုင်းက ဂိုးတွေဆက်တိုက်နီးပါးပေးလာရတယ်။ အဲဒါအပြင် ဗီလာရီးယဲလ်ဟာ ယူရိုပါလိဂ်လည်း ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ ဒါပေမယ့် ကော်ဒိုဘာရဲ့ခြေကလည်း အားနည်းလွန်းပြီး အမှတ်ပေးဇယားအောက်ခြေကို ရောက်နေတယ်။ ဗီလာရီးယဲလ်ကပ်နိုင်ဖို့ရှိတယ်။

**ဗလန်စီယာ VS ဘာစီလိုနာ — နံနက် ၂း၃၀ (၁-၁၂-၂၀၁၄)**

မက်ဆီဂိုးသွင်းခြေပြန်ရမှု၊ ဆွာရက်ဇ်ပိုမိုအထိုင်ကျလာမှုတွေနဲ့အတူ ဘာစီလိုနာတိုက်စစ်ဟာ ထက်မြက်မှုပိုရှိလာပါတယ်။ ဒါပေမယ့် ခံစစ်ပိုင်းက အားနည်းနေသလို ချန်ပီယံလိဂ်ကြောင့်လည်းပွဲပန်းလာနိုင်တယ်။ ဗလန်စီယာကလည်း နှစ်ပွဲဆက်အနိုင်ပျောက်မှုကို ရပ်တန့်ဖို့ အားစိုက်ကစားမှာဆိုတော့ ဘာစီလိုနာကပ်ပြီးပဲနိုင်မယ်။

# ဂါလာတာစာရေးနှင့် လမ်းခွဲရန်ဆန္ဒရှိနေသည့် ရှနိုက်ဒါ မန်ယူ သို့မဟုတ် ချယ်လ်ဆီးသို့ ပြောင်းရန် အသင့်ရှိနေ



**တူရကီကလပ် ဂါလာတာစာရေးအသင်းမှ ကွင်းလယ်ကစားသမား ရှနိုက်ဒါသည် လက်ရှိကလပ် ဂါလာတာစာရေးအသင်းနှင့် လမ်းခွဲရန်ဆန္ဒရှိနေပြီး ယင်းသို့ လမ်းခွဲခဲ့ပါက ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် မန်ယူအသင်း သို့မဟုတ် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် အသင့်ရှိနေကြောင်း သိရသည်။**

ကွင်းလယ်ကစားသမား ရှနိုက်ဒါသည် မကြာသေးမီက ဂါလာတာစာရေးအသင်း၌ ပြဿနာများဖြစ်ပွားခဲ့သော်လည်း လက်ရှိတွင် အစ္စတန်ဘူလ်၌သာ ဆက်ရှိနေဆဲဖြစ်သည်။ တူရကီကလပ် ဂါလာတာစာရေးအသင်းသည် ကွင်းလယ်ကစားသမား ရှနိုက်ဒါ၏ လုပ်ခလစာကို ပေးချေရန် လများစွာပျက်ကွက်ခဲ့ခြင်းကြောင့် ရှနိုက်ဒါအနေဖြင့် ဂါလာတာစာရေးအသင်းက ထရက်ဇွန်စပေါ်အသင်းအား သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ဂါလာတာစာရေးအသင်းကို စွန့်ခွာမည်ဆိုသည့် သတင်းများထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ရှနိုက်ဒါသည် ယခု ဂါလာတာစာရေးအသင်းသို့ မပြောင်းရွှေ့မီက အင်တာမီလန်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့တွင် ကစားခဲ့သူဖြစ်ပြီး ယခင်လက်တွဲခဲ့သည့် နည်းပြမော်ရင်ဟိုနှင့် နည်းပြလူးဝစ်ဗန်ဟားလ်တို့ရှိသည့် ချယ်လ်ဆီးအသင်း သို့မဟုတ်ပါက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ရှနိုက်ဒါက ပြောကြားခဲ့သည်။

**(နိုင်လင်းကြည်)**

# ရီးယဲလ်နောက်ခံလူ ဗာရာနီအား ခေါ်ယူရန် မန်ယူမျက်စိကျနေ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနည်းပြ ဗန်ဟားလ်သည် ရီးယဲလ်မက်ဒရစ်အသင်း နောက်တန်းကစားသမား ဗာရာနီအား ခေါ်ယူရန် မျက်စိကျနေကြောင်း သိရသည်။

နည်းပြ ဗန်ဟားလ်သည် လက်ရှိအားနည်းနေသည့် နောက်တန်းခံစစ်ကြောင်းကို အားဖြည့်ရန် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ခေါ်ယူရန်ရှိနေပြီး အဆိုပါခေါ်ယူမည့် ကစားသမားစာရင်းတွင် ပြင်သစ်ကြယ်ပွင့် ဗာရာနီ ပါဝင်လာခဲ့ကြောင်း သိရသည်။



*ရီးယဲလ်မက်ဒရစ်အသင်း နောက်တန်းကစားသမား ဗာရာနီ(ဝဲပုံ)။*

မန်ယူအသင်းသည် ပထမဆုံးအနေဖြင့် ဘာစီလိုနာနောက်တန်း ကစားသမား ဂျာရတ်ပီကေးအား ခေါ်ယူရန်ပစ်မှတ်ထားခဲ့သော်လည်း ဂျာရတ်ပီကေးမှာ နူးကမ့်မှ ထွက်ခွာမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းက ဥရောပချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်း၌ အထိုင်မကျဖြစ်နေသည့် နောက်တန်းကစားသမား ဗာရာနီအား ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနည်းပြ ဗန်ဟားလ်က နောက်ခံလူဗာရာနီအား အိုးထရက်ဖို့ဒ်သို့ အရောက်ခေါ်ယူမည်ဟု အာမခံချက်ပေးခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းက တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ကိုလည်းပေး၍ ဗာရာနီအား ခေါ်ယူရန် ဆန္ဒဖြစ်ပေါ်နေကြောင်း သိရသည်။

**(ငွေကြယ်)**

# ဘိုင်ယန်မြူးနစ် တောင်ပံကစားသမား

# ရာကီရီအား ခေါ်ယူရန် လီဗာပူးပြင်ဆင်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် လာမည့်ဇန်နဝါရီကာလအတွင်း အသင်း၏တိုက်စစ်ကို အားဖြည့်ရန်အတွက် ဘိုင်ယန်မြူးနစ်အသင်း၏ ဆွစ်ဇာလန်တောင်ပံကစားသမား ရှာကီရီအားခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။ လက်ရှိအချိန်တွင် ၎င်းအားပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် လီဗာပူး၊ စပါး၊ အာဆင်နယ် စသည့်အသင်းများက ပစ်မှတ်ထားလျက်ရှိနေသလို ဂျူဗင်တပ်စ်၊အေစီမီလန်စသည့် အီတလီကလပ်များကပါ စိတ်ဝင်စားနေခြင်းဖြစ်သည်။ဘိုင်ယန်မြူးနစ်အသင်းမှာ ရှာကီရီနှင့်စာချုပ်သစ်ချုပ်ဆိုရန်ဆွေးနွေးလျက်ရှိသော်လည်း ယခုအချိန်အထိသဘောတူညီမှုမရရှိခဲ့သေးပေ။ ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ရှာကီရီအား အသင်းတွင်ဆက်လက်ထိန်းသိမ်းသွားရန် ဆန္ဒရှိနေသော်လည်း မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းလာပါက ရောင်းထုတ်သွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။ လီဗာပူးအသင်းမှာ ရှာကီရီအား အခြားအသင်းများထက် ကြိုတင်လက်ဦးမှုရယူကာ ကမ်းလှမ်းသွားရန်ပြင်ဆင်နေပြီးယူရိုသန်း ၃၀ ခန့် အသုံးပြုရန် အသင့်ရှိနေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ **[ကိုရဲ]**




NEW MOTION TRAVELS & TOURS

| | | | | | |
|---|---|---|---|---|---|
| Japan | Dec 24 | Australia | Dec 18 | Malaysia | Dec 28 |
| Korea | Dec 24 | Bodh Gaya | Dec 13 | Singapore | Dec 29 |
| Dubai | Dec 27 | Chiang Mai | Dec 09 | Bangkok | Dec 27,30 |
| Vietnam | Dec 29 | Hong Kong | Dec 25,28 | S'pore-Malay | Dec 27 |
| | | | | Phuket+Bangkok | Dec 25 |

Escape From Everyday Life

No.19, Kyun Taw Road, Sanchaung Township, Yangon 508124, 527254, 523253, 0973148933~44~55~66

Asia Top 0943164118,09421099574,0933377844

ဘောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်ခမ်း Guest Package 65000

ပုဂံ (ဓွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော် Guest Package 60000

မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest Package 65000

ဖဲလ်ဆံတော်ရှင်၊ ဂလွန်ပြည်တော်ပြန်၊ ပြည်၊ အကောက်တောင် (နေ့ချင်းပြန်)

ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ (နေ့စဉ်) Guest Package 35000 ကားစီးလုံးငှားစီစဉ်ပေးသည်

**အိမ်ခန်းရောင်းမည်**

**ကိုယ်ပိုင်နေရန်နှင့်အငှားထားလျှင်ဈေးကောင်းရမည်။**

ကျောက်မြောင်း၊မြို့သစ် (၁)လမ်း၊ အပေါ်ပိုင်း၊ ပထမထပ်၊ (15' × 50') Hall ၊ ပါးကေးခင်းပြီး ကိုယ်ပိုင်မော်တာ၊ မီတာ၊ အသင့်နေနိုင်။ ⟶ ကျပ်သိန်း (550)

ကျောက်မြောင်း၊ မြို့သစ် (၁)လမ်း၊ အပေါ်ပိုင်း၊ ဒုတိယထပ်၊ (15' × 50')၊အိပ်ခန်း (၂)ခန်းပါ၊ AC (၁)လုံး၊ ဘိုထိုင်၊ ကိုယ်ပိုင်မော်တာ၊ မီတာ၊ အသင့်နေနိုင်။ ⟶ ကျပ်သိန်း (550)

(ပွဲစား၊ အကျိုးဆောင်၊ ကြော်ငြာများမလိုပါ)

Ph : 09-5053076



Professor Dr. ဦးစံတင်အောင် (ရွှေဘို)၏ တပည့်

ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)

Ph.D (Palmistry) (Kol-India)

သင့်လက်ဖဝါးအစုံကို စက္ကန့်ပိုင်းမျှ ဆရာထံမှာ ပြကြည့်ပါ။ သင့်ဘဝအတွက် ဆိုးကျိုးများကို ရှောင်ဖျက်၍ ကောင်းကျိုးများကို ဆောင်ရွက်ခွင့် ရရှိစေပါမည်။ လက္ခဏာကြည့်သူများအား ဆရာဟောပြောမှုနှင့် ဆွေးနွေးမှုအားလုံးကို အသံဖမ်းယူခွင့်ပြုပါသည်။ လက္ခဏာအကြောင်း သိကောင်းစရာ အနာဂတ် ပြတင်းပေါက် VCD ခွေလက်ဆောင် ပေးပါမည်။ မှန်ကာ၊ အသံလုံ အခန်းအတွင်း တစ်ဦးချင်းလွတ်လပ်စွာ ဆွေးနွေးနိုင်ပါသည်။ တလေးအမည်၊ ဆိုင်အမည်၊ လုပ်ငန်းအမည်၊ ကုမ္ပဏီအမည်၊ ခွဲစိတ်မီးဖွားရက်၊ အိမ်ဆောက် ပန္နက်တင်မင်္ဂလာအခါ၊ နေ့ကောင်းရက်မြတ်မင်္ဂလာအခါ ရွေးချယ်ပေးသည်။ တိုက်၊ အိမ်၊ ခြံ၊ မြေ၊ ယာဉ်၊ ကား ရောင်းထွက်ရန် ဆောင်ရွက်ပေးပါသည်။ ပိုင်ရှင်၏ ဇာတာကို တွက်ချက်၍ ဆရာကိုယ်တိုင် သတ်မှတ်ပေးသော ရက်အတွင်း ရောင်းထွက်ပြီးမှ ဘာဏ်ပူဇော်ခ ပေးရပါမည်။

ဟောခန်း (၁) တိုက် (၂)၊ အခန်း (၁၀၅)၊ ပထမထပ်၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၆) ရပ်ကွက်၊ (ရန်ကုန်-အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ''ပါရမီစိန်ဂေဟာ'' တုန်တိုက်အနီး။ ဟောပြောချိန် - နံနက် (၈း၀၀)နာရီမှ နေ့လည် (၁း၀၀)နာရီအထိ

ဟောခန်း (၂) အခန်း (၆)၊ အဆောင် (၁၁)၊ မြောက်ဘက်မုခ်၊ မဟာဝိဇယ စေတီတော်၊ ရန်ကုန်။ ဟောပြောချိန် - နေ့လည် (၂း၀၀) နာရီမှ ည (၇း၀၀)နာရီ အထိ (လပြည့်၊ လကွယ်နေ့တိုင်း ပိတ်သည်။) (၁) ရက်လျှင် (၁၀)ဦးသာ ဟောပါသည်။ (၁)ရက်ကြိုတင်စာရင်းပေးသွင်းပါရန်။ 09-450025482

TOP STAR

ပုဂံ၊ငပလီ၊ချောင်းသာ၊ ပုပ္ပါး (ဘောကြာ)

ချောင်းသာ

ကျိုက်ထီးရိုး

448544658,09-43179331

မွှခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြပြီး မွှခင်းအသိပညာရရှိစေဖို့

**မှုခင်း ရှုထောင့်ဂျာနယ်** ဖတ်ကြစို့

အမှတ်စဉ်(I/35)ယနေ့ထွက်ပြီ

Ph-01-397164, 297297

ငွေလိုလို့ဝင်ခိုးတဲ့သူခိုး အိမ်ရှင်ကိုဓားနဲ့ထိုးလို့လူသတ်မှုနဲ့အရေးယူခံရတဲ့ဖြစ်ရပ် မိသားစုကိုရဲတင်းနဲ့ခုတ်ပြီး ထွက်ပြေးသူကိုလက်နက်ခဲယမ်းများနဲ့အတူဖမ်းမိ (၆)နှစ်သမီးကလေးကို(၂၁)နှစ်အရွယ်လူငယ်က အဓမ္မကျင့် ရထားသံလမ်းဘေးကစွန့်ပစ်ကလေးအလောင်း ကိုရီးယားပို့ပေးမယ်လို့လိမ်ညာပြီး ငွေယူထားတဲ့လင်မယားရဲ့ဖြစ်ရပ် ရထားပေါ်အိပ်နေသူထံမှငွေကျပ်(၁၈)သိန်းကျော်နဲ့ရွှေဆံညှပ်တစ်ခုပါ လက်ကိုင်အိတ်ခိုးယူခဲ့ကြတဲ့ ထမင်းထုပ်ရောင်းသူနှစ်ဦး အရက်အတူသောက်ကြရင်း အချင်းများကြလို့ အိမ်ရှင်ကဓားနဲ့ထိုးတဲ့ဖြစ်ရပ် အသက်(၇၀)အဘွားကို ကျောက်ခဲနဲ့ထုရိုက်သတ်သွားတယ်လို့အမှုဖွင့်တဲ့ဖြစ်ရပ် သကြားနဲ့ကော်ဖီမစ်ဝယ်ခိုင်းလိုက်သူ အဓမ္မပြုကျင့်ခံရ ကိုယ်ဝန်ရှိတော့မှ အဓမ္မပြုကျင့်သူကိုဖော်ထုတ်အမှုဖွင့်ရတဲ့ဖြစ်ရပ် ဆယ်ကျော်သက်မိန်းကလေးနှစ်ဦး အဆိပ်သောက်ကြတဲ့ဖြစ်ရပ် မှောင်ရိပ်ခိုပြီး စကားပြောဆိုနေကြတဲ့ချစ်သူစုံတွဲ လုယက်ခံရ ရဲတပ်ဖွဲ့ဝင်အယောင်ဆောင်ပြီး ဆိုင်ကယ်တွေခိုးယူပေါင်နှံရောင်းစားသူကိုဖမ်းမိ ဘာဖုတ် ဝင်တာလဲပြောပြီး ... စတဲ့သတင်းများနဲ့အတူ ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။

# ချမ်းချမ်းစီးစီးကြားမှ လေယာဉ်ဆင်းတွန်းခဲ့ရသည့် ခရီးသည်များ

**အိုင်ဂါကာ နိုဝင်ဘာ ၂၇**

ဆာဘီးယားနိုင်ငံတွင် လေယာဉ်တစ်စင်းသည် ဘရိတ်ချွတ်ယွင်းမှုကြောင့် ခရီးသည်များသည် အလွန်အေးသည့် ရာသီဥတုအခြေအနေ ချမ်းချမ်းစီးစီးကြားမှ လေယာဉ် ပျံတက်နိုင်ရေးအတွက် လေယာဉ်ကို ဆင်းတွန်းခဲ့ရသည့် ဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့သည်။

ခရီးသည်များ လေယာဉ်ဆင်းတွန်းသည့်အချိန်တွင် ရာသီဥတုအခြေအနေမှာ အပူချိန်အနှုတ် ၅၂ စင်တီဂရိတ်အထိ အေးခဲလျက်ရှိသည်။

ဆီးနှင်းများထူထပ်စွာကျရောက်နေသည့် ဆာဘီးယား လေယာဉ်ပြေးလမ်းပေါ်တွင် တူပိုလက်ဗ် လေယာဉ် တစ်စင်းကို ခရီးသည်တစ်စုက ညီညီညာညာဝိုင်းတွန်းနေသည့် ဗီဒီယိုဖိုင်ကို အွန်လိုင်းတွင် တင်ထားသည်။

အနွေးထည်များဝတ်ဆင်ထားကြသည့် ခရီးသည်များက 'တွန်းဟေ့ တွန်းဟေ့' ဟု အော်ဟစ်လျက် လေယာဉ် တောင်ပံကို ဝိုင်းတွန်းခဲ့ကြရာ မီတာအနည်းငယ်ရွေ့သွားခဲ့ပြီး "လူတိုင်းက အိမ်ပြန်ချင်ကြတာပါပဲ"ဟု အမျိုးသား တစ်ဦးက ပြောကြားသည်။ အိုင်ဂါကာမြို့တွင် နိုဝင်ဘာ ၂၅ ရက်က ဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ ဆာဘီးယား အနောက်ပိုင်း ပို့ဆောင်ရေးတာဝန်ရှိသူများက စုံစမ်း စစ်ဆေးလျက်ရှိသည်။



ဆာဘီးယားလေကြောင်းလိုင်း ယူတာရာ အုပ်စုပိုင် ခါတာကာဗီရာလေကြောင်းလိုင်းမှ အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၇၄ ဦးလိုက်ပါစီးနင်းခဲ့သည်။ အဆိုပါ လေကြောင်းလိုင်းမှ နည်းစနစ်ပိုင်းဆိုင်ရာ ဒါရိုက်တာ ဗလာဒီမာ အတ်မန်ကိုက " အဲဒီနေ့မနက်က အပူချိန်က အနှုတ် ၅၂ စင်တီဂရိတ်ရှိပါတယ်။ လေယာဉ်က ပြေးလမ်းမှာ ၂၄ နာရီလောက် ရပ်နေပါတယ်။ လေယာဉ်မှူးတွေက လေယာဉ်ဘရိတ်ကို ဖြုတ်ဖို့မေ့နေကြသတဲ့။ အဲဒီတော့ လေယာဉ်ဘရိတ်က အေးခဲပြီး ကျပ်နေတာပေါ့" ဟု ရုရှား သတင်းစာတစ်စောင်သို့ ပြောကြားသည်။ ခရီးသည်များ၏ လုပ်ရပ်နှင့်ပတ်သက်၍ လူမှုကွန်ရက်များနှင့် သတင်းစာများအပါအဝင် ရုရှားနိုင်ငံတွင် လေးစားသဘောကျကာ ချီးကျူးခဲ့ကြသည်။

နောက်ဆုံးတွင် အဆိုပါလေယာဉ်သည် ရုရှားနိုင်ငံ အိုင်ဂါကာမြို့မှ ပျံတက်နိုင်ခဲ့ပြီး ဆာဘီးယားနိုင်ငံ ခရာစနိုယာ့ခ်မြို့သို့ ချောမောစွာရောက်ရှိခဲ့သည်။ လွန်ခဲ့သည့် နှစ်နှစ်က ယူတာရာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း တောင်ပံများပေါ်တွင် ရေခဲများဖုံးလွှမ်းနေမှုကြောင့် ပျက်ကျကာ လူ ၂၉ ဦးသေဆုံးခဲ့ရသည်။ **စကိုင်းနယူးစ်။**



## မြောက်ကိုရီးယားခေါင်းဆောင်၏ညီမ ကင်ရိုဂျုံး ပါတီ၏အရေးပါသောရာထူးခန့်အပ်ခံရ

**ပြုံယမ်း နိုဝင်ဘာ ၂၇**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ညီမ ကင်ရိုဂျုံးသည် အာဏာရအလုပ်သမားပါတီ၏အကြီးတန်း အရာရှိတစ်ဦးအဖြစ် နိုင်ငံပိုင်မီဒီယာတွင် ပထမဆုံးအကြိမ် ဖော်ပြခြင်းခံခဲ့ရသည်။

(၂၆)နှစ်အရွယ်ရှိ ကင်ရိုဂျုံးအား အာဏာအရှိဆုံး ဗဟိုကော်မတီတွင် ဌာနတစ်ခု၏ ဒုတိယညွှန်ကြားရေးမှူး အဖြစ်ခန့်အပ်လိုက်ပြီဖြစ်ကြောင်း မြောက်ကိုရီးယား ဗဟိုသတင်းဌာနက ပြောကြားခဲ့သည်။

ကင်ဂျုံအန်သည် မြောက်ကိုရီးယားနိုင်ငံအားအစဉ် အဆက် အုပ်ချုပ်ခဲ့သော ကင်မိသားစု၏ တတိယမျိုးဆက် ဖြစ်သည်။ သူ၏အဒေါ်သည် ပါတီတွင်ဩဇာတိက္ကမ ကြီးသောနေရာ ရခဲ့သော်လည်း ယောကျ်ားဖြစ်သူ နိုင်ငံတော်သစ္စာဖောက်မှုကြောင့် ကွပ်မျက်ခံရချိန်မှစပြီး ဩဇာအာဏာ မှေးမှိန်ခဲ့ရသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သော ကင်ဂျုံအီ၏ အသုဘအခမ်းအနားတွင် ကင်ရိုဂျုံးအား ပြည်သူ့ရှေ့မှောက်တွင် ပထမဆုံးအကြိမ်အဖြစ်မြင်တွေ့ခဲ့ရခြင်းဖြစ်သည်။ ထိုအချိန်မှစပြီး သူသည် ပါတီ၏မည်သည့်ရာထူးကိုမျှ ရယူထားခြင်းမရှိသေးဘဲ နိုင်ငံတော်အခမ်းအနားများတွင် သူ့အား ရံဖန်ရံခါတွေ့မြင်ခဲ့ရသည်။

အသက် ၃၁ နှစ်ရှိပြီဖြစ်သည့် ခေါင်းဆောင် ကင်ဂျုံအန်နှင့် ညီမ ကင်ရိုဂျုံးတို့သည် ၎င်းတို့၏အစ်ကိုဖြစ်သူ ကင်ဂျုံချိုလ်တက်ရောက်ခဲ့သည့် ဆွစ်ဇလန်နိုင်ငံရှိ ကျောင်း တစ်ကျောင်းမှ ပညာဆည်းပူးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **ဘီဘီစီ။**

## ထိုင်းရွေးကောက်ပွဲ ၂၀၁၆ ခုနှစ်အထိ ကြန့်ကြာနိုင်

**ဗန်ကောက် နိုဝင်ဘာ ၂၇**

ထိုင်းနိုင်ငံ၏ရွေးကောက်ပွဲကို ကျင်းပရန် ၂၀၁၆ ခုနှစ်တိုင်အောင် နှောင့်နှေးနိုင်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီးက ဘီဘီစီသို့ ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဟု သတ်မှတ်ထားရာ သတ်မှတ်ထားသည့် အချိန်ထက်တစ်နှစ်ကျော် ကြန့်ကြာနိုင်ဖွယ်ရှိသည်။

ထိုင်းဘဏ္ဍာရေးဝန်ကြီး ဆွန်မိုင်ဖာစီက ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာနှင့် ရွေးကောက်ပွဲကျင်းပမည့်ရက်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ရာ ရွေးကောက်ပွဲကို ၂၀၁၆ ခုနှစ်တိုင်အောင်ကျင်းပနိုင်ရန် နှောင့်နှေးနိုင်ကြောင်း သိရသည်။

ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဝန်ကြီး ပရာဝတ်ဝေါင်ဆူဝန်ကလည်း ၂၀၁၆ ခုနှစ်မှသာ ရွေးကောက်ပွဲကိုကျင်းပလိမ့်မည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြီးမှသာ ရွေးကောက်ပွဲကို ကျင်းပနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယခုလောလောဆယ် ထိုင်းနိုင်ငံတွင် စစ်အုပ်ချုပ်ရေး ဆက်လက်ရှိနေသေးသည်။ လွန်ခဲ့သော အပတ်က တရားရေးဝန်ကြီး ပိုင်ဘွန်ကွမ်ချာရက စစ်အုပ်ချုပ်ရေး အမိန့်အာဏာသည် အကန့်အသတ်မရှိ ဆက်လက်တည်နိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ **ဘီဘီစီ။**

## ဆာအတ်ထိပ်သီးဆွေးနွေးပွဲတွင် မိုဒီနှင့်ရှရစ်(ဖ်)လက်ဆွဲနှုတ်ဆက်



**ခတ္တမန္ဒူ နိုဝင်ဘာ ၂၇**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ တောင်အာရှဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာအတ်)ထိပ်သီး အစည်းအဝေးကျင်းပရာ ပါကစ္စတန်နိုင်ငံက အဓိကအကြောင်းအရာများတွင် သဘောတူညီမှု မရှိသော်လည်း နောက်နေ့ ဆွေးနွေးပွဲတွင် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်တို့သည် လက်ဆွဲနှုတ်ဆက်၍ ခေတ္တမျှ တွေ့ဆုံခဲ့ကြောင်း နီပေါသတင်းဌာနများက ဖော်ပြသည်။

ထိပ်သီးဆွေးနွေးပွဲ အောင်မြင်ရန်အတွက် တောင်အာရှခေါင်းဆောင်များက ပါကစ္စတန်နိုင်ငံကို ဖိအားပေးကြမည်ဖြစ်ပြီး လျှပ်စစ်စွမ်းအင်မျှဝေရေး၊ နယ်စပ်ဒေသများ၌ မော်တော်ယာဉ်များ လွတ်လပ်စွာ ဖြတ်သန်းနိုင်ရေးနှင့် ကမ္ဘာ့လူဦးရေ လေးပုံတစ်ပုံနီးပါးအကြား ကုန်သွယ်မှု တိုးမြှင့်ရေးနည်းလမ်းများ ရှာဖွေရာတွင် ပါကစ္စတန်ပါဝင်ရေးကိုလည်း မျှော်လင့်နေကြသည်။

ခတ္တမန္ဒူထိပ်သီးဆွေးနွေးပွဲတွင် မော်တော်ကားလမ်းများ၊ ရထားလမ်းများ ဆက်သွယ်ရေးနှင့် စွမ်းအင်ပူးပေါင်း ဆောင်ရွက်ရေးအတွက် အခြေခံအချက်များ သဘောတူစာချုပ်ချုပ်ဆိုရန်ရှိရာ ပါကစ္စတန်နိုင်ငံက အချိန်ဆွဲလျက်ရှိသည်ဟု တာဝန်ရှိသူအချို့က ပြောသည်။

နှစ်ရက်ကြာကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲ၏ ဒုတိယနေ့တွင် အိန္ဒိယနှင့် ပါကစ္စတန် ၎င်းခေါင်းဆောင်နှစ်ဦးသည် လက်ဆွဲနှုတ်ဆက်ခဲ့ကြကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးက အိုင်အေအန်အက်စ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

သို့သော် ၎င်းတို့ နှစ်ဦးအကြား တွေ့ဆုံဆွေးနွေးရန် အစီအစဉ်မှာ အထမမြောက်ခဲ့ဟု ဆိုသည်။ **အိုင်အေအန်အက်စ်။**

## မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ဗီယက်နမ်နှင့် ရုရှားကြိုးပမ်းမည်

**မော်စကို နိုဝင်ဘာ ၂၇**

ဗီယက်နမ်နှင့် ရုရှားနိုင်ငံတို့အကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ခိုင်မာတိုးတက်စေရေးအတွက် ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီခေါင်းဆောင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့က ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် ငုယင်ဖူးထရွန်သည် ရုရှားနိုင်ငံ၌ ရှိနေစဉ်အတွင်း သမ္မတ ဗလာဒီမာပူတင်၊ ဝန်ကြီးချုပ် ဒီမစ်ထရီမက်ဗီဒေ့ဗ်၊ ရုရှားဖက်ဒရေးရှင်း ကောင်စီဥက္ကဌ ဗယ်လင်တီနာမက်ဗီယန်ကိုနှင့် စတိတ်ဒူးမား(အောက်လွှတ်တော်) ခေတ္တဥက္ကဌ အီဗန်မယ်လ်နီကော့ဗ်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဗီယက်နမ်နှင့် ရုရှားနိုင်ငံတို့သည် စီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစိုးရအဖွဲ့ချင်း ညှိနှိုင်းရေးကော်မတီ၏ အခန်းကဏ္ဍကို အလေးအနက်ထားကြောင်း၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးမှာ မိမိတို့၏ မူဝါဒပင်ဖြစ်ကြောင်း နိုဝင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

ရုရှား၊ ဘီလာရုစ်နှင့် ကာဇက်စတန် အကောက်ခွန်သမဂ္ဂနှင့် ဗီယက်နမ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် ရရှိရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး လာမည့်နှစ်တွင် ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ရကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။ **ရိုက်တာ။**

## ဂျပန်သံတမန်၏ အကူအညီဖြင့် နာဇီတို့ထံမှ လွတ်မြောက်လာသော ဂျူးအမျိုးသမီး၏ ဓာတ်ပုံကို အတည်ပြုနိုင်ခဲ့

**နယူးယောက် နိုဝင်ဘာ ၂၇**

နယူးယောက်ရှိ ဆွေမျိုးတစ်ဦးထံသို့ ပြန်လည်ပေးပို့ခဲ့သောဓာတ်ပုံမှတစ်ဆင့် နာဇီဂျာမနီများထံမှ ထွက်ပြေးလွတ်မြောက်လာခဲ့သော ဂျူးအမျိုးသမီး၏ ဓာတ်ပုံကို အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးဆိုနီယာရိဒ်သည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ကောင်စစ်ဝန်ချီယူနီဆိုဂီဟာရာ၏ အကူအညီဖြင့် ဆိုဗီယက်ပြည်ထောင်စုမှ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ဆိုနီယာရိဒ်သည် ၎င်း၏ ဓာတ်ပုံအား ဂျပန်နှင့် ဂျူးလူမျိုးများအား ထောက်ပံ့ပေးနေသူ တက်ဆူအိုအိုဆာကိုထံတွင် ချန်ရစ်ထားခဲ့သည်။

အိုဆာကိုသည် ဂျပန်တိုးရစ်ဗျူရို(ယခုအခါ *JTB* ကော်ပိုရေးရှင်း)တွင် အလုပ်လုပ်ကိုင်သူဖြစ်ပြီး ၎င်းအဖွဲ့အစည်းသည် ဂျူးလူမျိုးများအား ဆိုဗီယက်ပြည်ထောင်စု ဝါဒီဝေ့ါစတော့မှ ဂျပန်နိုင်ငံတီဆူရူဂါသို့ ပို့ဆောင်ပေးသော အဖွဲ့အစည်းဖြစ်ပြီး အမေရိကန်အဖွဲ့အစည်းများမှ ဂျူးဒုက္ခသည်များအား ထောက်ပံ့ငွေကြေးများကိုလည်း ဒုက္ခသည်များထံ ပေးအပ်ခဲ့သည်။

အဆိုပါ ဓာတ်ပုံထဲရှိ အမျိုးသမီးကို နှစ်ပေါင်း အတော်ကြာမသိခဲ့ရသော်လည်း ယခုနှစ် ဆောင်းဦးရာသီတွင် *JTB* ရှိ အိုဆာကို၏ လက်အောက်တွင် အမှုထမ်းနေသော အေကီရာကီတာဒီက ၎င်းဓာတ်ပုံသည် ဆိုနီယာရိဒ်ဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်။ **ကျိုဒို။**

## တရုတ်လူမျိုး နှစ်ဦးအား စိတ်ကြွဆေးပြားပိုင်ဆိုင်မှုဖြင့် ဖမ်းဆီး

**တိုကျို နိုဝင်ဘာ ၂၇-** ဂျပန်နိုင်ငံ ယိုကိုဟားမားတွင် တရုတ်လူမျိုးနှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၈၀ ကီလိုဂရမ် (တန်ဖိုးအားဖြင့် ၅ ဒသမ ၆ မီလီယံယန်း) ပိုင်ဆိုင်မှုဖြင့် ဖမ်းဆီးခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးသတင်းရပ်ကွက်က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။ အဆိုပါပမာဏသည် အလွန်များပြားသောပမာဏဖြစ်ကြောင်း ကျန်းမာရေးလုပ်သားနှင့် လူမှုရေးဝန်ကြီးဌာန မူးယစ်ဆေးထိန်းချုပ်ရေးဌာနက ကြေညာခဲ့သည်။

အဆိုပါ တရားခံနှစ်ဦးအား ယိုကိုဟားမားရှိ ခရီးသည်တင်ကားတစ်စီးပေါ်တွင် ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ **ကျိုဒို။**



# စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးအေးကို (လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)လ-ဝ-က) + ဒေါ်ကြူကြူတို့၏သား

**မောင်အောင်ကိုကို**

B.A (Business Management), Dip in Computer Studies (UCSY)

Dip in Hotel Management (Confederation of Tourism & Hospitality, Singapore)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်လှိုင် (Chairman, Zawtika Group of Companies) + ဒေါ်ခင်ဆွေဝင်း တို့၏သမီးကြီး

**ဒေါက်တာခင်ရှုပါဦး** M.B.,B.S (Ygn)

Managing Director (Myanmar Big Shops Supermarket Group)

တို့၏(၁၆-၁၁-၂၀၁၄)ရက်၊ အမျိုးသားအောင်ပွဲနေ့တွင် Sule Shangri-La Hotel(တောင်ငူ-အင်းဝခန်းမ)၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တရားလွှတ်တော် တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် အသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ကိုနေလင်း၊ ဒေါက်တာအိမ့်မို့မို့အောင်နှင့် ဒေါက်တာလူမွန်၊ ဒေါက်တာဆုမြတ်စန္ဒီဦးတို့အားလည်းကောင်း၊ (၁၇-၁၁-၂၀၁၄)ရက်နေ့တွင် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးအလှူတော်သို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ အဘက်ဘက်မှ လိုလေသေးမရှိဖည့်ခံစောင့်ရှောက်ဆောင်ရွက်ပေးပါသော မဟာစည်သာသနာ့ရိပ်သာ ဂေါပကအဖွဲ့ဝင်လူကြီးများနှင့် ဝေယျာဝစ္စအဖွဲ့အားလည်းကောင်း၊ (၂၃-၁၁-၂၀၁၄) ရက်နေ့တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ အခမ်းအနားပွဲသို့ ကြွရောက်ချီးမြှင့် ပေးပါသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသောင်းတင် ဇနီး ဒေါ်တင်တင်အေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် အားလည်းကောင်း၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာနေဇင်လတ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဦးရဲမြင့်နှင့် ဇနီးတို့အားလည်းကောင်း၊ စုလျားရစ်ပတ် ပေးပါသော Silver Tiger Group of Companies မှ ဥက္ကဋ္ဌ ဦးတင်လတ်နှင့် ဇနီးသုခမ္မသီရိဒေါ်မာလာမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် နှင့် ဇနီး ဒေါ်မြင့်မြင့်သန်း တို့အားလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ် ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့အား လည်းကောင်း၊ အထည်ချုပ် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ စာပေထုတ်ဝေသူများနှင့် ဖြန့်ချိရေးအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ Intellectual Property Propreitors' Association of Myanmar (IPPAM) အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ လပွတ္တာမြို့နယ်အသင်းမှ ဒု-ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးအားလည်းကောင်း၊ ဇောတိကကုမ္ပဏီ၏ လုပ်ငန်းခွဲအသီးသီးနှင့် စီးပွားဖက်မိတ်ဆွေများဖြစ်ကြသည့် ကုမ္ပဏီ၊ လုပ်ငန်းအသီးအသီးမှ ပိုင်ရှင်များ၊ ဥက္ကဋ္ဌများ၊ မန်နေးဂျင်းဒါရိုက်တာများ၊ ဒါရိုက်တာများ၊ စာပေထုတ်ဝေသူလုပ်ငန်းရှင်များ၊ ရန်ကုန်မြို့နေ လပွတ္တာမြို့မိမြို့ဖများနှင့် မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာသြဝါဒစကားနှင့် မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပေးပါသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဘဘဦးတင်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုဥက္ကဋ္ဌ ဦးဌေးဦး၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေအပေါင်းအသင်းများလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ ပွဲစဉ်အားလုံး အစမှ အဆုံးထိ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော ဦးဝင်းနိုင် + သီရိသုခမ္မသီရိဒေါ်စန်းစန်း (Win & San Diamond & Fine Jewellery) အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးပါသော Designer မပုံ့(My Favorite)၊ ပန်းအလှဆင်ပေးပါသောမာမီကျော်(မလေးရှား)၊ မယဉ်လင်းမြင့် (Fashion My Heart) အားလည်းကောင်း၊ မင်္ဂလာ အခါတော်ပေး သီဆိုပေးပါသော ရတနာဦး၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖည့်ခံပေးပါသော အလင်္ကာဝတ်ရည် တေးဂီတဝိုင်း၊ မင်္ဂလာပန်းကြဲပေးပါသော ရုပ်ရှင်ဗီဒီယိုနှင့် ကြော်ငြာမင်းသမီး ယုသန္တာတင်နှင့် ညီမငယ် မနှင်းမြတ်နိုးဦး၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးပါသော မအေးမြတ်သရဖီနှင့် မင်္ဂလာလက်စွပ် ဗန်း ကိုင်ဆောင်ပေးပါသော ဒေါက်တာကေသီခိုင်၊ မင်္ဂလာသတို့သားအရံ ဒေါက်တာထင်ဇော် နှင့် ဒေါက်တာကျော်ဇေယျာဝင်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာခိုင်သဉ္ဇာစိုး နှင့် မလဲ့ဖြူပြာမျိုးမြင့်၊ မိတ်ကပ် ဆံပင်ပြင်ဆင်ပေးပါသော ဒီဇင်ဘာနင်းနှင့်အဖွဲ့၊ ဓါတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ဝဏ္ဏစွာနီး (Focus Daily) နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာဖန်တီးပေးပါသော Dagon Printing၊ မေတ္တာဖြင့် မင်္ဂလာလက်ဖက် တည်ခင်းပေးပါသော စောမိုလက်ဖက်အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာ နှင့် ဝန်ထမ်းများအားလည်းကောင်း၊ (၂၃-၁၁-၂၀၁၄)ရက်နေ့တွင် Chatrium Hotel (Poolside) ၌ ကျင်းပသော မင်္ဂလာညစာ စားပွဲသို့ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မတင်မိုးလွင်၊ မိတ်ကပ် မေဦးနှင့်အဖွဲ့၊ ဓါတ်ပုံဗွီဒီယို ကိုနိုင်နိုင်ထွန်း (Exposure) နှင့်အဖွဲ့၊ Music Band ဂီတမိတ်နှင့်အဖွဲ့၊ Lighting မီးငယ်၊ မိတ်ကပ် မထက် (Pop Soul)နှင့်အဖွဲ့၊ ကိုသီဟ (Kix Sin)နှင့်အဖွဲ့၊ Sule Shangri-La Hotel မှ မန်နေဂျာ နှင့် ဝန်ထမ်းများ၊ Chatrium Hotel မှ မန်နေဂျာ နှင့် ဝန်ထမ်းများ၊ ဇောတိကကုမ္ပဏီမှ ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား စီစဉ်ပေးပါသော SIGNATURE Wedding & Events Planning အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုး၊ မိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့် မောင်အောင်ကိုကို + ဒေါက်တာ ခင်ရှုပါဦး


စက္ကန့်ဖိုးပဲ ပေးပါ။
အခုမြန်မာပြည်တွင်း ဘယ်ဖုန်းကိုပဲ ခေါ်ခေါ် စက္ကန့်ခြောက်ဆယ်ကို ၂၅ကျပ်ပဲ ကျသင့်ပါတယ်။
ooredoo.com.mm
ooredoo
၁စက္ကန့် = ၄၂ပြား
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ပိုမိုသိရှိနိုင်ရန် www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုပါ။

# လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် ဓာတ်တိုင်များ ရွှေ့ခြင်းနှင့် အသစ်လဲလှယ်ခြင်းများ ဆောင်ရွက်

**ကလေး၊ နိုဝင်ဘာ ၂၇**

ကလေးမြို့ ဗိုလ်ချုပ်လမ်း၊ ကလေးဝလမ်း၊ နတ်ချောင်းလမ်းနှင့် မြို့မဈေးလမ်းများ၏ လမ်းဆုံမီးပွိုင့်အဝင် လမ်းမဘေးနှစ်ဖက်တိုးချဲ့ခြင်းကြောင့် လမ်းမနှင့်မလွတ်သည့် ဓာတ်တိုင်များကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်အန္တရာယ်များကင်းရှင်းစေရန်အတွက် ဓာတ်တိုင်များရွှေ့ခြင်းလုပ်ငန်းအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။



ယင်းသို့ လမ်းမနှင့်မလွတ်သည့် ဓာတ်တိုင်များ ရွှေ့ခြင်းလုပ်ငန်း ဆောင်ရွက်သည့်အပြင် သစ်သား ဓာတ်တိုင်များနှင့် သံဓာတ်တိုင်များကိုလည်း ကွန်ကရစ်ဓာတ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကိုပါ လိုင်းဝန်ထမ်းများက စက်ယန္တရားအသုံးပြု၍ ဆောင်ရွက်ကြသည်။ ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများသွားလာမှုအဆင်ပြေစေရန်နှင့် မီးပေးသည့်အချိန်များတွင် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရန်အတွက် လျှပ်စစ်ဓာတ်အားမီးကြိုးများသွယ်တန်းမှုနှင့် အဆိုပါလုပ်ငန်းများဆောင်ရွက်မှုကို အမြန်ဆုံးပြီးစီးနိုင်ရန် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

**ဂျိုးနက်**

## ချောင်းဦးမြို့နယ် မိုးပွင့်အဆင့် (၇) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ချောင်းဦး၊ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကုလားကြီးကျေးရွာအုပ်စု၌ မိုးပွင့်အဆင့် (၇) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို နိုဝင်ဘာ ၁၉ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ မြို့နယ် လ.ဝ. က ဦးစီးမှူး ဦးဦးထွန်းခိုင်နှင့် ဝန်ထမ်းများ၊ ကုလားကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမိုးနှင့် ရပ်မိ၊ ရပ်ဖများ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က အမှာစကားပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိုးထံ ပေးအပ်သည်။

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူး ဦးဦးထွန်းခိုင်က ကုလားကြီးကျေးရွာ အထောက်အကူပြုကော်မတီဝင် ဦးကြည်မောင်ထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပြီး၊ တိုက်နယ်မှူး ဒုတိယ လ.ဝ. ကမှူး ဦးသိန်းနိုင်ဝင်းက ကံဇီးကျေးရွာနေ ဦးတင်ငွေအား ဆက်လက်ပေးအပ်ခဲ့သည်။

"အခုလို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကျေးရွာအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးတဲ့အတွက် ကျေးရွာနေပြည်သူများ အလုပ်အကိုင်လည်းမပျက်၊ ငွေကုန်ကြေးကျလည်းသက်သာတဲ့အတွက် အထူးပင်ကျေးဇူးတင်ပါတယ်" ဟု ကုလားကြီးကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ရပ်မိရပ်ဖ ဦးတင်ငွေက ပြောသည်။ ယခုပေးအပ်ပွဲတွင် ချောင်းဦးမြို့နယ် ကုလားကြီးကျေးရွာအုပ်စု၊ ကံဇီးကျေးရွာ၊ ကုလားကြီးကျေးရွာနှင့် တပယ်အင်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသား ၁၄၂ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**အိအိစိုး (ချောင်းဦး)**

## စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်း ပြန်လည်ဖွဲ့စည်း

**မုံရွာ နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း အသစ်ပြန်လည်ဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၂၃ ရက်က မုံရွာမြို့ ချင်းတွင်းဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းဦးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော အလုပ်အမှုဆောင်များက ရာထူး၊ တာဝန်ရွေးချယ်ခြင်းကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ဆောင်ရွက်ကြသည်။

အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းတွင် အမှုဆောင် ၁၁ ဦး ပါဝင်ပြီး ICT နည်းပညာပြန့်ပွားရေးနှင့် ကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးနိုင်ရေး၊ e-Government လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ကျင်းပ

**မိုင်းဖြတ်၊ နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ အုပ်ချုပ်ရေးမှူးရုံးရှိ ပြည်သူ့ခန်းမ၌ မိုင်းဖြတ်မြို့နယ်အုပ်ချုပ်ရေးမှူးဦးစီးဌာနနှင့် တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့၏ စီစဉ်မှုဖြင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုင်းဖြတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က အဖွင့်အမှာစကားပြောကြားပြီး တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းမြင့်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အဓိကရည်မှန်းချက်ဖြစ်သော ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး (Road Safety)၊ ၎င်းရည်မှန်းချက်အောင်မြင်ရေးအတွက် လုပ်ငန်းတာဝန် (၄) ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းအား ပြောကြားခဲ့သည်။

ယင်းအပြင် ယာဉ်မောင်းလိုင်စင်များကို စစ်ဆေး၍ ထုတ်ပေးရာတွင် တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်စနစ်နှင့်အညီ တိုးတက်များပြားလာသော ယာဉ်နှင့် လူဦးရေများအရ ယာဉ်မတော်တဆဖြစ်ပွားမှုအန္တရာယ်မှ ကာကွယ်ရန်အတွက် နိုင်ငံတကာရှိ ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်းစနစ်များကို လေ့လာပြီး မိမိနိုင်ငံနှင့် ကိုက်ညီမည့် စနစ်များကို တိုးမြှင့်၍စစ်ဆေးရန် လိုအပ်လာပါသဖြင့် အရည်အချင်းပြည့်ဝသော ယာဉ်မောင်းများကိုသာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် အမှတ်(၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်စိပ်(၂)မှ ဒုရဲအုပ်ဇော်ဇော်ညွှန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ အန္တရာယ်သတိပေးလမ်းညွှန်များ၊ အမိန့်ပေးခြင်းလမ်းညွှန်များ၊ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ၊ မီးပွိုင့်အချက်ပြသင်္ကေတမီးများအပါအဝင် ယာဉ်မောင်းသူများ လိုက်နာရမည့် စည်းကမ်း ၁၀ ချက်နှင့် ရှောင်ရန်စည်းကမ်း ၁၀ ချက် စသည်များကို ရှင်းလင်းပြီးနောက် Decade of Action ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ဆယ်စုနှစ် (၂၀၁၀-၂၀၂၀) လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် က. ည. နမှ ဖြန့်ဝေသည့် လက်ကမ်းစာစောင်များကို တက်ရောက်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ မိုင်းဖြတ်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိုင်းဖြတ်မြို့မစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ် TAXI ယာဉ်မောင်းများ၊ မိုင်းဖြတ်မြို့ပေါ်သုံးရပ်ကွက်မှ ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

**ကျေးဇူးဆပ်ပါမည်**
ကျွန်တော် ဦးမျိုးမင်းဦး၏သဘော်သား လုပ်သက်မှတ်တမ်းစာအုပ်အမှတ် ရန်-၇၁၀၇/၀၈သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၈၅၀၁၃၈၀

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ရဲဝင့်ထွန်း [၁၂/လမန(နိုင်) ၁၄၁၅၀၉]ကိုင်ဆောင်သူ၏ Passport - M430860 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၇၆၇၂၈

**တိုက်ခန်းရောင်းမည်** (စမ်းချောင်းမြို့နယ်)
ရွှေလောင်းလမ်း၊ လမ်းသန့် ပေအကျယ် (၁၂½×၅၅)၊ ဒုတိယထပ်၊ (2F)၊ ကျွန်းပါကေးအပြည့်ခင်း၊ အဲယားကွန်း ၁လုံး၊ ကောနစ်၊ ရေချိုးခန်း၊ မီးဖိုချောင်း၊ အိမ်သာကြွေခင်းကပ်၊ ဘိုထိုင်၊ တိုက်သန့်၊ လေဝင်လေထွက်ကောင်း။ သိန်း(၆၀၀)
ဖုန်း-၀၉-၄၀၁၆၁၆၉၁၇၊ ၀၉-၂၅၄၂၈၂၂၈၁

**သက်ဆိုင်သူများနှင့်အများသိစေရန်**
ဒေါ်မြသန်း(ဘ)ဦးထွန်းကြွေ[၁၂/ဥကမ(နိုင်)၂၀၀၉၈၄] လွှဲအပ်ညွှန်ကြားချက်အရ-
၁။ ကျွန်ုပ်၏အမှုသည် ဒေါ်မြသန်းသည် ၁၆-၈-၂၀၀၁ရက်တွင် ကွယ်လွန်သူ ဦးမြသောင်း၏ တရားဝင်ဇနီးဖြစ်ပါသည်။ ဦးမြသောင်း(ဘ)ဦးဘဝင်းနှင့် ဒေါ်မြသန်းသည် ၁၉၈၀ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပုဆိုးတန်းတင်လင်မယားအဖြစ် ပေါင်းသင်းလာရာ သား(၁)ဦးနှင့် သမီး(၂)ဦး ရရှိလာပြီး ဦးမြသောင်းကွယ်လွန်သည်အထိ တစ်မိုးအောက် အတူနေထိုင်ခဲ့ပါသည်။
၂။ ရန်ကုန်မြို့၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁ဘီ၊ လူနေရပ်ကွက်အမှတ်(လသာ)၊ မြေကွက်အမှတ် Southern ½ III3၊ မြေဧရိယာ ပေ(၂၅×၄၀)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်တရားမရုံးတော်၌ ၁၉၆၂/၅၆၉ဖြင့် ၁၉၆၄ခုနှစ် မေလ ၇ရက်တွင် အနိုင်ဒီကရီရခဲ့သောမြေဖြစ်ပါသည်။
၃။ ထိုမြေကွက်မှာ အဘွား ဒေါ်အေးသာမှ မိခင် ဒေါ်လှတင်၊ အဒေါ် ဒေါ်လှခင်နှင့် ဦးလေး ဦးဘသန်းတို့မှ အသီးသီးကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးမြသောင်းက တစ်ဦးတည်းအမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မြေပုံရာဇဝင်ကူးယူခြင်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်း၊ ဝင်ရောက်ကျူးကျော်နေထိုင်မှုများ မပြုလုပ်ရန်အထူးတားမြစ်လိုက်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သွဲ့သွဲ့လေး (LL.B)
အထက်တန်းရှေ့နေ
အမှတ်-၁၈၊ အခန်း(၅)A၊ စစ်ကိုင်းလမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၃၁၁၅၃၃၄၁၊ ၀၉-၃၂၅၃၂၈၄၁၀၀၊ ၀၉-၃၂၃၅၈၄၅၃

**မသိတာဝင်း(၁၂/မဂတ(နိုင်)၁၆၁၅၁၀)သိစေရန်**
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇနာ(၁)လမ်း၊အမှတ်(၂၈၁)ဟုခေါ်တွင်သောအဆောက်အအုံ၏ဒါဘာတိုက်ခန်းကို (၁၅-၈-၂၀၁၄)ရက်နေ့မှ(၁၅-၁၁-၂၀၁၄)ရက်နေ့အထိ(၃)လအငှားစာချုပ်ချုပ် ဆို၍သော့ခတ်သွားပြီး ယနေ့တိုင်လူကြီးမင်းနှင့်အဆက်အသွယ်မရပါ။ ငှားရမ်း ကာလ ပြည့်ပြီးဖြစ်၍ကြော်ငြာပါပြီး(၇)ရက်အတွင်း တိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေ ပိုင်ရှင်ထံသို့မပျက် မကွက်ပြန်လည်အပ်နှံရန်အသိပေး ကြောင်းကြားအပ်ပါသည်။ အကယ်၍ပျက်ကွက်ခဲ့လျှင် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းတို့၏ အကူအညီဖြင့် လက်ရောက်ရယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လက်လက်လင်း စဉ်-၂၉၄၃၅
ဦးအောင်ဉာဏ်မင်း စဉ်-၂၉၈၉၁
ဒေါ်အေးသဲခိုင် စဉ်-၄၁၃၅၄
(အထက်တန်းရှေ့နေများ)
"ဝင်းထက်" စီးပွားရေးနှင့် ဥပဒေလမ်းညွှန်လုပ်ငန်း
အမှတ်(၁၀၁)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**"ကန့်ကွက်နိုင်ပါသည်"**
ရန်ကုန်မြို့၊ လှည်းကူးမြို့နယ်၊ ဝါးရက်ကန်းကျေးရွာ၊ ခြံအမှတ်- ၈၇၊ အကျယ်အဝန်း (၄၁ ပေ × ၈၃ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး၊ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မွဝါး (၁၂/လကန(နိုင်)၀၄၇၆၃၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် နည်းလမ်းတကျ စာချုပ်ချုပ်ဆို၍ လက်ရောက်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက် အတွင်း တရားဝင်နိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မြင့်မြင့်သန်း (စဉ်-၂၃၀၄၆) LL.B, LL.M
ဒေါ်သန္တာဆွေ (စဉ်-၂၇၆၄၆) LL.B, LL.M, D.B.L
ဒေါ်နော်ဆည်းဇာ (စဉ်-၃၇၅၅၀) LL.B, WIPO(Switzerland)
ဦးကျော်ဇေယျ (စဉ်-၃၉၆၈၈) LL.B, WIPO(Switzerland)
ဒေါ်ခင်ထွေးငယ် (စဉ်-၄၃၅၆၂) LL.B, WIPO(Switzerland)
ဒေါ်ဝေမာနွယ် (စဉ်-၄၃၆၅၉) LL.B, WIPO(Switzerland)
အထက်တန်းရှေ့နေများ
DEMO LAW FIRM
အမှတ်(၉/၁၁)၊အခန်း(၃၀၁)၊တတိယထပ်၊၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
Ph: 09-73168508, 09-254425468, 09-43188988

# မလှိုင်မြို့နယ်အတွင်း အချိန်အခါမဲ့ မိုးရွာသွန်း၍ ကြက်သွန်နီ စိုက်ခင်းများ ပိုးမွှားများကျရောက်

**မလှိုင်၊ နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်အတွင်းရှိ ကြက်သွန်စိုက်တောင်သူများ အချိန်အခါမဲ့မိုးရွာသွန်းမှုကြောင့် ကြက်သွန်ပျိုးခင်းများနှင့် စိုက်ခင်းများ ပိုးမွှားရောဂါများ ကျရောက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)သီးနှံကာကွယ်ရေးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ကျေးရွာများသို့ နိုဝင်ဘာ ၂၃ ရက်က ကွင်းဆင်း ပြီးတောင်သူပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ရကြောင်းသိရသည်။

မလှိုင်မြို့နယ်အတွင်း၌ ဆောင်းသီးနှံဖြစ်သည့် ကြက်သွန်နီကို နှစ်စဉ်စိုက်ဧက ၄၂၀၀ အထက် စိုက်ပျိုးနိုင်ပြီး ကံကြီး၊ ကူကြီးကျေးရွာ၊ အုတ်ဖိုကန်၊ ကျင်းရွာ၊ ရုံးတော၊ ကျောင်းစု၊ အောင်စည်၊ ညောင်ပင်တဲ၊ ထန်းပင်ကန် စသည့် ကျေးရွာများသည် ကြက်သွန်နီကို အဓိကအားထားစိုက်ပျိုးသည့် ကျေးရွာများ ဖြစ်သည်။

နိုဝင်ဘာ ၅ ရက်မှ ၇ ရက်ထိအချိန်အခါမဲ့မိုးရက်ဆက်ရွာသွန်းခဲ့သဖြင့်ကြက်သွန်စိုက်ခင်းများတွင် ရောဂါပိုးများ ကျရောက်ပြီး စိုက်ပျိုးရန်ပျိုးထောင်ထားသော ကြက်သွန်နီပျိုးခင်းများမှာလည်း အပင်များဝါခြင်း၊ပိုးကျခြင်းများဖြစ်ခဲ့ရသည်။အချိန်အခါမဲ့မိုးကြောင့်ရောဂါပိုးများ ကျရောက်နေသောကျောင်းစုကျေးရွာ၊ ရုံးတောကျေးရွာ၊ ကံကြီးကျေးရွာ၊ ထန်းပင်ကန်ကျေးရွာရှိ ကြက်သွန်နီစိုက်ခင်းများသို့ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)သီးနှံကာကွယ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာဒေါ်ကျင်ကျင်ဝင်းဦးဆောင်၍မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းယုနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကသွားရောက်၍ရောဂါကျရောက်ပုံ၊ကာကွယ်နှိမ်နင်းရမည့် ဆေးများနှင့် ရောဂါကာကွယ်နှိမ်နင်းနည်းစနစ်များကို ပညာပေးဟောပြောကြသည်။

ထို့နောက် ပျိုးခင်းများတွင် ဘီနိုမိုင်း မှိုသတ်ဆေးကို ရေလေးဂါလန်ဝင် ဆေးဖျန်းပုံးတစ်ပုံးလျှင် ဟင်းစားဇွန်းခြောက်ဇွန်းနှုန်းနှင့် နောက်ရက်များတွင် ပိုတက်မြေဩဇာကို ရေလေးဂါလန်ဝင် ဆေးဖျန်းပုံးတစ်ပုံးလျှင် ဟင်းစားဇွန်းခြောက်ဇွန်းနှုန်းဖြင့် တစ်ညရေကြိုစိမ်၍ ပက်ဖျန်းသွားရန်၊ စိုက်ခင်းများသို့ ပြောင်းရွှေ့စိုက်မည့် ပျိုးပင်များကိုလည်း ဘီနိုမိုင်းမှိုသတ်ဆေးရည်တွင် စိမ်၍စိုက်ရန် မှာကြားခဲ့သည်။

**အောင်ဌေး(မလှိုင်)**



**မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မင်းဘူး–စလင်း–ဆိပ်ဖြူ ကားလမ်းမပေါ်ရှိ မိုင်တိုင် (၆၇/၂ မှ ၆၇/၃)မိုင်အတွင်း ၁၆၀ ပေ အရှည်ရှိ ရေကျော်ဆောက်လုပ်ခြင်းလုပ်ငန်းအား တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေ ကျပ် ၄၀ ဒသမ ၀၀ သန်းဖြင့် ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ၍ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် အချိန်မီပြီးစီးရေး ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - ကြေးမုံ



ယောပညာတွင်း(၅၄)ရွာ(၅၆)ကျောင်းတို့၏ ဂိုဏ်းအုပ်ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိသက်တော် (၈၆) ဝါတော် (၆၆)၏ အန္တိမအဂ္ဂိရှာပနပွဲကို ယောဒေသဓလေ့ထုံးတမ်းများနှင့် ပူဇော်သဂြိုဟ်ရာတွင် ယောနယ်သူနယ် သားများသာမက ချင်းတောင်တန်းဒေသ ဗုဒ္ဓဘာသာချင်းတိုင်းရင်းသားညီအစ်ကိုများမိသားစုများက ချင်းရိုးရာဓလေ့ နာရေးဂါရဝအကများနှင့် တူမီးသေနတ်များပစ်ဖောက်၍ ပူဇော်ခဲ့ကြသည်။

**(ကိုကိုနေ)**

# မြိတ်မြို့မှ အထက်တန်းကျောင်းအား သုံးထပ်စာသင်ဆောင်ဆောက်လုပ်ရန်ပန္နက်ရိုက်

**မြိတ်၊ နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှာ နှစ်ပေါင်းရာချီ တည်တံ့ခိုင်မြဲစွာဖြင့် မြိတ်မြို့ဂုဏ်ဆောင်ကျောင်းသား၊ ကျောင်းသူများစွာ မွေးထုတ်ပေးခဲ့သောခေတ်စနစ်များစွာ ဖြတ်ကျော်ခဲ့ပြီး ကာလကြာရှည်ပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်းများကြောင့် ယိုယွင်းပျက်စီးလျက်ရှိကြောင်း သိရသည်။

ကျောင်းဆောင်ပြုပြင်ရန်အတွက် နိုင်ငံတော်အစိုးရသို့ တင်ပြလျှောက်ထားခဲ့ပြီး ပြုပြင်စရိတ်များမကျမီ အရေးပေါ်ပြင်ဆင်ရန် လိုအပ်လာခဲ့ရာ ရန်ပုံငွေ အလျင်အမြန်ရရှိရေး အခက်အခဲရှိသည့်အတွက် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ မြိတ်အများပိုင်ကော်ပိုရေးရှင်းထံသို့ အကူအညီတောင်းခံပြီး ကျောင်းသား၊ ကျောင်းသူများ စာသင်ချိန် မထိခိုက်စေဘဲ အမြန်ဆုံးပြီးစီးနိုင်ရေး အကြီးစားပြင်ဆင်မှုများအား မြိတ်အများပိုင်ကော်ပိုရေးရှင်း၏ စိုက်ထုတ်ချေးငွေ ကျပ်သိန်း ၄၀၀ ဖြင့် စတင် ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြိတ်ခရိုင်၊ မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်စာသင်ဆောင် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၇ နာရီ ခွဲက အဆိုပါကျောင်းသုံးထပ်ကျောင်းဆောင်ဆောက်လုပ်မည့်မြေနေရာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသုံးထပ်ကျောင်းဆောင် ဆောက်လုပ်မည့် မြေနေရာ၌ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်း၊ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ပညာရေးမှူး ဦးကြည်သန်း၊ မြို့နယ်ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူးများ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံများ စုပေါင်း၍ ပန္နက်ရိုက်ပေးခဲ့ကြသည်။

**မြင့်ဦး(မြိတ်)**

**အထက(၅)အလုံ**

**(၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ**

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၅)အလုံ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ

ကျင်းပမည့်နေ့ရက် - ၁၈-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - အထက(၅)အလုံ

ဆက်သွယ်လှူဒါန်းရန်-

ကိုအုန်းစိန်-၀၉-၈၆၁၃၃၇၀
ကိုဝင်းသူ-၀၉-၇၃၀၀၂၅၂၉
ကိုဇော်မြင့်-၀၉-၅၁၁၅၀၂၁
ကိုသိန်းစိုး-၀၉-၄၂၀၀၉၇၁၅၃
ကိုအောင်မြတ်-၀၉-၂၅၄၂၁၄၇၂၅
ကိုမြင့်သိန်း-၀၉-၅၁၄၃၉၉၈
မလှမျိုးနွယ်-၀၁-၂၂၆၀၆၃
မခင်ခင်လွင်-၀၁-၂၁၁၁၃၈
ကိုကြည်ရွှင်-၀၉-၇၃၅၅၅၄၄၄

**TAXI ငှားမည်**

CNG ဖင်ကောက်၊ နေ့မောင်း တစ်လက်ကိုင်၊ အိမ်မပေးပါ၊ ပုဇွန်တောင်

ဖုန်း-၀၉-၅၀၂၁၃၀၃

**ဂိုဒေါင်ငှားမည်။**

(၁) ၃၀'×၅၀' (၂) ၆၀'×၆၀' အမြင့်၂၅' ခန့် ကားဝင်ထွက်ကောင်း၊ သွပ်မိုးသွပ်ကာ၊ ပတ်ကား၊ ရေမီးအစုံ တစ်လ သိန်း(၃၀) (ညှိနှိုင်းဈေး)။ ဦးရေခဲလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

ဖုန်း-၇၃၂၄၂၅၇၀

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၉-၈-၂၀၁၄ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၈)ကန့်ကွက်ကြော်ငြာသာကေတ မြို့နယ် ဒေါ်လှလှမိုး+၁၏ မြေပုံကူးတွင် ပိုင်ဆိုင်+အရောင်းစာချုပ်ရန်နှင့် ထပ်တိုး အရောင်းစာချုပ်ရန်+မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

ဖခင် အမည်မှန်

ဒဂုံ(တောင်)၊ အမှတ်(၇) အလယ်တန်းကျောင်း တတိယတန်း(A)မှ မောင်ရဲဝင်းနောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်းဦးဖြစ်ပါသည်။

ဦးအောင်သိန်းဦး

**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားဂရာလမ်း၊ အမှတ်(၂၀၅)တွင် နေထိုင်သူ ဒေါ်သန်းကြည်၏ လွှဲအပ်ချက်အရ-

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၆ဒီ/၁၊ ဧရိယာ(၀. ၁၆၇)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါလမ်း၊ (၁)ရပ်ကွက်၊ အမှတ်(၇၉)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေဒေါ်သန်းကြည်(ဘ)ဦးဖုန်းကြွယ်[၁၂/စခန(နိုင်)၀၂၅၂၇၆]မှ ၂၀-၁၂-၁၉၅၅ခုနှစ်ကတည်းက တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသောမြေကွက်နှင့် အဆောက်အအုံဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ပြုလုပ်ပါက တည်ဆဲ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လှလှဝင်း **B.A(Law).,LL.B.**
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၃၄)
အမှတ်-၅၄၊ (၁၂၆)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉-၅၁၄၈၀၂၆

# ညောင်တုန်း၌ ကလေးဗဟိုပြုချဉ်းကပ်သင်ကြားနည်း ဆွေးနွေးသရုပ်ပြ

**ညောင်တုန်း၊ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စု ကျောင်းမိသားစု နယ်မြေအုပ်စု(၁) ဝါးတောအခြေခံပညာမူလတန်းကျောင်း၌ ကလေးဗဟိုပြုချဉ်းကပ်သင်ကြားနည်းစနစ် ဆွေးနွေးသရုပ်ပြပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ကလေးဗဟိုပြုသင်ကြားနည်းစနစ်သည် ကလေးများအတွက် ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန် သင်ကြားနည်းစနစ်ဖြစ်ကြောင်း၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများကို ကလေးများလက်တွေ့အသုံးပြုသင်ကြားရခြင်း၊ စိတ်ပါဝင်စားစွာ လုပ်ဆောင်ရသောကြောင့် သင်ခန်းစာများကို မှတ်မိလွယ်ကူစေခြင်းစသော အကျိုးကျေးဇူးများ ရရှိစေကြောင်းနှင့် ကလေးဗဟိုပြု သင်ယူမှုအတတ်ဆိုင်ရာ အချက်ခြောက်ချက်ဖြင့် ထိရောက်အောင်မြင်အောင် အလေးထား သင်ကြားပေးရန်စသည့်ဖြင့် ကလေးဗဟိုပြုဆိုင်ရာ နည်းစနစ်များကို အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများက ကလေး ဗဟိုပြုနည်းစနစ်ကို လက်တွေ့သရုပ်ပြသင်ကြားခဲ့ရာ တက်ရောက်လာသော ဆရာ၊ ဆရာမများက ဝေဖန်အကြံပြုကြသည်။

အခမ်းအနားသို့ ကျောင်းမိသားစုနယ်မြေမှူးများ၊ ကျောင်းအုပ်စုခေါင်းဆောင် ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းကော်မတီဝင်များ တက်ရောက်လေ့လာကြသည်။ ထို့ပြင် ညောင်တုန်းမြို့နယ်၌ ကျောင်းမိသားစုနယ်မြေ ၁၁ အုပ်စုအသီးသီးတွင် အုပ်စုလိုက်ကလေး ဗဟိုပြုချဉ်းကပ် သင်ကြားနည်းသရုပ်ပြ ဆွေးနွေးပွဲ များကျင်းပခဲ့သည်။ **ကြေးမုံ**




# ကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးပြီး စာစောင်များဖြန့်ဝေ

**နေပြည်တော်၊ နိုဝင်ဘာ ၂၇**

ခရိုင်တိုင်းရင်းဆေးမှူးဦးလှမော်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာနှင့် မအူပင်ကျေးရွာ၊ နိုဝင်ဘာ ၂၅ ရက်တွင်ဆင်သေကျေးရွာနှင့် ဈေးကုန်းကျေးရွာများသို့ကွင်းဆင်း၍ ကျေးလက်နေဒေသခံ ၄၀၇ ဦးတို့အားတိုင်းရင်းဆေးဖြင့်အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြသည်။

ထိုသို့ဆေးကုသပေးပြီး ကျန်းမာရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးကုသရေးအဖွဲ့နှင့်အတူ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးခိုင်နှင့် ဝန်ထမ်းများက မအူပင်ကျေးရွာ 'ဂန္ဓဝင်သွေး'စာကြည့်တိုက်၊ ဆင်သေကျေးရွာ 'ဒို့ကျေးရွာ'စာကြည့်တိုက်နှင့် ဈေးကုန်းကျေးရွာ 'ပညာ့ပန်းတိုင်'စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် သုတ၊ ရသ စာအုပ်များကို စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဒက္ခိဏခရိုင် တိုင်းရင်းဆေးကုဌာနမှ ကျေးရွာများသို့ ကွင်းဆင်း၍ တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသပေးလျက်ရှိသည်။ **ရွှေကုက္ကို**

# မြို့ရွှေကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေး(မူလွန်)ကျောင်း ဓမ္မစကူးလ်ဖွင့်ပွဲကျင်းပ

**မြန်အောင်၊ နိုဝင်ဘာ ၂၇**

မြန်အောင်မြို့ မြို့ရွှေကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ဘုန်းတော်ကြီးသင်ပညာရေး(မူလွန်) ကျောင်းတွင် နိုဝင်ဘာ ၂၃ ရက်က ဓမ္မစကူးလ် ဖွင့်ပွဲကျင်းပပြုလုပ်ရာ နိုင်ငံတော်(ဗဟို)သံဃာ့ဝန်ဆောင် လေးမျက်နှာမဟာစည်ကျောင်းဆရာတော်ထံမှဒါယကာ၊ဒါယိကာမများနှင့်ဓမ္မစကူးလ်ကျောင်းသား၊ကျောင်းသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

နိုင်ငံတော်(ဗဟို)သံဃာ့ဝန်ဆောင်ကြာနီကန်ကျောင်းဆရာတော်၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ကံလှကျောင်း ဆရာတော်၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ဆရာတော်၊ တာခွကျောင်းဆရာတော်၊မြို့နယ် မ. ဘ. သ ဥက္ကဋ္ဌ သာယာကုန်းကျောင်းသစ် ပရိယတ္တိပျိုးဥယျာဉ် ဆရာတော်နှင့် ဇေယျသုခဇီးကန်ကျောင်းတိုက် ဆရာတော်တို့ထံမှ သြဝါဒချီးမြှင့်မှုများကို နာယူကြသည်။

ဆက်လက်၍ ရန်ကုန်မြို့ ဓမ္မစကူးလ်ဖောင်ဒေးရှင်း အတွင်းရေးမှူး(၁) ဆရာတော် ဒေါက်တာဉာဏဝံသမှဓမ္မစကူးလ်သင်တန်းကျောင်းများ ဖွင့်လှစ်ရခြင်းအကြောင်းကိုရှင်းလင်းမိန့်ကြားရာ မြို့ရွှေကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ဘုန်းတော်ကြီးသင်ပညာရေး(မူလွန်)ကျောင်း ဓမ္မစကူးလ်အမှုဆောင်ဆရာတော်နှင့်မြို့မိမြို့ဖ ပြည်ကြီးတံခွန် ဦးမောင်ထွန်းတို့က ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားကြသည်။

ထို့နောက် စာပေသင်ကြားရေးအဖွဲ့မှ ဦးသိန်းဆန်းက သင်ကြားမည့်အချိန်နှင့် ဓမ္မစကူးလ် တက်မည့် ကျောင်းသား၊ကျောင်းသူများ လိုက်နာရမည့် စည်းကမ်းများကိုရှင်းလင်းပြောကြားပြီး ဓမ္မစကူးလ်ကျောင်းသား၊ ကျောင်းသူများက ဓမ္မစကူးလ်သွားကြမယ် သီးချင်းအား သီဆိုကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ဓမ္မစကူးလ်ဖွင့်ပွဲ အခမ်းအနားကိုကျင်းပခဲ့ကြသည်။

ဓမ္မစကူးလ်သို့ မြို့ပေါ်ရှိကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၅၈၀ တက်ရောက်ကြပြီး တနင်္ဂနွေနေ့တိုင်း သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

**ဝင်းမိုလ်(မြို့နယ် ပြန်/ဆက်)**

# မြင်းမူမြို့၌ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဟောပြော

**မြင်းမူ၊ နိုဝင်ဘာ ၂၇**

စစ်ကိုင်းခရိုင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် မြင်းမူမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြောပွဲအခမ်းအနားကိုနိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက မြင်းမူ အ. ထ. က (ခွဲ) မျက်နှာစာ၌ ကျင်းပခဲ့သည်။

အစီအစဉ်အရ စစ်ကိုင်းခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးကြည်ညွန့်(အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါက်တာအောင်မိုးက မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်ဖြစ်ပွားသည့် HIV/AIDS ရောဂါများအကြောင်းကို ပြောကြားခဲ့သည်။

ယင်းနောက် မြင်းမူမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောလွင် (ဒုခရိုင်ဥပဒေအရာရှိ)ကမူးယစ်ဆေးဝါးဥပဒေအကြောင်းကိုလည်းကောင်း၊ စစ်ကိုင်းခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ရဲမှူးကျော်လင်းခိုင်(အငြိမ်းစား)က မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုများ အကြောင်းကိုလည်းကောင်း ပြောကြားခဲ့သည်။ အလားတူ မွန်းလွဲ ၁ နာရီတွင်လည်း မြင်းမူ အ. ထ. က ကျောင်းခန်းမ၌ အလားတူဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင်**

# ဇီးချောင်းထူးကြီးရေလွှဲဆည်မှ ရေပေးမြောင်းအတွင်း ရေဝင်ရောက်မှုစစ်ဆေး

**ကလေး၊ နိုဝင်ဘာ ၂၇**

ကလေးမြို့ ဇီးချောင်းထူးကြီး ရေလွှဲဆည်မှ ဆည်ရေအသုံးပြု တောင်သူများက ငွေကျပ် ၁၅ သိန်းအကုန်အကျခံကာ ရေပေးမြောင်းအတွင်းမှ သဲနုန်းမြေများကော်၍ တူးဖော်ပြီးစီးခဲ့ကြောင်း သိရသည်။

ရေပေးမြောင်းအတွင်း ရေဝင်မှုအခြေအနေအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမောင်ထူးသည် ခရိုင်ဆည်မြောင်းဦးစီးဌာနမှတာဝန်ရှိသူနှင့် ဒေသခံရပ်မိရပ်ဖများ၊ တောင်သူများနှင့် အတူနိုဝင်ဘာ၂၄ ရက် ညနေပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ထူးကြီးရေလွှဲဆည်သည် ဇီးချောင်းရေကို အသုံးပြုလျက် သံကူကွန်ကရစ်နှင့် ကျောက်စီရေတံခါးပါ ရေလွှဲဆည်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်က တည်ဆောက်ခဲ့ပြီး ဒေသခံတောင်သူများကို ၁၉ နှစ်ကျော်အထောက်အကူပြုသည့် ဆည်ဖြစ်သည်။

ယင်းထူးကြီးရေလွှဲဆည် ဖောက်လုပ်ပေးခြင်းကြောင့် စက္ကန့်ကျေးရွာ၊ အင်ဒိုင်းကုန်းကျေးရွာ၊ မြို့လှကျေးရွာ၊ မွန်းထာကျေးရွာနှင့် တောင်သာကျေးရွာများမှ တောင်သူများ၏ လယ်ယာမြေ ၂၀၀၀ ဧကကို အကျိုးပြုလျက်ရှိရာ ထူးကြီးရေလွှဲဆည်ဆောက်လုပ်ပေးခြင်းကြောင့် အဆိုပါကျေးရွာများ၏ လယ်ယာမြေစိုက်ပျိုးရေးတွင် များစွာ အကျိုးပြုလျက်ရှိကြောင်း သိရသည်။ **ဂျူနိုင်း**

## ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

သံဝေဇနိယလေးဌာန၊အဝိဇဟိတလေးဌာန (အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်ကို (၂၀၀၃-၂၀၀၄)ခုနှစ်မှစ၍ (၁၁)နှစ်တိုင် စိတ်ချမ်းသာစွာဘုရားဖူးစီစဉ်ပေးခဲ့ပြီး ယခုနှစ် (၂၀၁၄-၂၀၁၅)တွင်လည်း သံဃာတော်များ နှင့် သီလရှင်ဆရာကြီး/ဆရာလေးများကိုအထူးဈေးနှုန်း (၇၅၀၀၀၀/-)ကျပ်(ခုနစ်သိန်းငါးသောင်းကျပ်)ဖြင့်**(၂၉.၁၂.၂၀၁၄)ရက်**နေ့ နှင့် **(၁၂.၁.၂၀၁၅)ရက်** ခရီးစဉ်များတွင်ကုသိုလ်ယူပို့ဆောင်ပေးရန်စီစဉ်ထားပါကြောင်းနိဗ္ဗာန်အကျိုးမြော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် - အမှတ် (၄၄)၊လမ်းသစ်လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

☎ဖုန်း-၂၁၁၉၄၄၊၂၁၁၉၅၅၊၂၂၂၇၂၀၊၂၂၉၃၁၅

မန္တလေးရုံးခွဲ - အမှတ်(၈၇)၊၇၃လမ်း၊၂၉-၃၀ကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။

☎ဖုန်း-၀၂-၃၂၀၂၀၊၀၁၁၂၀၁၂၀၈၊၀၉-၄၀၂၅၈၈၃၉၉

## ပျောက်ဆုံးကြောင်း

ကျွန်တော်သန့်စင်အောင် (ဘ) ဦးတင်ထွန်း [၁၄/မမန(နိုင်)၂၀၁၂၁၃]၏ (၂၉-၇-၂၀၀၈) ရက်တွင် ထုတ်ခဲ့သော နိုင်ငံကူးလက်မှတ်(Passport) ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားအပ်ပါသည်။

သန့်စင်အောင်

ဖုန်း-၈၅၇၅၄၃၂

## အမည်ပြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ ဦးအောင်မြင့်ထွန်း-ဒေါ်ချိုချိုဝင်းတို့၏သား အထက (၄)မြစ်ကြီးနား အဌမတန်း(ဂ)မှ မောင်မင်းလွင်ထွန်းအား မောင်ခန့်ထက်အောင်ဟုပြောင်းလဲခေါ်ပါရန်။

## ဓမ္မပါလဖောင်ဒေးရှင်း

## ပထမအကြိမ် ကျန်းမာရေးအလှူတော် အထူးတရားပွဲ

ကမာရွတ်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ယုဇနဝင်း(High Way Complex) မိသားစုများ၏ ပထမအကြိမ်မြောက် အထူးတရားပွဲကို -

၂၉-၁၁-၂၀၁၄ (စနေနေ့)တွင် အရှင်ပါကဋ္ဌာလင်္ကာရ (ဓမ္မပါလဆရာတော်) နယ်လှည့်ဓမ္မကထိက၊ ဂုဏ်ထူးဆောင် (၉)ဘွဲ့ရ နှင့်

၃၀-၁၁-၂၀၁၄ (တနင်္ဂနွေနေ့)တွင် အရှင်ခေမိန္ဒ (စစ်ကိုင်း-ခင်မကန်) ဆရာတော်တို့မှ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောပြောမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေ သူတော်စင် သူတော်ကောင်းအပေါင်းတို့မှ တရားနာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ။ ။ (High Way Complex)ဝင်း၊ (၆)ရပ်ကွက်၊ ကမာရွတ်။

အချိန် ။ ။ ညစဉ် (၇း၃၀)နာရီ။

ယုဇနဝင်း **High Way Complex** မိသားစုများ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်-၃၉၁၊ မြေကွက် တည်နေရာအမှတ်-၃၉၁၊ တပ်ဖွဲ့လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးအောင်ကြည်) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ပေ(၄၀×၆၀)ရှိသည့် အနက်ပေ(၂၀×၆၀)အား အရောင်းစာချုပ်ရန် သာကေတမြို့နယ်တရားရုံး၌ ဦးနုရ်ဆူဘမ်မှ ၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၇ဖြင့် ဦးအောင်ကြည်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၁၃-၂-၂၀၁၃ရက်စွဲပါ အမိန့်နှင့်အနိုင်ဒီကရီနှင့် ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်တင်မေလွင်[၁၂/ဗဟန(နိုင်)၀၂၀၈၆၇]မှ ပေ(၂၀×၆၀)အားအရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၅၅၅၊ မြေကွက်တည်နေရာအမှတ်(၅၅၅)၊ ကေတုမတီ(၁၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊(ဒေါ်ခိုင်နန်းမွန်၊ ဦးကျော်အေး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ (ဦးကျော်အေး) ကွယ်လွန်သဖြင့် ၎င်း၏အစုကို ဒေါ်တင်အေးလှိုင်[၁၂/ဥကတ(နိုင်)၀၅၈၁၆၂]တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတို့တင်ပြ၍ ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်နီလာ[၁၄/ကလန(နိုင်)၁၀၃၉၄၀]မှ ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ(၂၉၃၂/၂၃-၅-၁၄)ကို တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခိုင်နန်းမွန်[၁၂/ဥကတ(နိုင်)၀၅၈၃၃၂]နှင့် ပူးတွဲပြီး(ပိုင်ဆိုင်၊ စွန့်လွှတ်၊ အရောင်း၊မြေကွက်ခွဲ) မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁(အနော်မာ)၊ မြေကွက်အမှတ်-၂၃/က၊ မြေကွက်တည်နေရာအမှတ်-၂၃/က၊ အနော်မာ(၃)လမ်း၊ အနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့ နယ်၊ ဦးအီစွတ် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအီစွတ်(ခင်ပွန်း၊ ဖခင်) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးနှင့် သားတော်စပ်သူများဖြစ်သော ဒေါ်အရှာဘီ[EF-၀၁၇၂၅၂]၊ ဦးဂိုလာမင်း[၁၃/တခလ(နိုင်)၀၃၇၃၂၆]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၂၀၉/၂၀၁၄ ရသူ ဦးခင်ဇော်ဝင်း[F/DGNMTT ၀၄၁၂၅၆]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယနေ့မာတိကာ


လုံခြုံရေးသတိ
အမြဲရှိရမည်
စာမျက်နှာ - ၂

ချမ်းချမ်းစီးစီးကြားမှ
လေယာဉ်ဆင်းတွန်းခဲ့ရသည့်
ခရီးသည်များ
စာမျက်နှာ - ၁၄



# ဒုတိယသမ္မတ ဦးညွန့်ထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီဆိုင်ရာဝန်ကြီး မစ္စတာနီကိုလိုင်း ပီ၊ ပက်ထရစ်ရှက်ဗ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဆိုင်ရာဝန်ကြီး မစ္စတာနီကိုလိုင်း ပီ၊ ပက်ထရစ်ရှက်ဗ်အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ဗိုလ်မှူးချုပ် အောင်သော်၊ ဦးသန့်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဆိုင်ရာဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးလည်းတက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့်နိုင်ငံတကာ အသိုင်းအဝိုင်းအပေါ် ကျရောက်နေသည့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးခြိမ်းခြောက်မှုအန္တရာယ်များ တားဆီးကာကွယ်ရေးကိစ္စရပ်များအပေါ် ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**






# ဆန်းချက်ဇ်မှာ ဆွာရတ်ဇ်နေရာအစားထိုးနိုင်မည့် အကောင်းဆုံးကစားသမားဟု နပီးသုံးသပ်

အာဆင်နယ်တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်သည် လီဗာပူးအသင်းနှင့် လမ်းခွဲသွားခဲ့သည့် တိုက်စစ်မှူးဆွာရတ်ဇ်နေရာတွင် အစားထိုးရန် အကောင်းဆုံးသော ကစားသမားတစ်ဦးဖြစ်ကြောင်း ဂယ်ရီနဗီးက သုံးသပ်ပြောကြားခဲ့သည်။

ဆန်းချက်ဇ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ဘာစီလိုနာအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လီဗာပူးတိုက်စစ်မှူးဆွာရတ်ဇ်သည်လည်း ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ ဖြင့် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

ဆွာရတ်ဇ်သည် ပြီးခဲ့သည့်ရာသီက လီဗာပူးအသင်းအတွက် သွင်းဂိုး ၃၂ ဂိုးသွင်းယူပေးခဲ့ပြီး လီဗာပူးအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သည်။ ယခုရာသီတွင် ဆွာရတ်ဇ်မရှိတော့သည့် လီဗာပူးအသင်းတိုက်စစ်အတွက်အခက်တွေ့ခဲ့ရပြီး ၎င်းနေရာတွင် အာဆင်နယ်တိုက်စစ်မှူးဆန်းချက်ဇ်ဖြင့် အစားထိုးရန် လီဗာပူးအသင်း နည်းပြ ဘရန်ဒန်ရော့ဂျာစီစဉ်လျက်ရှိသည်။ ဆန်းချက်ဇ်သည် လက်ရှိတွင် အာဆင်နယ်အသင်းအတွက် အရေးပါသော ကစားသမားဖြစ်လာသည့်အပြင် အာဆင်နယ်အသင်းအတွက်လည်း ၁၃ ဂိုးအထိ စံချိန်တင်သွင်းယူပေးထားနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ဆွာရတ်ဇ်နေရာအစားထိုးရမည့် ကစားသမားတစ်ဦးအမှန်တကယ်လိုအပ်ကြောင်းနှင့် ဆွာရတ်ဇ်နေရာအစားထိုးရန် အသင့်တော်ဆုံးမှာလည်း ဆန်းချက်ဇ်တစ်ဦးတည်းသာရှိကြောင်း ဂယ်ရီနဗီးက သုံးသပ်ပြောကြားလိုက်သည်။ **(နိုင်လင်းကြည်)**

# ဒေါ်အောင်ဆန်းစုကြည်၏ အရေးကြီးအဆိုတွင်ပါရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် နည်းဥပဒေမထွက်သေးဆိုသည့်အချက်များယွင်းကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပြန်လည်ရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၄)ရက်မြောက် နေ့ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ ကော်မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်က **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၆၆ တွင် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ထုတ်ပြန်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အရေးကြီးအဆိုကို တင်သွင်းခဲ့သည်။

ထိုကဲ့သို့ တင်သွင်းရာတွင် မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်၏အဓိကတာဝန်မှာ ပြည်သူနှင့် နိုင်ငံကို အကျိုးပြုသည့် ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ရန်ဖြစ်ပါကြောင်း၊ သို့သော်လည်း

စာမျက်နှာ ၉ ကော်လံ ၁ သို့



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။



ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်။



ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၁၁-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)တွင် ဖော်ပြထားသည့် "မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင်အော်ပရေတာလေးခုရှိလာမည်" သတင်းအညွှန်း စာမျက်နှာ(၉) ကော်လံ (၁) အောက်ဆုံးအပိုဒ်တွင် "မြန်မာ့ဆက်သွယ်ရေးကဏ္ဍ၏ ဖုန်းဆက်သွယ်မှုကဏ္ဍတွင် အော်ပရေတာလေးခုအထိရှိလာမည်ဖြစ်ပြီးလက်ရှိတွင် တရားဝင်အော်ပရေတာလိုင်စင်ရရှိဆောင်ရွက်နေပြီဖြစ်သည့် အော်ရီဒူး၊ တယ်လီနော၊ MPT နှင့် မကြာမီပေါ်ပေါက်လာမည့် အော်ပရေတာတစ်ခုအဖြစ် MEC တို့ဖြစ်ကြောင်း" အစား "နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍတွင် အော်ပရေတာလေးခုအထိရှိလာမည်ဖြစ်ပြီး လက်ရှိတွင် တရားဝင်အော်ပရေတာ လိုင်စင်ရရှိပြီးဖြစ်သည့် အော်ရီဒူး၊ တယ်လီနော၊ MPT တို့မှ လုပ်ငန်းများဆောင်ရွက်လျက်ရှိ ပါသည်။ ထပ်မံ၍ ပြည်တွင်းအော်ပရေတာ တစ်ဦးကို စိစစ်ရွေးချယ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**


သဉ္ဇာသန်းနိုင်
တည်ထောင်သည့်
ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
FORWARD အဆင့်မြင့်စာသင်ဝိုင်း
၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက်
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)
ကြိုအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကိုရယူပါ]

◆ ကိုယ်ပိုင်အထက်တန်းကျောင်း PRIVATE SCHOOL
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ Grade 11 (ဇန်နဝါရီ ၃)၊ Grade 10 (ဇန်နဝါရီ ၃၀) Grade 9,8,7,6 (မေ ၇) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
◆ အဆင့်မြင့်ဘော်ဒါ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဇန်နဝါရီလ နောက်ဆုံးပတ် ဘော်ဒါ စ,ဝင်ရမည်]
◆ အဆင့်မြင့် စာသင်ဝိုင်း
Grade 10,11(တက္ကသိုလ်ဝင်တန်း)[ဘာသာစုံ]
Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
(ဇန်နဝါရီ ၃) စ,မည်။ ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။
◆ ကိုယ်ပိုင်အထက်တန်းကျောင်း(သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း
◆ အဆင်ပြေ ကြိုက်နှစ်သက်ရာ အစီအစဉ်ကို စုံစမ်း၊ ရွေးချယ်၊ အပ်နှံ တက်ရောက်နိုင်ပါသည်။


themirror.npt@gmail.com
www.facebook.com/themirrordaily

# မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကာဒါန ကျောင်းအလှူ နှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋိ (အဝိဇဟိတဌာန) နှင့် တာဝတိံသာနတ်ပြည်သို့ကြွလှမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနရိန္ဒာဓိပတိ (ဓမ္မာစရိယ) သည် မြေတစ်ဧက ဝယ်ယူပြီးစီး၍ မဟာဇေယျသုခ သုံးထပ်ကျောင်းတိုက်ကြီး အား ဆောက်လုပ်လျက်ရှိရာ ဒုတိယထပ် ကြမ်းခင်းစလက်(SLAB) လောင်းပြီးဖြစ်၍ တတိယထပ် အမိုးမိုးပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ဝိဟာရဒါနံ သံဃဿအဂ္ဂံဗုဒ္ဓေနဝဏ္ဏိတံ" (ဝိဟာရဟူ ကျောင်းအလှူကို ဆုဆုဗုဒ္ဓ ချီးမွမ်းကြ၏)ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကာဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးကို တစ်စတုရန်းပေလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်းအောက်ပါအတိုင်းဆက်သွယ်၍ရက်ရောကြည်ဖြူစွာကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ -

၁။ ဆရာတော်ဘဒ္ဒန္တဒေါက်တာနရိန္ဒာဓိပတိ၊ မဟာဇေယျသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ၀၀၉၁ - ၈၄၀၀ ၃၈၀ ၁၃၂၊ ၈၈၉၆ ၇၅၂၉၇၇၊ unarinda08@gmail.com

ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့များ

၂။ ဒေါ်တင်တင်ကြည်၊ ခင်နန္ဒာ၊ မရမ်းကုန်း။ ၀၁ - ၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄
၃။ ဒေါ်သီတာ၊ မဇ္ဈိမဂုဏ်၊ မင်္ဂလာတောင်ညွန့်။ ၀၁ - ၂၉၆၄၄၆၊ ၀၉ - ၅၀၁၃၅၂၂
၄။ ဒေါ်မေသူမောင်၊ မေသူမောင်၊ ကမာရွတ်။ ၀၉ - ၅၁၉၂၄၄၈၊ ၀၉ - ၇၃၂၄၁၆၈၇၊ ၀၉ - ၅၀၁၂၄၇၀
၅။ ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာ၊ စမ်းချောင်း။ ၀၁ - ၅၃၂၀၈၆၊ ၀၉ - ၅၁၁၃၄၀၄၄၊ ၀၉ - ၅၁၈၈၃၇၆
၆။ ဒေါ်နီနီဝင်း၊ ရွှေမီ၊ တာမွေ။ ၀၁ - ၅၄၆၈၂၀၊ ၀၉ - ၅၀၂၁၁၉၂
၇။ တိုးတိုးရတနာ၊ စမ်းချောင်း။ ၀၁ - ၅၀၃၉၂၅၊ ၀၁ - ၅၂၇၅၃၉
၈။ ဒေါ်တင်မိုးအေး၊ ကျော်ကျော်ကားပစ္စည်းဆိုင်၊ ခင်နန္ဒာရုံးခွဲ(၁)၊ မန္တလေး။ ၀၂ - ၅၁၅၄၀၅၀၊ ၀၉ - ၅၁၁၆၈၀၄

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်(CC/9449)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**အမည်ပြောင်း**

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ နယ်မြေ(၁၀)နေ ဒေါ်ဝင်းအေး [၁/မကန(နိုင်) ၀၁၃၈၀၄]အား မခင်ဝင်းအေး ဟုပြောင်းလဲခေါ်ပါရန်။

**အမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ စွယ်တော်လမ်းနေ ဦးဝင်းနိုင်ထူး-ဒေါ်နိုင်နိုင်တိုးတို့၏သား အထက(၁)၊ ပဉ္စမတန်း(A)မှ မောင်သူရိန်ဖြိုး၏အမည်မှန်မှာ မောင်ထူးထက်ကျော်(ခ) မောင်သူရိန်ဖြိုး ဖြစ်ပါကြောင်း။

**အမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ စွယ်တော်လမ်းနေ ဦးဝင်းနိုင်ထူး-ဒေါ်နိုင်နိုင်တိုး တို့၏သမီး မဇူလိုင်မိုး၏အမည်မှန်မှာ မထူးခတ္တာ(ခ) မဇူလိုင်မိုး ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၁) ဒသမတန်း($B_1$)မှ မောင်မင်္ဂလာဖော်ခွန်း၏ဖခင်အမည်မှန်မှာ ဦးတန်ဂွန်း ဖြစ်ပါသည်။

ကြည်စိုး I.C နည်းပညာ
သူရိန်
(BIZ LAND)
စက်မှုဇုန်သီးသန့်
(ရောင်း၊ဝယ်၊ငှား)ဝန်ဆောင်မှုလုပ်ငန်း
09 252200050, 09 420101723, 09 421090514

လွတ်လပ်ကဗျာခေတ်ဦးက
ကဗျာဆရာ၏ ရုပ်ပုံလွှာနှင့် သူ၏ကဗျာအကြောင်း
တစေ့တစောင်းလေ့လာချက်
ဒိန်နှင့်မတည့်သောကဗျာ
ကိုခါး(ကွမ်းခြံကုန်း)

ဆယ်သန်းသတင်းစာ တာဝန်ခံအယ်ဒီတာ၊
ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ်
နိုင်ငံတော်တန်းမြင့်ကျောင်းကို တည်ထောင်သူ၊
၁၃၀၀ ပြည့်အရေးတော်ပုံအောင်မြင်ရေးအတွက်
တာဝန်ယူဆောင်ရွက်ခဲ့သူ၏ လက်တွေ့ဘဝနှင့်
အောင်မြင်ရေးကိုယ်ရည်ကိုယ်သွေးများ
ထူးတဲ့ကိုး
တက္ကသိုလ်ဆုမြိုင်

ကမ္ဘာသူ ကမ္ဘာသားတို့၌
ဘဝရှိသောကြောင့် ဓမ္မရှိခဲ့ပါပြီ
ဘဝရှိသူတိုင်းအတွက် ဓမ္မရသအတွေးအမြင်များ
အလှပြိုင်ကြမယ်
အရှင်ဩဒါတသီရီဘိဝံသ
အဝေရာရာမရန်ကင်းကျောင်းတိုက်၊ မန္တလေး

ငြိမ်းချမ်းတဲ့အရပ်ဒေသသည်သာလျှင်
ပတိရူပဒေသဖြစ်နိုင်စကောင်းတယ် ပြောချင်ပါတယ်၊
လူငယ်များသို့ မင်္ဂလာပါ
အောင်သင်း

ဖြန့်ချိရေး - ဖွန်ပွင့်စာအုပ်တိုက် ၀၉ ၅၀ ၄၃၁၆၄၊ ၀၉ ၅၀ ၉၈၆၀၆၊ ၀၉ ၇၉၉ ၃၁၁ ၀၉၉

မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ဆေးခေါင်းလိမ်းဆီ

ဂုဏ်မြင့်သူ
ဆံပင်သန်၊ ဆံပင်ပေါက်ဆေး




- ဆံပင်ပျော့ပျောင်း၍ ဖောက်ကင်းရှင်းခြင်း
- ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
- ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916)၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထလ(၂၆၂၃)၊ ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၀၅၈/၁၀၁၄

ဖြန့်ချိရေး
ခိုင်ပွင့်
လူသုံးကုန်ဖြန့်ချိရေး
အမှတ် (၁၂၉)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၈၉၁၅
၀၉ ၇၃၂ ၄၃၆၃၀

## ရောင်းမည်/ငှားမည်

၁။ ၁၀ မိုင် လေဆိပ်လမ်းသွယ်(၁)၊ ပေ(၉၀ × ၆၀) အုတ်တံတိုင်းခတ်ပြီး လမ်းအကျယ်ပေ(၂၀) နေရာသန့်၊ နေရာကောင်း၊ ဘိုးဘွားပိုင် မြေသီးသန့် **သိန်း(၉၀၀၀)**

၂။ ၁၀ မိုင် လေဆိပ်လမ်းသွယ်(၁)၊ ပေ(၁၀၀ × ၁၀၀) အဆောက်အအုံ(၁)လုံးပါ ရေ+မီး အစုံ(ဘိုးဘွားပိုင် 3/B)ရှိ နေရာကောင်း **သိန်း(၁၀၀၀၀)**

၃။ ၁၀မိုင် လေဆိပ်လမ်းသွယ်(၁)၊ ပေ(၉၀ × ၈၀) အုတ်တံတိုင်းခတ်ပြီး တံခါး(၂)ပေါက်ပါ၊ လမ်း(၂)ဖက်ပါ။ **သိန်း(၇၅၀၀)**

၄။ ၁၀မိုင် လေဆိပ်လမ်းသွယ်(၁)၊ ပေ(၄၀ × ၅၀) RC(၂)ထပ် ရေ+မီး **သိန်း(၃၅၀၀)**

၅။ ၁၀မိုင် လေဆိပ်ရိပ်သာလမ်းသွယ်(၂)၊ မြေအကျယ်ပေ(၂၀၀ ×၁၀၀)၊ အိမ်အကျယ်ပေ(၄၀ × ၃၀) RC(၁)ထပ် 3MBR,5A/C 1PH ရေ+မီး အစုံ(ဘိုးဘွား) **1 Sqft (၁သိန်းခွဲ)ညှိနှိုင်း**

၆။ ၁၀ မိုင် လေဆိပ်ရိပ်သာလမ်းမပေါ် ပေ(၁၀၀ × ၁၀၀) အဆောက်အအုံပါ ရေ+မီးအစုံ ထောင့်ကွက်(ဘိုးဘွား) **1Sqft(၄သိန်း)ညှိနှိုင်း**

၇။ ၁၀ မိုင် နဝဒေးလမ်း ပေ(၇၀ × ၁၇၀)ခြံကာပြီး ရေ+မီး မြေသီးသန့် **သိန်း(၁၀၀၀၀)**

၈။ ၁၀ မိုင် ဈေးအနီး ထောင့်ကွက် ပေ(၁၅၀ × ၁၀၀) ရေ+မီး မြေသီးသန့် **သိန်း(၁၅၀၀၀)**

၉။ မင်္ဂလာဒုံမြို့နယ်၊ လေဆိပ်လမ်းမပေါ် ပေ(၁၃၀ × ၁၀၀) အဆောက်အအုံ နှစ်လုံးပါ ပေ(၆၀ × ၈၀) RC နှစ်ထပ်တစ်လုံး၊ ပေ(၂၂ × ၂၂) RC နှစ်ထပ် တစ်လုံး၊ မီတာသုံးလုံး+ရေ+ဖုန်း (အစုံပါ) **သိန်း(၂၀၀၀၀)**

၁၀။ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစု ပေ(၂၀၀ × ၁၈၅) ရေကူးကန် ပေ(၂၅ × ၄၀)မီတာနှစ်လုံး ကြိုးဖုန်းပါ။ သီးပင်စားပင်အစုံပါ။ **သိန်း(၇၀၀၀)**

၁၁။ မရမ်းကုန်း ကျောက်ရေတွင်း ပေ(၁၇၀ × ၂၂၀) ဂိုဒေါင်တစ်လုံးပါ ရေမီးအစုံ (မြေပိုင်မြေ) **သိန်း(၁၈၀၀၀)**

၁၂။ မရမ်းကုန်း ကျောက်ရေတွင်း ပေ(၁၀၀ × ၁၀၀)ခြံကာပြီး မြေသီးသန့် ရေမီးအစုံ နေရာကောင်း **သိန်း(၇၅၀၀)**

၁၃။ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ်အနီး၊ ဥက္ကာလမ်း ပေ(၁၂ ½ × ၄၀)ပျဉ်ထောင်အိမ်အသစ် **သိန်း(၁၈၀)**

၁၄။ မရမ်းကုန်း ကျောက်ရေတွင်း ပေ(၅၀ × ၅၀) ပျဉ်ထောင်နှစ်လုံး မီတာနှစ်လုံး အဝီစိရေ **သိန်း(၈၀၀)**

၁၅။ မရမ်းကုန်း ကျောက်ရေတွင်း ပေ(၂၅ × ၅၀) ပျဉ်ထောင် ရေ+မီး(စလစ်) **သိန်း(၈၀၀)**

၁၆။ မရမ်းကုန်း ကျောက်ရေတွင်း ပေ(၂၈ × ၅၀)မီတာပါ **သိန်း(၄၀၀)**

၁၇။ မရမ်းကုန်း ကျောက်ရေတွင်း ပေ(၁၆ × ၆၀) ပျဉ်ထောင် ရေ+မီး(စလစ်) **သိန်း(၂၅၀)**

၁၈။ မရမ်းကုန်း ကျောက်ရေတွင်း ပေ(၁၆ × ၆၀) ပျဉ်ထောင် မီတာပါ ထောင့်ကွက်(စလစ်) **သိန်း(၃၅၀)**

၁၉။ မရမ်းကုန်း ကျောက်ရေတွင်း ရန်ကြီးအောင်လမ်း ပေ(၃၀ × ၈၀) ပျဉ်ထောင် ရေ+မီး **သိန်း(၁၂၀၀)**

၂၀။ မရမ်းကုန်း ကျောက်ရေတွင်း ရန်ကြီးအောင်လမ်း ပေ(၇၀ × ၈၀) အိမ်(၂)လုံး မီတာ(၃)လုံး အဝီစိ(၃)တွင်း **သိန်း(၄၅၀၀)**

## ငှားမည်

၁။ ၁၀ မိုင် လေဆိပ်လမ်းမပေါ် ပေ(၁၀၀ × ၁၀၀) အဆောက်အအုံပါ ထောင့်ကွက် ရေ+မီးအစုံ နေရာကောင်း **တစ်လ သိန်း(၈၀)**

၂။ ၁၀ မိုင် လေဆိပ်လမ်းသွယ်(၁) ပေ(၁၀၀ × ၁၀၀) အဆောက်အအုံတစ်လုံးပါ ရေ+မီးအစုံ **တစ်လ (၁၅)သိန်း**

၃။ ၁၀ မိုင် လေဆိပ်လမ်းသွယ်(၁) ပေ(၃၁၅ × ၁၀၀)အုတ်တံတိုင်းခတ်ပြီး ရေသီးသန့် **တစ်လ သိန်း(၅၀)**

၄။ ၁၀ မိုင် လေဆိပ်လမ်းသွယ်(၁) ပေ(၅၀ × ၁၀၀) RC နှစ်ထပ်တိုက် 2MBR,2BR,3A/C, **တစ်လ (၁၈)သိန်း**

၅။ ၁၀ မိုင် လေဆိပ်ရိပ်သာလမ်းသွယ် ပေ(၂၀၀ × ၁၀၀) 1RC,3MBR,1PH, ရေ+မီးအစုံ **တစ်လ သိန်း(၅၀)**

၆။ ၁၀ မိုင် လေဆိပ်ရိပ်သာလမ်းသွယ် ပေ(၇၀ × ၇၀) 1RC,2MBR, ကား(၇)စီးဆံ့ **တစ်လ သိန်း(၂၀)**

၇။ မင်္ဂလာဒုံမြို့နယ်၊ လေဆိပ်လမ်းမပေါ် နေရာကောင်း ပေ(၅၀ × ၁၅၀)မြေသီးသန့် **တစ်လ သိန်း(၃၀)**

၈။ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစု ပေ(၁၅၀ × ၁၅၀) ရေ+မီး မြေသီးသန့် **တစ်လ(၁၀)သိန်း**

၉။ မရမ်းကုန်းမြို့နယ် လေဆိပ်လမ်းမပေါ် ပေ(၇၅ × ၁၉၀) ရေ+မီး မြေသီးသန့် **တစ်လ(၇၅)သိန်း**

၁၀။ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ ပေ(၄၀ × ၆၀) 1RC,1MBR, 2BR ကားသုံးစီးဆံ့ **တစ်လ(၃သိန်းခွဲ)**

အိမ်ခြံမြေအတွေ့အကြုံ နှစ်(၄၀)ကျော်ရှိ (ဦးခင်မောင်)၏သား ကိုမင်းအောင်(မင်းအောင် အိမ်ခြံမြေ အကျိုးဆောင်)B.A(Geography) Certificate in Bussiness Law မဏ္ဍိုင်ဥပဒေ အကယ်ဒမီလက်မှတ်ရ မြန်မာနိုင်ငံ အိမ်ခြံမြေအဖွဲ့ဝင်(၀၄၂၉)နေအိမ်နှင့်ရုံး အမှတ် (၄၅/၅၅)-D လေဆိပ်လမ်းသွယ်(၁)၊ ၁၀မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

**Ph:09-421014363, 09-31812317, 09-974751234, 01-655898, 01-655809**

**မှတ်ချက်။ ။မင်းအောင် အိမ်ခြံမြေ**

**(နေ့စဉ်)နံနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီထိ(ပိတ်ရက်မရှိ)ဆက်သွယ်နိုင်ပါသည်။**

# အထူးဝမ်းမြောက်ဂုဏ်ပြုခြင်း

NIBBAN ELECTRIC & ELECTRONICS

NIBBAN®

BM TRADA CERTIFICATION ISO 9001:2008 UKAS MANAGEMENT SYSTEMS 012

Certificate Number : 2654



**ASEAN Outstanding Engineering Achievement Award for Year 2014** တွင်

UMFCCI ဗဟိုအလုပ်အမှုဆောင် ဒေါက်တာအောင်သိန်း၏

**NIBBAN** Electric & Electronics အနေဖြင့်

**Local Design and Manufacture of Appropriate Technology Products Project** ဖြင့်

အာဆီယံ အင်ဂျင်နီယာဆိုင်ရာ ထူးချွန်ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့သည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း

**ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များ အသင်းချုပ်**

- ဥက္ကဋ္ဌဦးဝင်းအောင်နှင့် ဒုဥက္ကဋ္ဌများ
- အထွေထွေ အတွင်းရေးမှူး ဦးမိုးမြင့်ကျော် နှင့်တွဲဖက်အတွင်းရေးမှူးများ
- ဗဟိုအလုပ် အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ



Tah Lee Gold

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

ဤဆိုင်မှ ၁၅ပဲရည်၊ ၁၆ပဲရည် ရွှေထည်ပစ္စည်းများ အရောင်မကျစေရ မဖြူစေရ မနီစေရ လုံးဝလုံးဝအာမခံပါသည်။

ဤဆိုင်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှကြည့်၍ ဈေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးတစ်ပြားမှ မနုတ်ဘဲပြန်ပေးပါမည်။

**စိန်ရွှေရတနာဆိုင်**

ဤဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀% လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မနုတ်ပါ)

"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆း၄၅)အထိ

စိန်ထည် ရွှေထည်များကိုပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။

● အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆



# ပျိုမေတို့တစ်တွေ

အသားအရေဝါဝါဝင်း နုဂိုရည်ထက် စိုပြည်ကာ

သွေးသားသန့်ရှင်းရောဂါကင်းစေဖို့

**ကေမှာမှ**

**နနွင်းလုံးကို အစဉ်သုံးပါ**



တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်

1010YR001475

နနွင်းအုပ်ပါဝင်သောအဝါရောင်ခြယ်ဓာတ်ပစ္စည်းဖြစ်သော (Curcumin)သည်လူတို့၏ ကျန်းမာရေးနှင့်ပတ်သတ်၍ အမျိုးအမျိုးအဖုံဖုံ အကျိုးပြုနေသောကြောင့်(အမျိုးသားများနှင့် ပီးနေသည်များပါ သုံးနိုင်ပါသည်။)

ကေမှာ မြန်မာ့ဆေးထုတ်လုပ်ဖြန့်ချီရေး

ဗိုလ်ချုပ်ဈေး(အပေါ်ထပ်)၊ အမှတ်(၂၀)၊ မြောက်ဘက်တန်း၊ ရန်ကုန်မြို့။

အမှတ်(၁၃၄)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်း၊ ရန်ကုန်မြို့။

ဖုန်း-၅၄၄၉၁၆၆၅၄၃၁၁၃၊ ၅၉၁၂၁၇



# ဦးကျော်ဇေယျ

(၁) နိုင်ငံခြားကုမ္ပဏီများနှင့်ချုပ်ဆိုသော စီးပွားရေးဆိုင်ရာစာချုပ်နမူနာပုံစံများ

(၂) စာချုပ်စာတမ်းဆိုင်ရာဘာသာပြန်နမူနာပုံစံများ

စာအုပ်ဆိုင်တိုင်းမှာမေးဝယ်ပါ။ ဖုန်း ၀၉၇၃၀၄၅၇၀၃၅



ဟိုတယ်လုပ်ငန်းအတွက်

ရခိုင်ကမ်းခြေမြေကွက်ကျယ်အကျိုးတူ (သို့) နှစ်ရှည်ငှားမည်။

ဆက်သွယ်-တွေ့ဆုံ စုံစမ်းညှိနှိုင်း နိုင်ပါသည်။

ဖုန်း - ၀၉-၈၅၂၈၁၉၁ ၊ ၀၉-၄၉၆၆၆၃၀၈


## ရောင်းမည်

- မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်လမ်း၊ ဘိုးဒေါနကုန်းရွာအနီး၊ ဥယျာဉ်ခြံမြေ (၁၂.၆၀) ဧက
- မှော်ဘီမြို့နယ်၊ ထန်းနှစ်ပင်ထားဆုံအနီး၊ ဘန့်ဘွေးကုန်းရွာ၊ လယ်မြေ (၅) ဧက

ဖုန်း – ၀၉ ၄၄၈၀၀၂၅၄၈
၀၉ ၄၄၈၀၁၀၅၁၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂ Z°)၊ မြေကွက်အမှတ်(V Class 221 နှင့် 221 A)၊ မြေကွက်တည်နေရာအမှတ် (၄၆)၊ (၁၅)လမ်း၊ လမ်းမတော်မြို့နယ်၊ အမည်ပေါက် ဒေါ်လှမြိုင်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လှမြိုင်သည် ၂၀-၆-၁၉၉၂ ရက်တွင်လည်းကောင်း၊ ခင်ပွန်း ဦးထွန်းရှိန်(ခ)စစ်ရင်(ခ)လင်စေ့အိန်(ဂ်)သည် ၂၆-၁-၂၀၁၂ ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြသဖြင့် ဦးစစ်မြိုင် [၁၂/လမတ(နိုင်)၀၀၄၀၁၆]၊ ဒေါ်ကျင်လှ [၁၂/စခန(နိုင်)၀၀၃၈၆၇]၊ ဦးဝင်းမြိုင်[၁၂/ကမရနိုင်)၀၀၄၁၅၁]၊ ဒေါ်သန်းသန်းရီ [၁၃/တကန(နိုင်)၀၁၃၁၇၃]တို့က သားသမီးနှင့် ချွေးမတို့တော်စပ်ကြောင်း ကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ လျှောက်ထားသူများ၏ အိမ်ထောင်စုစာရင်းများနှင့် မြေဂရန်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေပုံကူးလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ်(၁၂၇၀/က)၊ မြေကွက်တည်နေရာအမှတ် (၁၂၇၀/က)၊ သလ္လာဝတီ(၄)လမ်း၊ (၁၀)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်မမလေး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မမလေး(မိခင်)နှင့် ဦးညီထွေး(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်လှလှဌေး[၁၂/သကတ(နိုင်)၀၆၂၇၁၅]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၇၃၉/၂၀၁၄) ရရှိသူ ဒေါ်သီတာ [၁၂/ကတတ(နိုင်)၀၂၆၅၂၆]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွန်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/တောင်)၊ မြေကွက်အမှတ် (၆၆၇/က)၊ မြေကွက်တည်နေရာအမှတ်(၆၆၇/က)၊ ဇောတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးမြင့်သိန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်သိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်မြအေး[၁၂/သကတ(နိုင်)၁၃၇၈၅၄] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-(၂၀၂၉၆/၂၀၁၄)ရသူ ဦးအောင်ကြီးမြင့်[၁၂/ကမတ(နိုင်)၀၀၀၀၈၈]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

